# ဓမ္မစကူးလ်ဖောင်ဒေးရှင်း
# ဗုဒ္ဓဘာသာသင်ခန်းစာ

Grade 5



## ပဉ္စမတန်း
## ကျောင်းသားကိုင်

# ဓမ္မစကူးလ်ဖောင်ဒေးရှင်း

# ဗုဒ္ဓဘာသာသင်ခန်းစာ

# ပဉ္စမတန်း

# Grade 5

## ကျောင်းသားကိုင်

ဒုတိယအကြိမ် ပုံနှိပ်ခြင်း

၂၀၁၄ ခုနှစ်၊ ဇွန်လ၊
အုပ်ရေ - ၃၀၀၀၀

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ မူပိုင်ဖြစ်သည်။

ရွှေနိုင်ငံပုံနှိပ်တိုက် (01-400 890, 548 042)တွင် ပုံနှိပ်သည်။

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မာတိကာ


| စဉ် | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဘုရားဖြစ်တော်မူခြင်း | ၁ |
| ၂။ | သာသနာပြုလုပ်ငန်း စတင်တော်မူခြင်း | ၃ |
| ၃။ | ရသေ့ညီနောင် ရှင်တစ်ထောင်ကို ချေချွတ်တော်မူခြင်း | ၆ |
| ၄။ | မြတ်စွာဘုရားနှင့် ဗိမ္ဗိသာရမင်းကြီး တွေ့ဆုံခြင်း | ၁၀ |
| ၅။ | မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း | ၁၃ |
| ၆။ | အသက်နှင့်လဲ၍ သီလစောင့်သူ | ၁၅ |
| ၇။ | အင်္ဂုလိမာလ မထေရ် | ၁၇ |
| ၈။ | မဟာဓမ္မိက ဥပါသကာ | ၂၂ |
| ၉။ | လူကောင်းလူတော်ဖြစ်ရေး မင်္ဂလာ | ၂၅ |
| ၁၀။ | အောင်မြင်ရေး မင်္ဂလာ | ၂၈ |
| ၁၁။ | ဗုဒ္ဓဘာသာနိုင်ငံများ | ၃၂ |
| ၁၂။ | သီလဝတီ မိဖုရား | ၃၄ |
| ၁၃။ | အရှင်သောဏနှင့် အရှင်ဥတ္တရ သာသနာပြု ကြွတော်မူခြင်း | ၃၆ |
| ၁၄။ | ဓမ္မစေတီမင်း | ၃၈ |
| ၁၅။ | ကာလသူဌေးသား | ၄၀ |
| ၁၆။ | ဖခင်မေတ္တာ | ၄၂ |
| ၁၇။ | မတူသည်ကို တုမိသူ | ၄၆ |
| ၁၈။ | ဆရာ့ကျေးဇူး ကန်းသူ | ၄၈ |
| ၁၉။ | ပန်း ကပ်လှူမယ် | ၅၁ |
| ၂၀။ | ဆီမီး ကပ်လှူမယ် | ၅၃ |

| စဉ် | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | ဖိနပ်လှူသည့် သူဌေးကြီး | ၅၅ |
| ၂၂။ | ဩကာသ ကန်တော့ချီးဆိုင်ရာ သိမှတ်ဖွယ်ရာများ (၁) | ၅၈ |
| ၂၃။ | ဩကာသ ကန်တော့ချီးဆိုင်ရာ သိမှတ်ဖွယ်ရာများ (၂) | ၆၀ |
| ၂၄။ | ပေါက်ပင်နှင့် ညောင်ပင် | ၆၄ |
| ၂၅။ | မဟာဓန သူဌေးသား | ၆၆ |
| ၂၆။ | အချိန်ကို စီမံခြင်း | ၆၈ |
| ၂၇။ | လုံ့လ ဝီရိယ ထားကြမယ် | ၇၀ |
| ၂၈။ | လောကကို စောင့်ရှောက်သော တရား | ၇၂ |
| ၂၉။ | သေးတာမက်လို့ ကြီးတာပျောက် | ၇၅ |
| ၃၀။ | ဆုံးဖြတ်ချက် မခိုင်မာသူ | ၇၇ |
| ၃၁။ | ပညာရှိ ခေါင်းဆောင် | ၈၀ |
| ၃၂။ | ဒေါ်ဦးဇွန်း | ၈၃ |
| ၃၃။ | သီလကို ချစ်မြတ်နိုးသော လုလင်ပျို | ၈၆ |
| ၃၄။ | ပေးအပ်သော တာဝန် | ၈၈ |
| ၃၅။ | အကြံကောင်းက အများချမ်းသာ | ၉၁ |
| ၃၆။ | အရာရာကို ချင့်ချိန်ပါ | ၉၃ |
| ၃၇။ | မကောင်းမှုဒဏ် ကိုယ့်ထံပြန် | ၉၅ |
| ၃၈။ | စဉ်းလဲသော ဖျိုင်း | ၉၈ |
| ၃၉။ | အဘိဓမ္မာ အခါတော်နေ့ | ၁၀၀ |
| ၄၀။ | ကထိန်ပွဲ | ၁၀၄ |

# သင်ခန်းစာ (၁)
# ဘုရားဖြစ်တော်မူခြင်း

ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး လောကတ္ထစရိယာ (သတ္တဝါများ ချမ်းသာရေးကျင့်စဉ်)၊ ဉာတတ္ထစရိယာ (မိမိ၏ ဆွေမျိုး၊ မိမိ၏ အမျိုးအနွယ် ချမ်းသာရေးကျင့်စဉ်)နှင့် ဗုဒ္ဓတ္ထစရိယာ (သတ္တဝါများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်သော ဘုရားဖြစ်ရေးကျင့်စဉ်)ဟူသော ရည်မှန်းချက်ကြီး သုံးရပ်ကို ဦးထိပ်ပန်ဆင်၍ ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီး ငါးပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့သည်။

ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌ ဘုရားအလောင်းတော်ကို မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား လုမ္ဗိနီအင်ကြင်းဥယျာဉ်၌ ဖွားမြင်တော်မူခဲ့သည်။ အသက် ၁၆ နှစ်အရွယ် ရောက်သောအခါ ယသောဓရာမင်းသမီးနှင့် ထိမ်းမြားလက်ထပ်ခဲ့ပြီး ကပိလဝတ်ထီးနန်းကို ၁၃ နှစ်တိုင်တိုင် စိုးစံတော်မူခဲ့သည်။ အသက် ၂၉ နှစ် အရွယ်ရောက်သောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို မြင်တွေ့တော်မူပြီး သံဝေဂရကာ တောထွက်တော်မူခဲ့သည်။



တောထွက်တော်မူပြီးနောက် ဘုရားအလောင်းတော်သည် အာဠာရနှင့် ဥဒကဆရာကြီးနှစ်ဦးထံ ချဉ်းကပ်၍ ကျင့်ကြံအားထုတ်ခဲ့ရာ လောကီစျာန်တရားများ ရရှိခဲ့သည်။ သို့သော် ထိုလောကီစျာန်တရားမျှဖြင့် ကျေနပ်မနေဘဲ ဘုရားဖြစ်ရေးအကျင့်ကို ကျင့်ရန် ဆက်လက်ထွက်ခွာလာခဲ့ပြီးနောက် ဒုက္ကရစရိယာအကျင့် (လူသာမန်တို့ ကျင့်နိုင်ခဲသည့် ခက်ခဲပင်ပန်းသော အကျင့်)ကို ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူခဲ့၏။ ထိုအကျင့်သည်လည်း ပင်ပန်းရုံသာဖြစ်ပြီး ဘုရားဖြစ်စေနိုင်သော အကျင့်မှန် မဟုတ်ကြောင်း သိရှိတော်မူခဲ့သည်။ နောက်ဆုံးတွင် မဇ္ဈိမပဋိပဒါအကျင့်မြတ် (အလယ်အလတ်လမ်းစဉ်)ကို ရှာဖွေတွေ့ရှိခဲ့ပြီး ကျင့်တော်မူခဲ့ရာ မဟာသက္ကရာဇ် ၁၀၃–ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် သတ္တဝါအားလုံးတို့၏ ကိုးကွယ်အားထားရာ မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။



# သင်ခန်းစာ (၂)
# သာသနာပြုလုပ်ငန်း စတင်တော်မူခြင်း



ဘုရားဖြစ်တော်မူပြီး ၄၉ ရက် ကြာသောအခါ ဘုရားရှင်သည် တရားဦးဒေသနာတော်ကို ဟောတော်မူရန် ဆုံးဖြတ်တော်မူသည်။ ထိုအခါ တရားကို လျင်မြန်စွာ သိနိုင်မည့် အာဠာရနှင့်ဥဒက ဆရာဟောင်းကြီးနှစ်ဦးကို ရှေးဦးစွာ သတိရတော်မူသည်။ သို့သော် ဆရာကြီး အာဠာရသည် လွန်ခဲ့သော ခုနစ်ရက်က၊ ဆရာကြီးဥဒကသည် လွန်ခဲ့သောညက ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်းကို ဉာဏ်တော်ဖြင့် သိတော်မူသည်။ ထို့ကြောင့် ဒုက္ကရစရိယာကျင့်စဉ်အခါက မိမိအား လုပ်ကျွေးပြုစုခဲ့ကြသည့် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိဟူသော ပဉ္စဝဂ္ဂီငါးဦးကို တရားဦး ဟောတော်မူရန် မိဂဒါဝုန်တောသို့ ကြွတော်မူ၏။

မိဂဒါဝုန်တောတွင် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်ကို ဟောတော်မူသည်။ အနတ္တလက္ခဏသုတ်တော်ကို ဟောတော်မူအပြီးတွင် ပဉ္စဝဂ္ဂီငါးဦးလုံး ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ ထို့နောက် ယသသူဌေးသားနှင့် သူငယ်ချင်း ၅၄ ယောက်တို့အား တရားဟော ချေချွတ်တော်မူသည်။ ဝါကျွတ်သောအခါ ရဟန္တာ အပါး ၆၀ ကို “ရဟန်းတို့ . . . အရပ်ဒေသအသီးသီးသို့



လှည့်လည်၍ အစ အလယ် အဆုံး သုံးပါးလုံး ကောင်းမြတ်သည့် အနက်အဓိပ္ပာယ်ပြည့်စုံသော တရားတော်များကို ဟောကြချေ၊ တစ်ကြောင်းတည်းသော ခရီးကို နှစ်ပါးမသွားကြနှင့်”စသည်ဖြင့် မိန့်ကြားကာ အနယ်နယ်အရပ်ရပ်သို့ သာသနာပြု စေလွှတ်တော်မူခဲ့၏။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်လည်း ရသေ့ညီနောင်သုံးပါးနှင့် နောက်ပါ တပည့်ရသေ့တစ်ထောင်တို့ကို ချေချွတ်တော်မူရန် ဥရုဝေလတောသို့ ကြွတော်မူသည်။

မြတ်စွာဘုရားရှင်သည် လမ်းခရီးအကြား၌ ကပ္ပါသိကတောအုပ်ရှိ သစ်ပင်ရင်းတွင် ခေတ္တခဏ သီတင်းသုံးနားနေတော်မူသည်။ ထိုအခါ ဘဒ္ဒဝဂ္ဂီမင်းသားညီနောင် ၃၀ တို့သည် ဇနီးမယားကိုယ်စီဖြင့် တောအုပ်ထဲတွင် ပျော်မြူးနေကြ၏။ သူတို့ထဲတွင် မင်းသားတစ်ယောက်သည် ဇနီးမယား မရှိသောကြောင့် ပြည့်တန်ဆာမတစ်ယောက်ကို ငွေပေး၍ ခေါ်လာခဲ့သည်။ မင်းသားတို့သည် အစားကောင်းအသောက်ကောင်းများနှင့် အရက်တို့ကို အလွန်အကျွံ သောက်စားကာ မူးယစ်ပြီး အိပ်ပျော်နေစဉ် ပြည့်တန်ဆာမသည် ရွှေငွေပစ္စည်းများကို ခိုးယူ၍ ထွက်ပြေးသွားလေသည်။



မင်းသားတို့သည် ပြည့်တန်ဆာမ ထွက်ပြေးသွားကြောင်း သိသောအခါ တောအုပ်အနှံ့ လိုက်လံရှာဖွေကြ၏။ ဤသို့ ရှာဖွေရင်း မင်းသားတို့သည် မြတ်စွာဘုရားရှင် သီတင်းသုံးနေတော်မူသော သစ်ပင်အနီးသို့ ရောက်လာခဲ့ကြပြီး "မိန်းမတစ်ယောက်ကို တွေ့လိုက်ပါသလား"ဟု ဘုရားရှင်အား မေးမြန်းလျှောက်ထားကြသည်။ ထိုအခါ မြတ်စွာဘုရားရှင်က "မင်းသားတို့ . . . မိန်းမပျောက်ကို ရှာခြင်းနှင့် မိမိကိုယ်ကို ရှာခြင်း၊ ဒီနှစ်မျိုးမှာ ဘယ်ရှာခြင်းက မြတ်တယ်လို့ ထင်သလဲ"ဟု မေးတော်မူလိုက်ရာ "မြတ်စွာဘုရား . . . မိမိကိုယ်ကို ရှာခြင်းကသာ မြတ်ပါတယ် ဘုရား"ဟု ပြန်လည်လျှောက်ထားကြသည်။ ထို့နောက် မြတ်စွာဘုရားရှင်သည် တရားတော်ကို ဆက်လက်ဟောတော်မူရာ ညီနောင် ၃၀ တို့သည် အရိယာအဖြစ်သို့ ရောက်ရှိသွားကြပြီး မြတ်စွာဘုရားထံတော်၌ ရဟန်းအဖြစ်ကို ခံယူခဲ့ကြလေ၏။

## သင်ခန်းစာ (၃)
## ရသေ့ညီနောင် ရှင်တစ်ထောင်ကို ချေချွတ်တော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဘဒ္ဒဝဂ္ဂီညီနောင် ၃၀ တို့ကို ချေချွတ်တော်မူပြီးနောက် ဥရုဝေလတောသို့ ဆက်လက်ကြွတော်မူသည်။ ထိုအချိန်၌ ဥရုဝေလတောတွင် နာမည်ကြီး ရသေ့ညီနောင်များ ဖြစ်ကြသော ဥရုဝေလကဿပ၊ နဒီကဿပနှင့် ဂယာကဿပတို့ နေထိုင်ကြသည်။ ဥရုဝေလကဿပ ရသေ့ကြီးတွင် တပည့်ရသေ့ ၅၀၀၊ နဒီကဿပရသေ့ကြီးတွင် တပည့်ရသေ့ ၃၀၀ နှင့် အငယ်ဆုံး ဂယာကဿပ ရသေ့ကြီးတွင် တပည့်ရသေ့ ၂၀၀ အသီးသီး ရှိကြ၏။ ထိုရသေ့တို့သည် ဥရုဝေလဒေသတစ်ဝိုက်တွင် လူအများ၏ လျှုဒါန်းပူဇော်မှုကို အများဆုံး ရရှိသော ရသေ့များဖြစ်ကြသည်။

မြတ်စွာဘုရားရှင်သည် ဥရုဝေလကဿပရသေ့ကြီး၏ ကျောင်းသခ်မ်းရှိ မီးတင်းကုပ် (မီးပူဇော်ရာတဲ)၌ တည်းခိုခွင့်ပေးရန် ရသေ့ကြီးထံတွင် ခွင့်တောင်းတော်မူသည်။ ရသေ့ကြီးက "မီးတင်းကုပ်ထဲမှာ အလွန်ကြမ်းတမ်း ခက်ထန်တဲ့ နဂါးကြီး ရှိတယ်၊ အဲဒီနဂါးကြီးက သင့်ကို ရန်ပြုလိမ့်မယ်"ဟု ပြော၏။ သို့သော် မြတ်စွာဘုရားရှင်က "ထိုနဂါးကြီးသည် ငါ့အား မည္သည်းပန်း မနှိပ်စက်နိုင်ပါ၊ ငါ့အား မီးတင်းကုပ်၌ နေထိုင်ရန်သာ ခွင့်ပြုပါ"ဟု ခွင့်တောင်းလေသည်။ ရသေ့ကြီးကလည်း တည်းခိုခွင့်ပေးလိုက်သည်။ မြတ်စွာဘုရားရှင်သည် တဲကုပ်လေးထဲသို့ ဝင်၍ မြက်ဖျာကလေး ခင်းကာ နေတော်မူ၏။



ထိုအချိန်တွင် အလွန်ကြောက်မက်ဖွယ်ကောင်းသော နဂါးကြီးသည် စိတ်ဆိုးမာန်ဆိုးဖြင့် အခိုးများ လွှတ်ကာ မြတ်စွာဘုရားကို စတင်တိုက်ခိုက်သည်။ မြတ်စွာဘုရားရှင်လည်း နဂါးကြီးကို ထိခိုက်နာကျင်မှု မရှိစေဘဲ နဂါးကြီး၏ အခိုးထက် ပြင်းထန်သော အခိုးများ ပြန်လွှတ်တော်မူသည်။ နဂါးကြီးလည်း အလွန်စိတ်ဆိုးပြီး မီးတောက်မီးလျှံများဖြင့် တိုက်ခိုက်ပြန်သည်။ မြတ်စွာဘုရားရှင်ကလည်း နဂါးကြီး၏ မီးတောက်မီးလျှံများထက် ပို၍ ပြင်းထန်သော မီးတောက်မီးလျှံများကို လွှတ်ပြန်၏။ မြတ်စွာဘုရားနှင့် နဂါးကြီးတို့၏ မီးတောက်မီးလျှံများကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ လင်းထိန်နေလေသည်။ ထိုအချိန်တွင် ရသေ့ကြီးနှင့် တပည့်တို့သည် မြတ်စွာဘုရား တည်းခိုရာ တဲကုပ်လေးကို ကြည့်ပြီး "အလွန်ချောမောလှပတဲ့ ရဟန်းကြီးကို နဂါးကြီးက ညှဉ်းပန်းနှိပ်စက်ပစ်လိုက်ပြီ" ဟု ပြောဆိုနေကြသည်။

နံနက်မိုးလင်းသောအခါ ဥရုဝေလကဿပရသေ့ကြီးနှင့် တပည့်ရသေ့တို့သည် မြတ်စွာဘုရားရှင် တည်းခိုရာ တဲကုပ်လေးကို လာကြည့်ကြသည်။ မြတ်စွာဘုရားရှင်သည် အကောင်းပကတိ ရှိပြီး သပိတ်၌ ထည့်ထားသော နဂါးကြီးကို မြင်တွေ့ကြရလေရာ မြတ်စွာဘုရားရှင်က နဂါးကြီးကို အနိုင်ရလိုက်ကြောင်း၊ နဂါးကြီးလည်း ထိခိုက်နာကျင်မှု မရှိကြောင်း သဘောပေါက်သွားကြ၏။ ရသေ့ကြီးသည် မြတ်စွာဘုရား ရှင်ကို အလွန်အထင်ကြီးသွားလေသည်။ သို့သော် ရသေ့ကြီးသည် "သြော် . . . ရဟန်းကြီးဟာ တန်ခိုး တော့ အတော်ထက်သားပဲ၊ ဒါပေမဲ့ ငါ့လိုတော့ မြင့်မြတ်တဲ့ ရဟန္တာ မဟုတ်သေးဘူး"ဟု တွေးနေသည်။



နောက်တစ်နေ့ည ရောက်သောအခါ စတုမဟာရာဇ်နတ်မင်းကြီးတို့သည် ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် ထွန်းလင်းတောက်ပလျက် မြတ်စွာဘုရားထံ လာရောက်တရားနာကြသည်။ နောက်တစ်ညတွင် သိကြားမင်းသည် ကိုယ်ရောင်ကိုယ်ဝါများ ထွန်းလင်းတောက်ပစွာဖြင့် လာရောက်ဖူးမြော်သည်။ နောက်တစ်နေ့ညတွင် သဟမ္ပတိဗြဟ္မာမင်းသည် တောအုပ်ကြီးတစ်ခုလုံးကို ထွန်းလင်းတောက်ပစေလျက် လာရောက်ဖူးမြော်ပြန်သည်။ သို့သော် ရသေ့ကြီးသည် မြတ်စွာဘုရား၏ ဘုန်းတန်ခိုးကြီးမားပုံကို မျက်မြင်ကိုယ်တွေ့ဖြစ်သော်လည်း သူကဲ့သို့ မြင့်မြတ်သော ရဟန္တာ မဟုတ်ဟုသာ ထင်မြင်ယူဆနေဆဲဖြစ်၏။ မြတ်စွာဘုရားရှင်ကလည်း ရသေ့ကြီးသည် နောင်သောအခါ သာသနာတော်၌ အလွန်အားကိုးရမည့် ပုဂ္ဂိုလ်မြတ် ဖြစ်လာမည်ကို ကြိုတင်သိထားသောကြောင့် ရသေ့ကြီး၏ မာန်မာနကျမည့်အချိန်ကို စိတ်ရှည်စွာ စောင့်ဆိုင်းတော်မူသည်။

ဥရုဝေလတောအုပ်အနီးရှိ တိုင်းကြီးနှစ်တိုင်းမှ လူများသည် လစဉ် ကျင်းပမြဲဖြစ်သော ရသေ့ကြီးအား ပူဇော်လှူဒါန်းသည့် အလှူပွဲကြီးကို ကျင်းပနေကြသည်။ သို့ဖြစ်၍ ရသေ့ကြီးတို့ကျောင်း၌ လူများစည်ကားနေသည်။ ထိုအချိန်တွင် ရသေ့ကြီးက “ရဟန်းကြီးဟာ တန်ခိုးကြီးတယ်၊ ငါ့ဒကာတွေကို တန်ခိုးပြလိုက်ရင် ငါ့ဒကာတွေဟာ ရဟန်းကြီးကို ကြည်ညိုသွားကြလိမ့်မယ်၊ ဒီတော့ မနက်ဖြန် ရဟန်းကြီး ဆွမ်းလာမစားရင် ကောင်းမှာပဲ”ဟု တွေးနေမိသည်။

မြတ်စွာဘုရားရှင်သည် ရသေ့ကြီး၏ အတွေးကို သိတော်မူသည်။ ထို့ကြောင့် နောက်တစ်ရက် အလှူပွဲတွင် ရသေ့တို့ထံ ဆွမ်းစားမကြွဘဲ အခြားနေရာသို့ ကြွတော်မူသည်။ နောက်တစ်ရက် ဆွမ်းစားချိန်၌ တွေ့ကြသောအခါ “ရဟန်းကြီး . . . မနေ့က ဘာဖြစ်လို့ ဆွမ်းလာမစားတာလဲ၊ ကျွန်ုပ်တို့ ရဟန်းကြီးကို မျှော်နေကြတာ”ဟု ရသေ့ကြီးက ဟန်ဆောင်ပြောရာ မြတ်စွာဘုရားရှင်က “ရသေ့ကြီး . . . သင် တွေးနေတာကို ငါဘုရား သိတယ်၊ မနေ့က ဆွမ်းလာမစားရင် ကောင်းမှာပဲလို့ တွေးနေခဲ့တယ် မဟုတ်လား၊ ဒါ့ကြောင့် ငါဘုရား အခြားနေရာကို ကြွပြီး ဆွမ်းဘုဉ်းပေးလိုက်တယ်”ဟု မိန့်တော်မူလိုက်၏။ ဤအကြိမ်၌လည်း ရသေ့ကြီးက “ရဟန်းကြီးသည် ငါ၏ စိတ်အကြံကို သိသော်လည်း ငါကဲ့သို့ မြင့်မြတ်သော ရဟန္တာ မဟုတ်သေးဘူး”ဟု ထင်နေဆဲ ဖြစ်သည်။

နောက်တစ်ရက်တွင် သိကြားမင်းသည် မြတ်စွာဘုရားရှင်အတွက် ရေကန်၊ သက်န်း လှန်းစရာစသည်တို့ကို ဖန်ဆင်းပေးသည်။ ရသေ့ကြီးသည် ရေကန်စသည်တို့ကို တွေ့မြင်ရသောအခါ “ဒါတွေကို ဘယ်သူလုပ်ပေးထားတာလဲ”ဟုမေး၏။ မြတ်စွာဘုရားရှင်က “သိကြားမင်းလာပြီး ဖန်ဆင်းပေးသွားတာ”ဟု မိန့်တော်မူလိုက်သောအခါ “သြော် . . . သိကြားမင်းကတောင်မှ ရဟန်းကြီးကို လာဖန်ဆင်းပေးသွားတယ်၊ ရဟန်းကြီးဟာ တော်တော်တန်ခိုးကြီးတာပဲ၊ ဒါပေမဲ့ ငါ့လိုမြင့်မြတ်တဲ့ ရဟန္တာတော့



မဟုတ်သေးဘူး”ဟု တွေးနေမိပြန်သည်။ မြတ်စွာဘုရားရှင်နှင့် စကားပြောပြီးသောအခါ “ရဟန်းကြီး . . . ဆွမ်းစားချိန် ရောက်ပြီ၊ ဆွမ်း သွားစားရအောင်”ဟု ပြောသည်။ မြတ်စွာဘုရားရှင်သည် “ရသေ့ကြီး . . . ရှေ့က သွားနှင့်ပါ၊ ငါဘုရား နောက်က လိုက်ခဲ့မယ်”ဟု မိန့်တော်မူပြီး တန်ခိုးဖြင့် ကြွသွားတော်မူရာ ရသေ့ကြီး၏ကျောင်းသို့ အရင်ရောက်နေတော်မူ၏။ မြတ်စွာဘုရားရှင်က မည်သို့ပင် တန်ခိုးအမျိုးမျိုး ပြသော်လည်း သူကဲ့သို့ ရဟန္တာတော့ မဟုတ်သေးဘူးဟု ရသေ့ကြီးက ထင်နေဆဲဖြစ်သည်။

နောက်ဆုံး၌ မြတ်စွာဘုရားရှင်သည် “ရသေ့ကြီး . . . သင်ဟာ သင့်ကိုယ်သင် မြင့်မြတ်တဲ့ ရဟန္တာလို့ ထင်နေခဲ့တယ်၊ တကယ်တော့ သင်ဟာ မြင့်မြတ်တဲ့ ရဟန္တာလည်း မဟုတ်သလို မြင့်မြတ်တဲ့ အကျင့်မှန်လည်း သင့်မှာ လုံးဝမရှိဘူး”ဟု ပွင့်ပွင့်လင်းလင်း မိန့်တော်မူလိုက်သည်။

ထိုအခါမှ ရသေ့ကြီးသည် ထိတ်လန့်ပြီး သူ့အား တပည့်အဖြစ် သတ်မှတ်၍ ရဟန်းပြုပေးပါရန် တောင်းပန်ခဲ့သည်။ ထို့အပြင် ရသေ့ကြီး၏ တပည့် ၅၀၀ တို့သည်လည်း ရသေ့ကြီးနည်းတူ တောင်းပန်ကြ၏။ ထို့နောက် နဒီကဿပရသေ့နှင့် တပည့်ရသေ့ ၃၀၀၊ ဂယာကဿပရသေ့နှင့် တပည့်ရသေ့ ၂၀၀ တို့လည်း ရဟန်းပြုခွင့်တောင်းကြပြီး မြတ်စွာဘုရားရှင်၏ တပည့်သာဝကများ ဖြစ်လာကြသည်။

## သင်ခန်းစာ (၄)
## မြတ်စွာဘုရားရှင်နှင့် ဗိမ္ဗိသာရမင်းကြီး တွေ့ဆုံခြင်း

ဘုရားအလောင်းတော်သည် တောထွက်တော်မူလာစဉ် ဗိမ္ဗိသာရမင်းကြီးနှင့်တွေ့ရာ ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် ရာဇဂြိုဟ်ပြည်သို့ ရှေးဦးစွာ ကြွရောက်တော်မူပါရန် မင်းကြီးက တောင်းပန်လျှောက်ထားခဲ့သည်။

သို့ဖြစ်၍ ဘုရားရှင်သည် ဘုရားဖြစ်တော်မူသောအခါ ရဟန္တာ ၁၀၀၀ ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ကြွလာတော်မူပြီး ရာဇဂြိုဟ်မြို့အနီး ထန်းတောကြီးရှိ ပဉ္စောင်ပင်ရင်း၌ သီတင်းသုံး နေထိုင်တော်မူသည်။ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရား ကြွတော်မူလာကြောင်း ကြားသိသောအခါ ပုဏ္ဏားသူဌေး တစ်သိန်းနှစ်သောင်း ခြံရံလျက် မြတ်စွာဘုရားထံသို့ လာရောက်ဖူးမြော်လေ၏။ ဘုရားရှင်ထံမှောက် ရောက်သောအခါ မြတ်စွာဘုရားရှင်ကို ရိုသေစွာ ရှိခိုး၍ အပြစ်ခြောက်ပါး လွတ်ရာအရပ်၌ ထိုင်နေလေသည်။

ပုဏ္ဏားသူဌေးတို့သည် မြတ်စွာဘုရားရှင်၏ အနီး၌ ဥရုဝေလကဿပရသေ့ကြီးကို တွေ့ကြရာ "ဥရုဝေလကဿပရသေ့ကြီးက မြတ်စွာဘုရားထံ တပည့်ခံလိုက်တာလား၊ မြတ်စွာဘုရားက ဥရုဝေလကဿပရသေ့ကြီးထံ တပည့်ခံလိုက်တာလား"ဟု သံသယ ဖြစ်နေကြ၏။ သူဌေးတို့၏ စိတ်အကြံကို သိတော်မူသော မြတ်စွာဘုရားရှင်က "ချစ်သားကဿပ . . . အရင်က ကျင့်ခဲ့တဲ့ မီးပူဇော်ခြင်းစသည့်



အကျင့်များကို ကျင့်သေးသလား”ဟု ဥရုဝေလကဿပရသေ့ကြီးအား မေးတော်မူသည်။ ထိုအခါ ရသေ့ကြီးက “မီးပူဇော်ခြင်း အကျင့်များကို မကျင့်တော့ပါ၊ အရှင်ဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို သိမြင်ပြီးပါပြီဘုရား”ဟု ပြန်လည်လျှောက်ထား၏။ ထို့နောက် မြတ်စွာဘုရားရှင်၏ ခြေဖမိုးပေါ်တွင် ဦးခေါင်းကို တင်၍ “တပည့်တော်က အရှင်ဘုရားရဲ့ တပည့်ဖြစ်ပါတယ်ဘုရား”ဟု လျှောက်ထား၏။ ထိုအခါ သူဌေးအပေါင်းတို့လည်း သံသယ ရှင်းသွားကြတော့သည်။

ထို့နောက် မြတ်စွာဘုရားရှင်က ဗိမ္ဗိသာရမင်းကြီးနှင့် ပုဏ္ဏားသူဌေး တစ်သိန်း နှစ်သောင်းတို့ကို တရားဟောကြားတော်မူသည်။ တရားအဆုံး၌ ဗိမ္ဗိသာရမင်းကြီးနှင့် ပုဏ္ဏားသူဌေး တစ်သိန်းတစ်သောင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြ၏။ ကျန်ပုဏ္ဏားသူဌေး တစ်သောင်းတို့လည်း သရဏဂုံတည် ဥပါသကာများ ဖြစ်ခဲ့ကြလေသည်။

ဗိမ္ဗိသာရမင်းကြီးသည် ရှင်ဘုရင်မဖြစ်မီ မင်းသားဘဝတွင်ပင် တောင့်တချက်ငါးပါး ရှိခဲ့သည်။ ထိုငါးပါးတို့မှာ (၁) မဂဓတိုင်း၏ ရှင်ဘုရင်ဖြစ်လိုခြင်း၊ (၂) မိမိတိုင်းပြည်သို့ မြတ်စွာဘုရား ကြွလာတော်မူရန် အလိုရှိခြင်း၊ (၃) မြတ်စွာဘုရားအား ရိုသေစွာ ပူဇော်ဆည်းကပ်လိုခြင်း၊ (၄) မြတ်စွာဘုရားထံမှ နိဗ္ဗာန် ရောက်ကြောင်း တရားတော်များကို နာကြားလိုခြင်းနှင့် (၅) တရားတော်ကိုလည်း ပိုင်းခြားထင်ထင် သိမြင်လိုခြင်းတို့ ဖြစ်သည်။ ယခုအခါ ထိုအချက် ငါးပါးလုံး ပြည့်စုံခဲ့ပြီ ဖြစ်၏။


ထို့နောက် ဗိမ္ဗိသာရမင်းကြီးသည် ယနေ့မှစ၍ အသက်ရှည်သမျှ ကာလပတ်လုံး ဥပါသကာအဖြစ် မှတ်ယူတော်မူပါဟု လျှောက်ထားလေသည်။ ထို့နောက် မင်းကြီးသည် မြတ်စွာဘုရားနှင့်



ရဟန်းသံဃာတော်တို့ကို ဆွမ်းအလှူခံရန် ပင့်ဖိတ်ခဲ့သည်။ မြတ်စွာဘုရားသည် မင်းကြီး၏ ပင့်ဖိတ်ခြင်းကို လက်ခံတော်မူ၏။ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် နန်းတော်သို့ ပြန်သွားလေသည်။

ဗိမ္ဗိသာရမင်းကြီး၏ ဆွမ်းအလှူတော်ပွဲသို့ ကြွရောက်တော်မူမည့် မြတ်စွာဘုရားကို လူပရိသတ်များစွာတို့က ထန်းတောဥယျာဉ်သို့ လာရောက်ဖူးမြော်ကြသည်။ လူပရိသတ် များလွန်းလှသဖြင့် ရဟန်းတော်တစ်ပါး လမ်းလျှောက် ကြွနိုင်ရုံလောက်ပင် နေရာမရှိ ဖြစ်နေသည်။ သို့ဖြစ်၍ မြတ်စွာဘုရားရှင်နှင့် သံဃာတော်များ ရာဇဂြိုဟ်မြို့တွင်းသို့ ကြွနိုင်ရန် သိကြားမင်းက လုလင်ပျိုအသွင်ဖန်ဆင်းကာ လမ်းရှင်းပေးရသည်။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားရှင်ကို ကြည်ညိုလှသဖြင့် ထိုဆွမ်းအလှူပွဲတွင် ဝေဠုဝန်ဥယျာဉ်တော်ကို မြတ်စွာဘုရားနှင့် သံဃာတော်တို့အား ရေစက်သွန်းချ လှူဒါန်းခဲ့၏။ မြတ်စွာဘုရားရှင်သည် ထိုဝေဠုဝန်ဥယျာဉ် ကျောင်းတိုက်တော်၌ နှစ်ပေါင်းများစွာ ဝါဆိုဝါကပ်တော်မူခဲ့ပြီး တရားဒေသနာတော်များစွာကိုလည်း ဟောကြားတော်မူခဲ့သည်။



## သင်ခန်းစာ (၅)
## မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း



မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးချိန်မှစ၍ ကျွတ်ထိုက်သော သတ္တဝါများကို မနေမနား တရားဓမ္မများ ဟောကြားလျက် သာသနာပြုတော်မူသည်။ ဘုရင်မင်းမြတ်နှင့် သူဌေးသူကြွယ်တို့အား တရားဓမ္မများ ဟောကြားညွှန်ပြခဲ့သကဲ့သို့ ဆင်းရဲသားတို့ကိုလည်း ဟောပြကယ်တင်တော်မူခဲ့၏။ မြတ်စွာဘုရားရှင်သည် မိမိ၏ သာသနာပြုလုပ်ငန်းများ ပိုမိုထွန်းကား ပြန့်ပွားစေရန်နှင့် မိမိမရှိသည့် နောက်တွင်လည်း မိမိဟောကြားခဲ့သော ဒေသနာများကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်ဟူသော ရည်ရွယ်ချက်တို့ဖြင့် သံဃာ့အဖွဲ့အစည်းကြီးကိုလည်း စည်းကမ်းဥပဒေများ စနစ်တကျ သတ်မှတ်ပြဋ္ဌာန်း၍ ဖွဲ့စည်းတည်ထောင်တော်မူခဲ့သည်။

မြတ်စွာဘုရားရှင်သည် သာသနာပြုကာလ ၄၅ နှစ်မြောက်၊ သက်တော် ၈၀ အရွယ်သို့ ရောက်သောအခါ နောက်ပါရဟန်းများနှင့်အတူ ကုသိနာရုံပြည်သို့ ကြွတော်မူသည်။ လမ်းခရီးတွင် ပါဝါပြည်၌ နားတော်မူရာ စုန္ဒပန်းထိမ်သည်က မြတ်စွာဘုရားအား တောဝက်ပျိုသားနှင့် ဆွမ်းဆက်ကပ်လှူဒါန်း၏။ သက်တော်ကြီးရင့်တော်မူသော မြတ်စွာဘုရားသည် ဝမ်းရောဂါဖြစ်၍ သွေးဝမ်းသွန်တော်မူသည်။ ထိုရောဂါကို သည်းခံတော်မူလျက် ခရီးဆက်ရာ လမ်းခရီးတစ်လျှောက် ပင်ပန်းတော်မူသည့်အတွက် အကြိမ်များစွာ အနားယူတော်မူရသည်။


လမ်းခရီးတစ်နေရာတွင် ရေဆာတော်မူသဖြင့် အရှင်အာနန္ဒာကို ရေခပ်ခိုင်းတော်မူသည်။ ထိုအခါ အရှင်အာနန္ဒာက ချောင်းကို လှည်းအစီး ၅၀၀ ဖြတ်သန်းသွားပြီးစအချိန် ဖြစ်နေ၍ ရေများ နောက်ကျို

နေကြောင်း၊ ကကုဓာမြစ်သည် သိပ်မဝေးတော့ကြောင်း၊ ထိုမြစ်သို့ ရောက်သောအခါမှသာလျှင် ဘုဉ်းပေးတော်မူပါရန် လျှောက်ထားလိုက်၏။ သို့သော် မြတ်စွာဘုရားရှင်က သုံးကြိမ်တိုင်တိုင် ရေခပ်ခိုင်းတော်မူသောအခါ အရှင်အာနန္ဒာသည် သပိတ်တော်နှင့် ရေသွားခပ်သည်။ ထိုသို့ ရေခပ်လိုက်သည်နှင့်တစ်ပြိုင်နက် နောက်ကျိနေသော ရေသည် သန့်ရှင်းကြည်လင်သွား၏။ ထိုရေကို ဘုဉ်းပေးတော်မူပြီးနောက် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ဆက်လက်၍ ကြွတော်မူသည်။

အင်ကြင်းဥယျာဉ်သို့ ရောက်သောအခါ မြတ်စွာဘုရားရှင်သည် အင်ကြင်းပင်အစုံတို့၏ အကြား၌ မြောက်အရပ်သို့ ဦးခေါင်းပြုကာ ညောင်စောင်းပေါ်တွင် လျောင်းတော်မူနေသည်။ ထိုအခါ အင်ကြင်းပင်အစုံတို့သည် ဘုရားရှင်ကို ပူဇော်သည့်အနေဖြင့် အချိန်အခါမဟုတ်ဘဲ ပင်လုံးကျွတ် ပွင့်ကြ၏။ ထို့နောက် နတ်ဗြဟ္မာများ စုရုံးရောက်ရှိလာကြပြီး နတ်ပန်းများ၊ နတ်တူရိယာများဖြင့် တီးခတ်ပူဇော်ကြ၏။ နတ်ဗြဟ္မာများ ပူဇော်အပြီးတွင် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသော ရဟန်းသံဃာတော်များ၊ လူဒါယကာ၊ ဒါယိကာမများသည် နောက်ဆုံးအနေဖြင့် ရှိခိုးပူဇော်ကြသည်။ ထို့နောက် နောက်ဆုံးချေချွတ်မည့် သုဘဒ္ဒပရိဗိုဇ်ကို ချေချွတ်တော်မူပြီး သတိတရား အမြဲလက်ကိုင်ထား၍ နေကြရန် မှာကြားတော်မူကာ မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်။



## သင်ခန်းစာ (၆)
## အသက်နှင့်လဲ၍ သီလစောင့်သူ



တစ်ခါက ရွာတစ်ရွာတွင် ရတနာသုံးပါးကို အလွန်ကြည်ညိုသော လယ်သမားတစ်ယောက် ရှိသည်။ တစ်ခုသော နံနက်တွင် လယ်သမားသည် ရွာဦးကျောင်း ဆရာတော်ထံမှ ရှစ်ပါးသီလကို ခံယူဆောက်တည်ကာ တောသို့ လယ်ထွန်သွားလေသည်။ အချိန်အတန်ကြာ လယ်ထွန်ပြီး ခေတ္တ ခဏ နားနေစဉ် နွားတစ်ကောင် ပျောက်သွားသည်။ နွားကို နေရာအနှံ့ လိုက်ရှာရင်း တောင်ပေါ်သို့ ရောက်သွား၏။

တောင်ပေါ်တွင် လှည့်လည်ရှာဖွေနေစဉ် စပါးကြီးမြွေတစ်ကောင်က လယ်သမားကို ရုတ်တရက် ရစ်ပတ်လိုက်သည်။ ထိုအချိန်တွင် လယ်သမားအတွက် နွားပြန်တွေ့ရေးထက် အသက်ဘေးမှ လွတ်မြောက်ရေးသည် ပိုအရေးကြီးလေသည်။ ထို့ကြောင့် စပါးကြီးမြွေကြီး၏ ရစ်ပတ်ခြင်းမှ လွတ်မြောက်ရန် အပြင်းအထန် ကြိုးပမ်း၏။ သို့သော် အင်အားချင်း မမျှသဖြင့် လွတ်မြောက်ရန် လမ်းမမြင် ဖြစ်နေသည်။ ထို့ကြောင့် အသင့်ပါလာသော ဓားဖြင့် မြွေကြီး၏ဦးခေါင်းကို ဖြတ်ရန် ကြံစည်လေသည်။

ဤသို့ အကြံဖြစ်သည်နှင့် တစ်ပြိုင်တည်းမှာပင် နံနက်စောစောက ဆရာတော်ထံ၌ ရှစ်ပါးသီလ ဆောက်တည်ထားသည်ကို သတိရလိုက်၏။ ထို့ကြောင့် မိမိသီလကို စောင့်ထိန်းလိုသဖြင့် မြွေကြီးကို မသတ်ရန် ဆုံးဖြတ်လိုက်သည်။ သို့သော် သေရမည်ကို ကြောက်လာပြန်သည်။ ထို့ကြောင့် မြွေကြီး



၏ဦးခေါင်းကို ဖြတ်ရန် ဓားကို ကိုင်မိပြန်သည်။ သီလဆောက်တည်ထားသည်ကိုလည်း သတိရပြန်သည်။ ဤသို့ဖြင့် သုံးကြိမ်တိုင်တိုင် ချီတုံချတုံ ဖြစ်နေ၏။ လယ်သမားအတွက် အသက်နှင့်သီလ တစ်ခုခုကို ရွေးချယ်ရမည့် အခြေအနေတွင် လယ်သမားသည် အသက်ကို အသေခံ၍ သီလကို စောင့်ထိန်းမည်ဟု ဆုံးဖြတ်လိုက်ပြီး ဓားကို လွှင့်ပစ်လိုက်သည်။

ဥပုသ်သည်လယ်သမား၏ သီလတန်ခိုးကြောင့် စပါးကြီးမြွေသည် လယ်သမားကို ရစ်ပတ်ထားရာမှ ဖြေလွှတ်၍ တောထဲသို့ ဝင်သွားလေသည်။ ဤသို့ဖြင့် ဥပုသ်သည် လယ်သမားသည် အသက်ဘေးမှ အပြီးတိုင် လွတ်မြောက်သွားလေသည်။

တရားစောင့်သောသူကို တရားက ပြန်စောင့်ရှောက်သည်ဟု မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်းပင် သီလကို အသက်နှင့်လဲ၍ စောင့်ထိန်းသူကို သူစောင့်ထိန်းသော သီလက ပြန်၍ စောင့်ရှောက်ခဲ့ခြင်းပင် ဖြစ်သည်။

## သင်ခန်းစာ (၇)
## အင်္ဂုလိမာလ မထေရ်

ဘုရားရှင်လက်ထက်တော်အခါက ကောသလမင်း၏ ပုရောဟိတ်ပုဏ္ဏားကြီးအိမ်၌ သားတစ်ယောက် ဖွားမြင်၏။ ထိုသားကလေးဖွားမြင်စဉ် မင်းကြီး၏ သံလျက်အပါအဝင် တစ်မြို့လုံးရှိ ဓား၊ လှံ၊ လက်နက်များသည် အရောင်တဝင်းဝင်း ထွက်ပေါ်လာ၏။ ထိုထူးဆန်းသော နိမိတ်ကို မြင်တွေ့ရသော မင်းကြီးသည် ထိတ်လန့် တုန်လှုပ်လျက် အိပ်စက်မရခဲ့ပေ။

မိုးလင်း၍ ပုဏ္ဏားကြီး အခစားဝင်ရောက်လာသောအခါ မင်းကြီးသည် သူတွေ့ခဲ့ရသော နိမိတ်နှင့်ပတ်သက်၍ ပုဏ္ဏားကြီးအား မေး၏။ ထိုအခါ ပုဏ္ဏားကြီးက မင်းကြီး ထိတ်လန့်စရာမလိုကြောင်း၊ သူ့အိမ်တွင် ဖွားမြင်သော သူ့သားလေးကြောင့်သာ ဖြစ်ကြောင်း၊ နောင်အခါတွင် ထိုသားလေးသည် အင်အားရှိသော တစ်ကိုယ်တော် သူခိုးကြီးဖြစ်လာမည့် နိမိတ်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုသားလေးကို ယခုကပင် သတ်ပစ်ရမည်လော–စသည်ဖြင့် မင်းကြီးအား လျှောက်တင်လိုက်သည်။ သို့သော် မင်းကြီးက



ထိုကလေးကို မသတ်စေဘဲ ကြီးပြင်းလာသည်အထိ ကျွေးမွေးပြုစုခိုင်းလေသည်။ ထိုကလေး၏ အမည်ကို ဟိံသက (မင်းကြီး၏ စိတ်ကို နှိပ်စက်ညှဉ်းပန်းလျက် ဖွားမြင်လာသူ)ဟု အမည်မှည့်ခဲ့၏။ သို့သော် ထိုအမည်အတိုင်း မဖြစ်စေလိုသော ဆွေမျိုးများက အဟိံသကဟု ပြင်၍ ခေါ်ကြလေသည်။

အဟိံသကသည် အရွယ်ရောက်သောအခါ ခွန်အားဗလ အလွန်ကြီးမားသူ ဖြစ်လာ၏။ ဖခင်ပုဏ္ဏားကြီးသည် သားဖြစ်သူ သူခိုးကြီး ဖြစ်လာမည်ကို စိုးရိမ်သောကြောင့် ဒိသာပါမောက္ခဆရာကြီးထံတွင် ပညာသင်ကြားစေသည်။ သားဖြစ်သူ၏ မာန်မာနကို ချိုးနှိမ်လိုသဖြင့် ဆရာကြီးကို ပူဇော်ရန် မည်သည့်ငွေကြေးဥစ္စာကိုမျှ မပေးလိုက်ပေ။ သို့ဖြစ်၍ အဟိံသကသည် ဒိသာပါမောက္ခဆရာကြီးအိမ်တွင် အိမ်မှုကိစ္စများ ပြုလုပ်၍ ပညာသင်ရ၏။ သို့သော် ပညာကြိုးစားသင်ယူသဖြင့် ပညာရပ်အားလုံးတွင် အထူးချွန်ဆုံး ဖြစ်နေသည်။ ဆရာကြီးနှင့် ဇနီးတို့ကလည်း သူ့ကို သားအရင်းပမာ ချစ်ခင်ကြသည်။ ထိုအခါ ကျန်တပည့်များက မနာလိုဖြစ်လာကြပြီး အဟိံသကသည် ဆရာကတော်နှင့် ဖောက်ပြန်နေပါသည်ဟု ဆရာကြီးအား ကုန်းချောကြ၏။ ဆရာကြီးသည် ပြောစတွင် မယုံကြည်သော်လည်း အကြိမ်များစွာ ပြောလာသောအခါ ယုံကြည်လာပြီး အဟိံသကကို သတ်ရန် ကြံစည်လေတော့သည်။

တစ်နေ့တွင် ဆရာကြီးက အဟိံသကကို ခေါ်ပြီး "အမောင် အဟိံသက . . . သင်ဟာ အခြားတပည့်တွေထက် ပညာပိုတော်ပေမဲ့ မပြည့်စုံသေးဘူး၊ ပညာဆုံးခန်းတိုင်အောင် သင်ကြားနိုင်ဖို့ လူပေါင်း တစ်ထောင်ရဲ့ လက်ညှိုးပေါင်း တစ်ထောင်ဖြင့် ငါ့ကို ပူဇော်ရမယ်"ဟု ပြောလိုက်၏။ အဟိံသကလည်း ဖြစ်စေရမည်ဟု ကတိပြု၍ ဆရာကြီးကို ကန်တော့ပြီး တောထဲသို့ ထွက်ခွာသွား၏။

အဟိံသကသည် တောထဲတွင် တွေ့သမျှလူကို ဖမ်းဆီးသတ်ဖြတ်ပြီး လက်ညှိုးများကို ဖြတ်ယူ၏။ သို့သော် ဖြတ်၍ရသော လက်ညှိုးများကို သစ်ခွ၊ သစ်ကိုင်း၊ သစ်ငုတ်များပေါ်တွင် ပစ်ထားသဖြင့် ပျောက်ကုန်၏။ ပျောက်ဆုံးဖန် များလာသောအခါ အကြံရလာကာ လက်ညှိုးများကို ကြိုးဖြင့် သီကုံး၍ပုခုံး၌ဆွဲထားလိုက်သည်။ထိုအခါမှစ၍လူများကသူ့ကိုအင်္ဂုလိမာလ(လက်ညှိုးပန်းကုံးလွယ်ထားသူ) ဟု ခေါ်ကြသည်။

ထိုတောအုပ်အနီးရှိ ရွာများမှ လူတို့သည် ကြောက်လန့်ပြီး သာဝတ္ထိမြို့တော်သို့ ထွက်ပြေးကာ အင်္ဂုလိမာလကို နှိမ်နင်းပေးရန် ကောသလမင်းကြီးအား တောင်းဆိုကြသည်။ ထိုအကြောင်းကို ကြားသော အင်္ဂုလိမာလ၏ မိခင်ကြီးသည် သားဖြစ်သူကို ဘုရင်ကြီးက ဖမ်းဆီးသတ်ဖြတ်တော့မည်၊ မဖမ်းမီ သားကို သွားခေါ်ပါဟု ပုဏ္ဏားကြီးအား ပြော၏။ ပုဏ္ဏားကြီးက သူ သွားခေါ်ရန် မသင့်ကြောင်း၊ လူမိုက်ဆိုသည်မှာ မည်သူ့ကိုမျှ ညှာတာထောက်ထားမည် မဟုတ်ကြောင်း ပြောဆို၍ ငြင်းလိုက်၏။ ထိုအခါ မိခင်ကြီးသည် မိခင်တို့၏ ချစ်ခြင်းမေတ္တာဖြင့် သားအပေါ် အပြစ်မမြင်နိုင်ရှာ၊ မိမိအသက်အရွယ်ကိုမျှ မငဲ့ကွက်နိုင်ဘဲ ကြမ်းတမ်းလှသော လမ်းခရီးတွင် အလဲလဲအပြိုပြိုဖြင့် သားကို ပြေးလွှားရှာဖွေလေသည်။

ထိုအချိန်တွင် အင်္ဂုလိမာလသည် လူများကို တစ်ယောက်ပြီးတစ်ယောက် သတ်ဖြတ်ကာ တောထဲတွင် ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း ပုန်းအောင်းနေရသည်ကို ငြီးငွေ့နေလေပြီ။ ကြိုးနှင့်သီထားသော လက်ညှိုးများမှာလည်း တစ်ထောင်ပြည့်ရန် တစ်ချောင်းသာ လိုတော့၏။ ထို့ကြောင့် အင်္ဂုလိမာလသည် ထိုနေ့တွင် ပထမဆုံး တွေ့သူသည် လိုနေသော လက်ညှိုးတစ်ချောင်းအတွက် ဖြစ်ရမည်ဟု ဆုံးဖြတ်ထား၏။

ထိုနေ့နံနက်တွင် မြတ်စွာဘုရားရှင်သည် လောကကို ကြည့်ရှုတော်မူသောအခါ အင်္ဂုလိမာလတို့ သားအမိကို မြင်တော်မူသည်။ အင်္ဂုလိမာလသည် မိမိ၏မိခင်ကို မြင်လျှင် ဧကန်မုချ သတ်ဖြတ်ပေတော့မည်၊ ဤသို့ဖြစ်လျှင် မိခင်ကြီးသည် အချည်းနှီး သေဆုံးရ၍ အင်္ဂုလိမာလမှာလည်း ရဟန္တာဖြစ်ရန် အခွင့်အရေး ဆုံးရှုံးရပေတော့မည်ဟု ဆင်ခြင်တော်မူကာ ယူဇနာသုံးဆယ်မျှ ကွာလှမ်းသော ခရီးကို တစ်ပါးတည်း ကြွတော်မူသည်။

ထိုအချိန်တွင် မိခင်ပုဏ္ဏေးမကြီးသည် အင်္ဂုလိမာလ နေထိုင်ကျက်စားရာ ဇာလိနတောအုပ်သို့ ရောက်ရှိလာသည်။ အင်္ဂုလိမာလသည် မိခင်ကြီးကို မြင်လျှင်မြင်ချင်း ဓားကို ဆွဲ၍ တစ်ဟုန်ထိုးလိုက်လေ၏။ ထိုအချိန်တွင် မိခင်တို့၏ အနန္တမေတ္တာကိုလည်း မမြင်တော့ပေ။ လိုနေသော လက်ညှိုးတစ်ချောင်း ရဖို့အရေးသည်သာ သူ့အတွက် အရေးအကြီးဆုံး ဖြစ်နေသည်။



ထိုအခိုက် မြတ်စွာဘုရားသည် သားအမိနှစ်ယောက်အကြား၌ ပေါ်လာရာ အင်္ဂုလိမာလသည် မိခင်အစား ဤရဟန်းကိုပဲ သတ်မည်ဟု ဆုံးဖြတ်ချက်ပြောင်းကာ မြတ်စွာဘုရားနောက်သို့ သဲကြီးမဲကြီး ပြေးလိုက်လေ၏။ ထိုသို့ သဲကြီးမဲကြီး ပြေးလိုက်သော်လည်း မြတ်စွာဘုရားကို လိုက်၍မမီပေ။ ထို့ကြောင့် အင်္ဂုလိမာလက “ရဟန်းကြီး မပြေးပါနဲ့၊ ရပ်ပါ”ဟု ပြောသောအခါ မြတ်စွာဘုရားက “ငါသည် ရပ်နေ၏၊ သင်ကသာ မရပ်မနား ပြေးသွားနေ၏”ဟု ပြန်လည်မိန့်တော်မူ၏။ ထိုအခါ အင်္ဂုလိမာလက “အသင်ရဟန်းသည် အဘယ့်ကြောင့် မုသားစကား ပြောကြားရသနည်း”ဟု မေးရာ မြတ်စွာဘုရားက “အင်္ဂုလိမာလ . . . ငါသည် သတ္တဝါတို့အား သတ်ဖြတ်နှိပ်စက်ခြင်းကို ပယ်စွန့်ပြီး ဖြစ်၍ ရပ်တန့်နေသူ ဖြစ်၏၊ သင်သည်ကား သတ္တဝါတို့အား သတ်ဖြတ်နှိပ်စက်ခြင်းကို ပြုနေသည် ဖြစ်၍ ပြေးလွှားနေသူ ဖြစ်၏”ဟု မိန့်တော်မူသည်။

မြတ်စွာဘုရား၏ တရားစကားကို ကြားနာလိုက်ရသော အင်္ဂုလိမာလသည် အမှန်တရားကို ချက်ချင်း သဘောပေါက်သွားကာ ပုခုံးမှာ ဆွဲထားသော လက်ညှိုးပန်းကုံးနှင့် ဓားလက်နက်တို့ကို ချောက်ထဲသို့ ပစ်ချလိုက်ပြီး မြတ်စွာဘုရားခြေတော်ရင်း၌ ဝပ်စင်း၍ ရဟန်းပြုပေးရန် တောင်းပန်လေသည်။ မြတ်စွာဘုရားက သူ့ကို ရဟန်းပြုပေးကာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ခေါ်ဆောင်သွား၏။

ထိုအချိန်တွင် အင်္ဂုလိမာလကို နှိမ်နင်းရန် စစ်သည်ဗိုလ်ပါများနှင့်အတူ ထွက်လာသော ကောသလမင်းကြီးသည် မြတ်စွာဘုရားထံ ရှေးဦးစွာ ဝင်ရောက်ဖူးမြော်သည်။ ထိုအခါ မြတ်စွာဘုရားက အသင်မင်းကြီး သွားရောက်နှိမ်နင်းမည့် အင်္ဂုလိမာလဆိုတာ ဤရဟန်းပါပဲဟု မိန့်တော်မူရာ မင်းကြီးသည် အင်္ဂုလိမာလမထေရ်ကို ကြည့်ကာ ထိတ်လန့်သွား၏။ ထိုအခါ မြတ်စွာဘုရားက အင်္ဂုလိမာလသည် ယခု ယဉ်ကျေးသိမ်မွေ့သော ရဟန်းတစ်ပါး ဖြစ်နေသည့်အတွက် ထိတ်လန့်စရာကောင်းသော ပုဂ္ဂိုလ်မဟုတ်တော့ကြောင်း မိန့်တော်မူလိုက်မှသာ မင်းကြီးလည်း စိတ်သက်သာရာ ရသွားလေသည်။

နောက်တစ်နေ့ နံနက်တွင် အင်္ဂုလိမာလမထေရ် မြို့တွင်းသို့ ဆွမ်းခံဝင်ရာ မြို့သူမြို့သားတို့သည် ဆွမ်းတစ်ဇွန်းမျှ မလောင်းကြသည့်အပြင် မထေရ်ကို မြင်လျှင် ထွက်ပြေးသူပြေး၊ အိမ်တံခါးပိတ်သူ ပိတ်ကြ၏။ စိတ်မထိန်းနိုင်သူတို့က ခဲ၊ တုတ် စသည်ဖြင့် ပစ်ခတ်ကြသဖြင့် မထေရ်၏ ဦးခေါင်းမှ သွေးပေါက်ပေါက် ကျလေ၏။ မထေရ်သည် မေတ္တာဖြင့် သည်းခံတော်မူသည်။

တစ်နေ့တွင် အင်္ဂုလိမာလမထေရ်သည် မြို့တွင်း၌ ဆွမ်းခံကြွစဉ် သားမဖွားနိုင်သော ကိုယ်ဝန်သည်တစ်ယောက်၏ အော်ဟစ်ညည်းညူနေသံကို ကြားခဲ့ရာ မြတ်စွာဘုရားအား ပြန်လည်လျှောက်




ထားလိုက်၏။ မြတ်စွာဘုရားက မထေရ်အား ပရိတ်တရားတော်ကို သင်ပေးလိုက်၏။ မထေရ်သည် ထိုအိမ်သို့ ပြန်ကြွသွားပြီး ပရိတ်တော်ကို ရွတ်ဖတ်ပေးရာ ကိုယ်ဝန်သည် အမျိုးသမီးသည် သားရတနာကို လွယ်ကူစွာ မွေးဖွားလေသည်။ ထိုအချိန်မှစ၍ ထိုပရိတ်တော်သည် "အင်္ဂုလိမာလ ပရိတ်"ဟူ၍ ထင်ရှားလာခဲ့၏။

ထိုသတင်းသည် သာဝတ္ထိတစ်မြို့လုံးသို့ တစ်ခဏချင်း ပျံ့နှံ့သွားပြီး လူများသည် အင်္ဂုလိမာလ မထေရ်အား ကြည်ညိုလေးစားလာကြသည်။ ထိုအခါမှ လောကလူသားတို့၏ ကောင်းကျိုးကို ဆောင်ရွက်နိုင်ပြီဖြစ်၍ မထေရ်၏ စိတ်နှလုံးမှာလည်း အနှောင့်အယှက်များ ကင်းစင်သွားကာ ကမ္မဋ္ဌာန်းတရားကို ကောင်းစွာအားထုတ်နိုင်သဖြင့် မကြာမီပင် ရဟန္တာဖြစ်သွားလေသည်။

## သင်ခန်းစာ (၈)

## မဟာဓမ္မိကဥပါသကာ



မြတ်စွာဘုရား လက်ထက်တော်၌ ဓမ္မိကအမည်ရှိ ဥပါသကာ တစ်ဦးရှိခဲ့သည်။ ဥပါသကာတို့၏ အကြီးအမှူး ဖြစ်သဖြင့် သူ့ကို မဟာဓမ္မိကဥပါသကာ ဟူ၍ ခေါ်ကြ၏။ ဥပါသကာကြီးသည် အကျင့်သီလနှင့်ပြည့်စုံပြီး လှူဒါန်းပေးကမ်းခြင်း၌လည်း အစဉ်အမြဲ မွေ့လျော်သည်။ မိသားစုဝင်အားလုံးသည်လည်း ဥပါသကာကြီးကဲ့သို့ပင် ကုသိုလ်ကောင်းမှုများနှင့် အစဉ်အမြဲ မွေ့လျော်သူများ ဖြစ်ကြ၏။

ဤသို့ဖြင့် ဥပါသကာကြီးသည် အိုမင်းရင့်ရော်သော အရွယ်သို့ ရောက်လာပြီး အသက်အန္တရာယ် စိုးရိမ်ရသော ရောဂါတစ်ခု စွဲကပ်လာကာ ညောင်စောင်းပေါ်တွင် လဲလျောင်းနေရ၏။ ထိုအခါ ဥပါသကာကြီးသည် မြတ်စွာဘုရားရှင်၏ တရားတော်တို့ကို နာကြားလိုသော ဆန္ဒ ဖြစ်ပေါ်လာ၍ ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ်ပေးရန် သားသမီးတို့အား ပြောလေသည်။ ရဟန်းသံဃာတော်များ ကြွရောက်လာကြသောအခါ “မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေထဲက ဘယ်တရားတော်ကို နာကြားလိုပါသလဲ”ဟု မေးတော်မူလျှင် ဥပါသကာကြီးက “သတိပဋ္ဌာန်သုတ္တန်ဒေသနာတော်ကို နာကြားလိုပါသည်ဘုရား”ဟု ပြန်လည် လျှောက်ထားလေသည်။


ထိုဒေသနာတော်ကို ရွတ်ဖတ်နေစဉ် နတ်ပြည်ခြောက်ထပ်မှ နတ်သားတို့သည် နတ်ရထား ခြောက်စီးဖြင့် ရောက်ရှိလာပြီး “ဥပါသကာကြီး . . . ကျွန်ုပ်တို့ရဲ့ နတ်ပြည်မှာ စည်းစိမ်ခံစားဖို့ ဒီရထား ပေါ် တက်ပါ” စသည်ဖြင့် အလုအယက် ခေါ်နေကြသည်။ ဥပါသကာကြီးသည် တရားနာရသည်ကို အနှောင့်အယှက် မဖြစ်လိုသည့်အတွက် “နေကြပါဦး၊ နေကြပါဦး”ဟု ဟန့်တားလိုက်သည်။ ထိုအခါ

ရဟန်းသံဃာများက သူတို့ကို ဟန့်တားသည်ဟု ထင်မှတ်ကာ ကျောင်းတော်သို့ ပြန်ကြွသွားကြလေသည်။ ဥပါသကာကြီး၏ သားသမီးတို့ကလည်း ဖခင်ကြီးသည် သေရမည်ကို ကြောက်ရွံ့သဖြင့် ကယောင်ကတမ်း ပြောနေသည်ဟု ထင်မှတ်ကာ ဝမ်းနည်းငိုကြွေးကြလေသည်။

သားသမီးတို့ ငိုကြွေးနေကြသည်ကို ဥပါသကာကြီး ကြားသောအခါ "အဘယ်ကြောင့် ငိုကြွေးနေကြသနည်း"ဟု မေး၏။ သားသမီးတို့က အကြောင်းစုံကို ရှင်းပြကြသည်။ ထို့နောက် ဥပါသကာကြီးက "ရဟန်းသံဃာတော်တွေ အခု ဘယ်မှာလဲ"ဟု မေးရာ သားသမီးတို့က "သတိပဋ္ဌာန် သုတ္တန်ဒေသနာတော်ကို ဆက်မရွတ်ဖို့ အဖေက တားမြစ်လိုက်လို့ ကျောင်းတော်သို့ ပြန်ကြွသွားကြပြီ"ဟု ပြောကြသည်။

ထိုအခါ ဥပါသကာကြီးက "သားတို့သမီးတို့ . . . အဖေက ရဟန်းတော်တွေကို တားမြစ်တာမဟုတ်ဘူး၊ နတ်ပြည်ခြောက်ထပ်က နတ်ရထား ခြောက်စီးနဲ့ နတ်သားတွေ ရောက်လာပြီး သူ့ထက်ငါ အလုအယက် ခေါ်နေကြတဲ့အတွက် တရားနာပျက်မှာစိုးလို့ 'နေကြပါဦး' လို့ ပြောလိုက်တာပါ"ဟု ပြန်လည် ရှင်းပြလေသည်။


ထို့နောက် ဥပါသကာကြီးက "နတ်ပြည်ခြောက်ထပ်မှာ ဘယ်နတ်ပြည်က ပျော်မွေ့ဖွယ် အကောင်းဆုံးလဲ"ဟု မေးရာ သားသမီးတို့က "အဖေ . . . ဘုရားအလောင်းတို့ရဲ့ မယ်တော် ခမည်းတော်တို့ စံရာ တုသိတာနတ်ပြည်ဟာ ပျော်မွေ့ဖွယ် အကောင်းဆုံး ဖြစ်ပါတယ်"ဟု ပြောဆိုကြသည်။ ထိုအခါ ဥပါသကာကြီးက "ဒါဆိုရင် သားတို့သမီးတို့ အဆင်သင့် သီကုံးထားတဲ့ ပန်းကုံးကို တုသိတာနတ်ပြည်ကလာတဲ့ နတ်ရထားမှာ ချိတ်ပါစေလို့ အဓိဋ္ဌာန်ပြီး ပစ်လွှင့်လိုက်ကြ"ဟု ပြောလိုက်လေသည်။ သားသမီးတို့လည်း ဖခင်ကြီး စေခိုင်းသည့်အတိုင်း ပန်းကုံးကို ပစ်လွှင့်လိုက်ရာ ပန်းကုံးသည် တုသိတာနတ်ပြည်မှ လာသော ရထားဦး၌ ချိတ်လျက် ကောင်းကင်တွင် တွဲလဲဆွဲ တည်နေလေသည်။ သားသမီးတို့



နှင့် လူအပေါင်းတို့သည် ကောင်းကင်၌ တွဲလဲဆွဲ တည်နေသော ပန်းကုံးကိုသာ မြင်ကြရ၏၊ နတ်ရထားကိုကား မမြင်ကြရပေ။

နောက်ဆုံးတွင် ဥပါသကာကြီးက "သားတို့သမီးတို့ . . . အဖေ့အတွက် စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မဖြစ်ကြနဲ့၊ သားတို့သမီးတို့ဟာ ဒီဘဝမှာလိုပဲ အဖေနဲ့ မေတ္တာကျွမ်းဝင် ထပ်တွေ့ချင်ကြတယ်ဆိုရင် အဖေ ပြုလုပ်အားထုတ်ခဲ့တဲ့ ဒါန၊ သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေကို အမြဲမပြတ် ဆက်လက်ပြုလုပ်ကြပါ"ဟု မှာကြား၍ ကွယ်လွန်ကာ နတ်ရထားဖြင့် တုသိတာနတ်ပြည်သို့ လိုက်ပါသွားလေသည်။

ဥပါသကာကြီးအား သတိပဋ္ဌာန်သုတ္တန်ဒေသနာတော်ကို ရွတ်ဖတ်ပေးခဲ့ကြသော ရဟန်းတော်များသည် ကျောင်းတော်သို့ ပြန်ရောက်လာသောအခါ ဥပါသကာကြီး၏ ဖြစ်ပုံအကြောင်းစုံကို မြတ်စွာဘုရားရှင်အား လျှောက်ထားကြသည်။ ထိုအခါ မြတ်စွာဘုရားရှင်က ဥပါသကာကြီး၏ အဖြစ်အပျက်အမှန်ကို ဖြည့်စွက်ဟောကြားတော်မူသည်။ ရဟန်းတော်များသည် ဥပါသကာကြီး၏ အဖြစ်အပျက်အမှန်ကို သဘောပေါက်သွားကြသောအခါ မြတ်စွာဘုရားရှင်က "ကုသိုလ်ကောင်းမှုကို ပြုထားသူဟာ ပစ္စုပ္ပန်၊ တမလွန် ဘဝနှစ်ခုလုံးမှာ ပျော်ရွှင်ဝမ်းမြောက်ရတယ်၊ မိမိရဲ့စင်ကြယ်တဲ့ ကောင်းမှုကံကို မြင်ရပြီး ကောင်းမှုပြုသူဟာ ပျော်ရွှင်ဝမ်းမြောက်ရတယ်"ဟု တရားတော်ကို ဆက်လက် ဟောကြားတော်မူသည်။



## သင်ခန်းစာ (၉)


## လူကောင်းလူတော်ဖြစ်ရေးမဂ်လာ



### ကျေးဇူးသိတတ်သော မင်းကြီး

ရှေးအခါက ဘုရားအလောင်းသည် ဗာရာဏသီပြည်၌ မင်းဖြစ်ခဲ့၏။ တစ်နေ့တွင် မင်းကြီးသည် နိုင်ငံ၏ အစွန်အဖျားတစ်နေရာ၌ ခိုးဆိုးသောင်းကျန်းနေသော သူခိုးဓားပြတို့ကို နှိမ်နင်းရန် စစ်သည် ဗိုလ်ပါများ ခြံရံလျက် သွားရောက်ခဲ့၏။ အကြောင်းမလှသဖြင့် စစ်ရှုံးပြီး မြင်းစီးကာ တစ်ပါးတည်း ထွက်ပြေးခဲ့ရသည်။

ထိုသို့ထွက်ပြေးရင်း မင်းကြီးသည် ရွာတစ်ရွာသို့ ရောက်သွား၏။ ချပ်ဝတ်တန်ဆာ ဆင်ယင်ထားသော မြင်းကို စီး၍ ဝင်လာသည့် မင်းကြီးကို မြင်ကြသောအခါ ရွာသူရွာသားတို့သည် ကြောက်လန့်၍ မိမိတို့၏ အိမ်ထဲသို့ အသီးသီး ဝင်ပြေးကြသည်။ သို့သော် ရွာသားတစ်ယောက်သည်ကား အိမ်ထဲသို့ ဝင်မပြေးဘဲ မင်းကြီးကို ခရီးဦးကြိုဆို၍ အိမ်သို့ ခေါ်ဆောင်သွား၏။ အိမ်သို့ ရောက်သောအခါ ဇနီးသည်ကို ခေါ်၍ "ရှင်မရေ . . . လာပါဦး၊ ဒီမိတ်ဆွေရဲ့ခြေတို့ကို ဆေးကြောပေးပါဦး" ဟု ပြောပြီး ခြေတို့ကို ဆေးကြောပေးစေသည်။ ထို့နောက် မင်းကြီးကို သူတို့မှာ ရှိသော အစားအစာတို့ဖြင့် ဧည့်ခံ ကျွေးမွေး၏၊ အိပ်ရာခင်းပေးပြီး အိပ်စက် အနားယူစေ၏။



မင်းကြီးသည် အလွန်ရိုးသားပြီး မိမိကိုယ်ကို အလွန်နှိမ့်ချတတ်သော ရွာသားဇနီးမောင်နှံ၏ ကျေးဇူးတရားတို့ကို စဉ်းစားနေမိ၏။ ပြန်လည်ကျေးဇူးဆပ်လိုသော ဆန္ဒလည်း ပြင်းပြနေ၏။ ထို့ကြောင့် ထိုအိမ်၌ သုံးလေးရက် အနားယူခဲ့ပြီး အင်အားများ ပြန်လည်ပြည့်ဝလာသောအခါ မင်းကြီးသည် "မိတ်ဆွေ . . . ကျွန်ုပ်ဟာ မြင်းစီးကြီး ဖြစ်ပါတယ်၊ အကြောင်းတစ်စုံတစ်ခုနဲ့ မြို့ကိုလာခဲ့ရင် မြို့ရဲ့ တောင်ဘက်က တံခါးစောင့်ကို မြင်းစီးကြီးအိမ် ဘယ်မှာလဲလို့ မေးလိုက်ပါ၊ သူက မိတ်ဆွေကို ကျွန်ုပ် အိမ်သို့ လိုက်ပို့ပေးပါလိမ့်မယ်"ဟု ပြောခဲ့ပြီး နန်းတော်သို့ ပြန်လာခဲ့သည်။ မင်းကြီးသည် မြို့၏ တောင်တံခါးသို့ ရောက်သောအခါ 'မြင်းစီးကြီး'ဟု မေးသော ရွာသားတစ်ယောက် လာခဲ့လျှင် နန်းတော်သို့လိုက်ပို့ပေးရန် တံခါးစောင့်ကို မှာထားခဲ့သည်။ သို့သော် ရွာသားသည် မြို့သို့ မလာပေ။ မင်းကြီးသည် ရွာသားကို လာစေချင်သောကြောင့် ထိုရွာသား နေထိုင်သော ရွာကို အခွန်တောင်း၏။ နှစ်ကြိမ်၊ သုံးကြိမ် အခွန် တောင်းသော်လည်း မလာပေ။

ထိုအခါ ရွာသားတို့သည် "မိတ်ဆွေ . . . သင့်ရဲ့ မိတ်ဆွေ မြင်းစီးကြီး လာတဲ့ အချိန်ကစပြီး ကျွန်ုပ်တို့ အခွန်နဲ့ နှိပ်စက်ခံနေရတယ်၊ ဒီတော့ သင် မြို့ကို သွားပြီး ကျွန်ုပ်တို့ကို အခွန်ကင်းလွတ်ခွင့်ပြုဖို့ သင့်မိတ်ဆွေ မြင်းစီးကြီးအား ပြောပေးပါ"ဟု ထိုရွာသားကို ပြောဆိုကြသည်။ ရွာသားလည်း "ကောင်းပြီ အဆွေတို့၊ ကျွန်ုပ် သွားပါ့မယ်၊ ဒါပေမဲ့ လက်ချည်းဗလာ သွားလို့တော့ မကောင်းဘူး၊ ဒီတော့

ကျွန်ုပ်မိတ်ဆွေရဲ့ မိသားစုအတွက် အဝတ်အစားအချို့ လက်ဆောင်အဖြစ် ယူသွားချင်ပါတယ်”ဟု ပြန်ပြောလိုက်သည်။ ရွာသားတို့လည်း သူ့အလိုကျ စီစဉ်ပေးလိုက်ကြသည်။

ဤသို့ဖြင့် ရွာသားသည် လက်ဆောင်၊ အဝတ်အစား၊ အိမ်လုပ်မုန့်တို့ကို ယူဆောင်၍ မြင်းစီးကြီးနှင့်တွေ့ရန် မြို့သို့ လာခဲ့၏။ မြို့၏ တောင်ဘက်တံခါးစောင့်လည်း ရွာသားကို မင်းကြီးထံသို့ လိုက်ပို့ပေးလိုက်၏။ ရွာသားလည်း နန်းတော်ထဲ ရောက်သောအခါမှ သူ့မိတ်ဆွေသည် မင်းကြီး ဖြစ်နေမှန်း သိတော့သည်။

မင်းကြီးလည်း ရွာသားကို မြင်သောအခါ အလွန်ဝမ်းမြောက်ဝမ်းသာ နွေးနွေးထွေးထွေး ခရီးဦးကြိုသည်။ မိဖုရားကြီးကို ခေါ်ကာ မိတ်ဆွေ၏ ခြေတို့ကို ဆေးကြောစေ၏။ မင်းကြီးကလည်း ရွှေကရားဖြင့် ရေသွန်းလောင်းပေး၏။ ထို့နောက် မင်းကြီးသည် ရွာသားကို ရာဇပလ္လင်၌ နေစေ၏။ ရွာသားယူလာသော မုန့်တို့ကို ရွှေခွက်ဖြင့် ထည့်၍ ကိုယ်တိုင်လည်း ချက်ချင်း စား၏၊ မိဖုရားကြီးကိုလည်း စားစေ၏။ အဝတ်တန်ဆာတို့ကိုလည်း ကိုယ်တိုင် ချက်ချင်း ဝတ်၏၊ မိဖုရားကြီးကိုလည်း ဝတ်စေ၏။ မင်းကြီးသည် ရွာသားကို ဘုရင်မင်းမြတ်တို့သာ စားတော်တည်လေ့ရှိသော ဘောဇဉ်တို့ကို ကျွေးမွေး၏။ နောက်ဆုံးတွင် မင်းစည်းစိမ် တစ်ဝက်ကို ပေး၍ တိုင်းပြည်ကို မင်းနှစ်ပါးဖြင့် အုပ်ချုပ်ကြလေသည်။

**လူကောင်းလူတော်ဖြစ်ရေးမင်္ဂလာ**

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊
ဆည်းကပ်ခစား ရှိသေလေ။
မာနတံခွန် ဂုဏ်မကြွနဲ့၊
ကိုယ့်ကိုယ်နှိမ့်ချ အမြဲနေ။
လောဘအပို လိုမလိုက်နဲ့၊
ကိုယ့်ထိုက်တာနဲ့ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး၊
အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား မြတ်တရား၊
နာကြား မပြတ်ပေ။
အဲဒါမှ “ဗုဒ္ဓဝါဒ” ကမ္ဘာ့မင်္ဂလာတွေ။

## သင်ခန်းစာ (၁၀)

## အောင်မြင်ရေးမင်္ဂလာ



### နာယူလွယ်က ကောင်းကျိုးရ

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးမှာ သားတော်တစ်ရာ ရှိသည်။ ထိုသားတော် ၁၀၀ တို့တွင် အငယ်ဆုံးသားတော်၏ အမည်မှာ သံဝရမင်းသား ဖြစ်၏။ မင်းကြီးသည် သားတော် ၁၀၀ တို့ကို ပညာရှိ ဆရာကြီးတို့ထံ၌ ပညာသင်ကြားရန် အသီးသီး အပ်နှံထားလေသည်။ ထိုဆရာကြီးများအနက် သံဝရမင်းသား၏ ဆရာသည် ဘုရားအလောင်း ပညာရှိအမတ်ကြီး ဖြစ်သည်။ ဆရာအမတ်ကြီးတို့သည် ပညာသင်ယူပြီးကြသော မင်းသားတို့ကို ဖခင်မင်းကြီးထံ၌ အတတ်ပညာ အစွမ်းကို အပြခိုင်းကြသည်။ မင်းကြီးကလည်း ကျေနပ်တော်မူသဖြင့် ထိုသားတော်တို့အား ဇနပုဒ်၊ မြို့ရွာတို့ကို အပိုင်စား အသီးသီး ပေးလိုက်၏။

သံဝရမင်းသားသည်လည်း အတတ်ပညာမျိုးစုံ သင်ယူပြီးသောအခါ ဆရာအမတ်ကြီးကို "ဆရာကြီး . . . အကယ်၍ ကျွန်ုပ်၏ ခမည်းတော်မင်းကြီးက ကျွန်ုပ်အားလည်း ဇနပုဒ်၊ မြို့ရွာတို့ကို ပေးခဲ့လျှင် မည်သို့ပြုရမည်နည်း"ဟု မေးလေသည်။ ထိုအခါ ဆရာအမတ်ကြီးက "မင်းသား . . . ထို ကဲ့သို့ ဇနပုဒ်၊ မြို့ရွာတို့ကိုသာ ပေးလျှင် မယူပါနှင့်၊ ပြီးလျှင်ဤသို့ ဆက်ပြောပါ၊ ခမည်းတော်မင်းကြီး . . . ကျွန်ုပ်သည် အငယ်ဆုံးသား ဖြစ်ပါသည်၊ ကျွန်ုပ် ထွက်သွားမည်ဆိုလျှင် ခမည်းတော်မင်းကြီး အနားမှာ တိတ်ဆိတ်သွားပါလိမ့်မည်၊ ထို့ကြောင့် ခမည်းတော်မင်းကြီး၏ အနားတွင်သာ နေပါရစေဟု လျှောက်တင်ပါ"ဟု အကြံပြုလိုက်လေသည်။ သံဝရမင်းသားလည်း ဆရာကြီး အကြံပြုသည့်အတိုင်း

လျှောက်ထားလေရာ မင်းကြီးက သူ့ကို နေခွင့်ပြုလိုက်သည်။ ဤသို့ဖြင့် သံဝရမင်းသားသည် ခမည်းတော်မင်းကြီးကို ဝတ်ကြီးဝတ်ငယ် ပြုစုရင်း နန်းတွင်းမှာပင် နေထိုင်ခွင့်ရလေသည်။

အချိန်အနည်းငယ် ကြာလာသောအခါ သံဝရမင်းသားသည် ဆရာအမတ်ကြီးကို "နောက်ထပ်မည်သို့ဆက်လုပ်ရမည်နည်း"ဟု မေးပြန်ရာ ဆရာကြီးက မင်းကြီး၏ ဉယျာဉ်ဟောင်းတစ်ခုကို တောင်းရန် အကြံပြုလိုက်သည်။ မင်းသားလည်း ဉယျာဉ်ဟောင်းကို တောင်း၍ ထိုဉယျာဉ်မှ ထွက်သော သစ်သီးဝလံတို့ဖြင့် နန်းတွင်းရှိ အရာထမ်း၊ အမှုထမ်းတို့ကို ပေးကမ်းထောက်ပံ့သည်။ နောက်ပိုင်းတွင်လည်း မင်းသားသည် ဆရာကြီး၏ ညွှန်ကြားချက်များအတိုင်း ပြည်သူပြည်သားများကို ရိက္ခာဖြန့်ဝေခြင်း၊ အခွန်ဘဏ္ဍာကောက်ခြင်း၊ သံတမန်ဆက်ဆံရေး-စသည်တို့ကို အဆင့်ဆင့် တာဝန်ယူလုပ်ဆောင်သည်။ ဤသို့ဖြင့် မင်းသားသည် အပေးအကမ်း ရက်ရောမှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ မျှမျှတတ လုပ်ဆောင်မှုတို့ကြောင့် အားလုံး၏ ချစ်ခြင်းမေတ္တာကို ရရှိလာ၏။

တစ်နေ့တွင် မင်းကြီးသည် အသက်အရွယ် အိုမင်းရင့်ရော်ပြီဖြစ်၍ ရောဂါဝေဒနာစွဲကပ်ကာ ညောင်စောင်းပေါ်တွင် လဲလျောင်းနေရသည်။ ထိုအချိန်တွင် အမတ်ကြီးတို့က "အရှင်မင်းကြီး . . . အရှင်မင်းကြီးလွန်တော်မူသောအခါ မည်သည့်သားတော်ကို ထီးနန်းလွှဲအပ်ခဲ့မည်နည်း"ဟု မေးမြန်းလေသည်။ ထိုအခါ မင်းကြီးက "သားတော်အားလုံးတို့သည် ငါ၏ ထီးနန်းကို ရထိုက်ကြသည်သာ ဖြစ်သည်၊



သို့သော် အမတ်ကြီးတို့၏ စိတ်ကိုကျေနပ်အောင် လုပ်ဆောင်ပေးနိုင်သော သားတော်ကိုသာ ထီးနန်းလွှဲအပ်ပေးလိုက်ပါ"ဟု မှာကြား၍ နတ်ရွာစံသွားလေသည်။ ဤသို့ဖြင့် အမတ်ကြီးတို့၏ စိတ်ကိုကျေနပ်အောင် လုပ်ဆောင်ပေးနိုင်သော သံဝရမင်းသား ဘုရင်ဖြစ်လာ၏။



ထိုအကြောင်းကို နောင်တော်မင်းသား ၉၉ ယောက်တို့ သိရှိသွားသောအခါ မကျေမနပ် ဖြစ်ပြီး ထီးနန်းကို လုယူရန် ရောက်လာကြသည်။ ဤအခါ၌လည်း သံဝရဘုရင်သည် ဆရာအမတ်ကြီးကို တိုင်ပင်သည်။ ဆရာကြီး အကြံပေးသည့်အတိုင်း နောင်တော်မင်းသားတို့နှင့် စစ်ပြိုင်မထိုးဘဲ သူတို့ ရထိုက်သောဥစ္စာစုတို့ကို အသီးသီး ခွဲပေးလိုက်သည်။


ထိုအခါ အစ်ကိုအကြီးဆုံး ဥပေါသထမင်းသားက "ညီတော်တို့ . . . ငါတို့၏ ညီထွေး သံဝရမင်းသားက ငါတို့ကို ရန်သူအဖြစ်ဖြင့် ပြန်၍ မခုခံ မတိုက်ခိုက်ပေ၊ ငါတို့ရထိုက်သော ဥစ္စာစုကို လည်း ပေးလိုက်၏၊ ငါတို့လည်း တစ်ချိန်တည်း မင်းလုပ်ကြရန် မဖြစ်နိုင်ချေ၊ ထို့ကြောင့် ညီထွေး သံဝရမင်းသားကိုသာ ဆက်လက်မင်းလုပ်ခွင့် ပေးလိုက်ကြပါစို့"ဟု အကြံပြုပြောဆိုလိုက်ရာ ကျန် မင်းသားအားလုံးတို့ကလည်း လက်ခံသွားကြပြီး သံဝရမင်းသားကို မင်းအဖြစ် အသိအမှတ်ပြုကာ သူတို့အပိုင်စားရသော နေရာအသီးသီးသို့ ပြန်သွားကြလေတော့သည်။

**အောင်မြင်ရေးမင်္ဂလာ**

ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊
စိတ်ကိုချုပ်ထိန်း သည်းခံလေ။
ကျိုးကြောင်းပြည့်ဝန် ဆုံးမစကားကို၊
ပြောကြားလာက နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို၊
မကြာခဏ တွေ့ဆုံလေ။
သဘာဝတွေး မှန်ကန်ရေး၊
ဆွေးနွေးမပြတ်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## သင်ခန်းစာ (၁၁)

## ဗုဒ္ဓဘာသာနိုင်ငံများ




ဗုဒ္ဓဘာသာသည် ဘီစီ ၅၈၈ ခန့်က အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် စတင်ပေါ်ထွန်းခဲ့ပြီး အိန္ဒိယနိုင်ငံအနှံ့အပြားသို့ ရောက်ရှိပြန့်ပွားသွားခဲ့သည်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး ဘီစီ ၃၀၈ တွင် အိန္ဒိယဘုရင် အသောကမင်းကြီးက ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်ခဲ့သည်။ အသောကမင်းကြီး၏ ကျေးဇူးကြောင့် ဗုဒ္ဓသာသနာတော်သည် အနောက်ဘက်တွင် ဂန္ဓာရတိုင်းခေါ် ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ခိုတန်ခေါ် တာကစ္စတန်နှင့် ယောနကတိုင်းခေါ်သော တူရကီ၊ ဂရိနိုင်ငံများအထိ ပျံ့နှံ့ထွန်းကားခဲ့၏။ မြောက်ဘက်တွင် ဘူတန်၊ တိဗက်၊ မွန်ဂိုလီးယားနှင့် ရုရှားနိုင်ငံတို့အထိ ပျံ့နှံ့ခဲ့၍ ယခုတိုင် ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။ အရှေ့ဘက်တွင် သုဝဏ္ဏဘူမိခေါ် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား နိုင်ငံများနှင့် လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ကိုရီးယား၊ ဂျပန်၊ တရုတ်နိုင်ငံတို့အထိ ပျံ့နှံ့ခဲ့ပြီး နိုင်ငံအများအပြား၌ ယနေ့ထက်တိုင် ဗုဒ္ဓသာသနာ ခိုင်မာစွာ တည်တံ့လျက်ရှိသည်။

ယခုအခါ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ တာကစ္စတန်၊ တူရကီ၊ ဂရိနိုင်ငံတို့၌ စစ်မက်ဖြစ်ပွားမှုများနှင့် အခြားဘာသာများ၏ လွှမ်းမိုးမှုတို့ကြောင့် ဗုဒ္ဓသာသနာတော် ကွယ်ပျောက်သွားခဲ့ပြီဖြစ်သည်။ သို့သော်လည်း ပါကစ္စတန် ဆွတ်တောင်ကြားဒေသ (Swat Valley)၊ အာဖဂန်နစ္စတန် ဘာမီယန်ဒေသ (Bamiyan) နှင့် မက်စ်အနက်ခ်ဒေသ (Mes Aynak) တို့၌ ရဟန်းတော်များ သီတင်းသုံးတော်မူခဲ့ရာ ကျောင်းတော်ရာဟောင်းများ၊ စေတီပုထိုးများနှင့် ထိုင်တော်မူ၊ ရပ်တော်မူ၊ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်အမျိုးမျိုးကို ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် ယနေ့ထက်တိုင် ဖူးတွေ့နိုင်ပါသေးသည်။

ဗုဒ္ဓဘာသာတွင် ယေဘုယျအားဖြင့် ထေရဝါဒနှင့် မဟာယာနဟူ၍ အဓိကဂိုဏ်းကြီးနှစ်ဂိုဏ်း ရှိသည်။ သီရိလင်္ကာနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြသော မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့သည် ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြ၏။ မဟာယာန ဗုဒ္ဓဘာသာကိုမူ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ဗီယက်နမ်၊ ထိုင်ဝမ် အစရှိသော အရှေ့အာရှနိုင်ငံများ၌ ယုံကြည်ကိုးကွယ်ကြ၏။ မဟာယာန၏ ဂိုဏ်းခွဲဖြစ်သော ဝဇီရာယာနဗုဒ္ဓဘာသာကို တိဗက်၊ ဘူတန်နှင့် မွန်ဂိုလီးယားတို့တွင် အဓိကကိုးကွယ်ကြ၍ တရုတ်နှင့် ရုရှားနိုင်ငံတို့တွင် အနည်းငယ် တွေ့ရသည်။

ဗုဒ္ဓဘာသာကို အဓိကအားဖြင့် အာရှတိုက်တွင် ကိုးကွယ်ကျင့်သုံးကြသော်လည်း ယခုအခါ ကမ္ဘာအနှံ့တွင် ကိုးကွယ်နေကြသည်ကို တွေ့နေရပြီ ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာဝင်ဦးရေသည်ခန့်မှန်းခြေအားဖြင့် သန်း ၁၆၀၀ ခန့်အထိ ရှိ၍ သန်း ၅၅၀ ခန့်သည် ဗုဒ္ဓဘာသာကို အခိုင်အမာ ယုံကြည်လက်ခံကြသည်။ယနေ့ကမ္ဘာတွင် ဗုဒ္ဓဘာသာသည် လူအများ၏ စိတ်ဝင်စားမှုကို အများဆုံး ရရှိကာ လျင်မြန်စွာ တိုးတက်ပြန့်ပွားလျက်ရှိသည်။



# သင်ခန်းစာ (၁၂)
# သီလဝတီမိဖုရား

သီဟိုဠ်ကျွန်း အနုရာဓမြို့၌ မဟာလိအမည်ရှိ ဘာသာခြားဘုရင်တစ်ပါး အုပ်ချုပ်မင်းလုပ်ခဲ့၏။ မဟာလိဘုရင်သည် အလွန်ချောမောလှပသော သီလဝတီမိဖုရားကို မိဖုရားကြီးအရာ၌ ထား၏။ သို့သော် သီလဝတီမိဖုရားကြီးသည် ဗုဒ္ဓဘာသာဝင် ဖြစ်သည်။ မိဖုရားကြီးသည် ဘာသာခြားဘုရင်၏ ကြင်ရာတော် ဖြစ်သော်လည်း ရဟန်းသံဃာတော်တို့အား အမြဲမပြတ် ဆည်းကပ် ကိုးကွယ်လှူဒါန်းလေ့ရှိ၏။

မိဖုရားကြီးသီလဝတီကို ကာလဒေဝီ အမည်ရှိ မိဖုရားငယ်က မနာလိုဝန်တို ဖြစ်နေ၏။ တစ်နေ့တွင် ကာလဒေဝီမိဖုရားက "သီလဝတီ မိဖုရားကြီးသည် ဘုန်းတော်ကြီးများနှင့် ပေါင်း၍ ထီးနန်းလုဖို့ ကြံစည်နေပါသည်" ဟု မဟာလိဘုရင်ကို ကုန်းချောလေသည်။

မဟာလိဘုရင်သည် မိဖုရားငယ်၏ စကားကို ယုံစားပြီး သီလဝတီမိဖုရားကြီးကို သုသာန်ထုတ် မီးရှို့သတ်ရန်အမိန့်ချမှတ်လေသည်။ အမိန့်ချမှတ်ချိန်မှစ၍ မိဖုရားကြီးသည် သူပြုခဲ့ဖူးသမျှသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတို့ကို ဆင်ခြင်အောက်မေ့နေလေရာ မီးရှို့သောအခါ ရေဖြင့် လောင်းလိုက်သကဲ့သို့ သုံးကြိမ်တိုင်တိုင် မီးငြိမ်းသွားလေ၏။ မဟာလိဘုရင်လည်း အံ့သြတုန်လှုပ်သွားပြီး မိဖုရားကြီးကို ရှိခိုးကန်တော့၍ သူ့အမှားကို ဝန်ချတောင်းပန်လေသည်။ ထို့ပြင် မိဖုရားကြီး စိတ်တိုင်းကျ အလှူဒါနများ ပြုနိုင်ရန် ဘဏ္ဍာတိုက်ကိုလည်း ဖွင့်ပေးလေသည်။ သူကိုယ်တိုင်လည်း ဗုဒ္ဓဘာသာကို ကူးပြောင်းကိုးကွယ်လာခဲ့ပြီး ဒါန၊ သီလစသော ကုသိုလ်ကောင်းမှုတို့ကို အမြဲမပြတ် ပြုလုပ်ဆောင်ရွက် လေတော့သည်။





## သင်ခန်းစာ (၁၃)
## အရှင်သောဏနှင့် အရှင်ဥတ္တရ သာသနာပြုကြွတော်မူခြင်း


မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း ၂၀၀ ခန့်တွင် အသောကသည် အိန္ဒိယနိုင်ငံ၌ ဧကရာဇ်မင်းတစ်ပါး ဖြစ်လာခဲ့၏။ ဘုရင်ဖြစ်စတွင် မင်းကြီးသည် ခမည်းတော် ဗိန္ဒုသာရမင်းကြီး လက်ထက်က ကိုးကွယ်ခဲ့သော တိတ္ထိတက္ကတွန်းတို့ကို ဆက်လက် ကိုးကွယ်ဆည်းကပ်ခဲ့သည်။ မင်းကြီးသည် ထီးနန်းရရှိချိန်မှစ၍ နယ်မြေချဲ့ထွင်ရေး စစ်ပွဲများ ဆင်နွဲခဲ့ရာ အောင်မြင်မှုများစွာ ရခဲ့၏။ သို့သော် လူအမြောက်အမြား သေကျေပျက်စီးခဲ့ရသော ကလိင်္ဂစစ်ပွဲအပြီးတွင် အသက်သွေးချွေးတို့ဖြင့် ရင်းနှီးယူရသော အောင်မြင်မှုတို့ကို စိတ်ပျက်ငြီးငွေ့လာခဲ့သည်။ မကြာမီပင် နိဂြောဓသာမဏေနှင့် တွေ့ပြီးနောက် အသောကမင်းကြီးသည် ဗုဒ္ဓဘာသာကို အထူးကြည်ညိုသော မင်းတစ်ပါး ဖြစ်လာခဲ့၏။

ဗုဒ္ဓဘာသာဝင် ဖြစ်လာပြီးနောက် အသောကမင်းကြီးသည် ဆရာအရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်၏ လမ်းညွှန်မှုဖြင့် သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့၏။ ရေတွင်း၊ ရေကန်၊ ကျောင်း၊ ဇရပ်၊ စေတီပုထိုး များစွာကိုလည်း ဗုဒ္ဓသာသနာ ရောက်ရှိရာ နေရာအနှံ့အပြား၌ ဆောက်လုပ်လှူဒါန်း တည်ထားကိုးကွယ်ခဲ့သည်။ ဗုဒ္ဓတရားတော်တို့ကို သံဃာတော်များ စုပေါင်းရွတ်ဆိုသည့် တတိယသင်္ဂါယနာတင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန်လည်း လှူဒါန်းထောက်ပံ့ခဲ့သည်။ တတိယသင်္ဂါယနာ တင်ပွဲအပြီးတွင် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်ခဲ့ရာ အရှင်သောဏနှင့် အရှင်ဥတ္တရတို့ ဦးဆောင်သော အဖွဲ့သည် မြန်မာနိုင်ငံအောက်ပိုင်း ရာမညဒေသ သုဝဏ္ဏဘူမိသို့ ရောက်ရှိခဲ့ကြ၏။



မထေရ်မြတ်တို့ ရောက်ရှိချိန်တွင် ဘီလူးတို့၏ ဘေးရန်ကြောင့် ဒေသခံလူမျိုးတို့သည် စိုးရိမ်ကြောင့်ကြလျက် နေထိုင်ကြရ၏။ ထို့ကြောင့် မထေရ်မြတ်တို့သည် ရှေးဦးစွာ တန်ခိုးဖြင့် ဘီလူးတို့ကို ထွက်ပြေးစေသည်။ ဘီလူးတို့ နောက်ထပ်တစ်ဖန် ပြန်မလာနိုင်ရန်လည်း ပရိတ်အရံအတားကို ပြုပေးတော်မူကြ၏။ သို့ဖြစ်၍ လူတို့သည် မထေရ်မြတ်တို့ကို ယုံကြည်အားထား ကိုးကွယ်လာခဲ့ကြသည်။

မထေရ်မြတ်တို့လည်း လူအပေါင်းတို့အား သရဏဂုံ၊ သီလတို့ကို ဆောက်တည်စေ၏။ ထို့နောက် ဗြဟ္မဇာလသုတ်တော်ကို ဟောတော်မူရာ လူပေါင်း ၆၀၀၀၀ ခန့် ဗုဒ္ဓဘာသာဝင် ဖြစ်လာကြ၏၊ အမျိုးသား ၃၅၀၀ နှင့်အမျိုးသမီး ၁၅၀၀ တို့လည်း သာသနာ့ဘောင်သို့ ဝင်၍ ရဟန်းပြုခဲ့ကြသည်။ ထိုအချိန်မှစ၍ သုဝဏ္ဏဘူမိဒေသတွင် ဗုဒ္ဓသာသနာအရောင် ထွန်းလင်းတောက်ပလာခဲ့လေသည်။



## သင်ခန်းစာ (၁၄)

## ဓမ္မစေတီမင်း



ဓမ္မစေတီမင်းသည် ဟံသာဝတီသမိုင်းတွင် အလွန်ထင်ရှားသော မင်းတစ်ပါး ဖြစ်သည်။ ရှင်သာမဏေဝတ်စဉ် ဘွဲ့အမည်မှာ ရှင်ဓမ္မဓရ ဖြစ်၏။ ဘုရင်မလောင်း ရှင်စောပုသည် ရှင်ဓမ္မဓရကို သားအမှတ်ထားကာ ရဟန်းခံပေးခဲ့သည်။ ဘုရင်မ ဖြစ်လာသောအခါ ရှင်စောပုသည် ရှင်ဓမ္မဓရကို လူဝတ်လဲစေပြီး သမီးတော်နှင့် လက်ဆက်ပေး၍ ထီးနန်းကို အပ်နှင်းခဲ့သည်။

ဓမ္မစေတီမင်းသည် ရဟန်းသာမဏေဘဝဖြင့် ပိဋကတ်စာပေတို့ကို နှစ်ပေါင်းများစွာ သင်ကြားခဲ့သောကြောင့် စာပေကျမ်းဂန် နှံ့စပ်ကျွမ်းကျင်၏။ ဘုရင်ဖြစ်လာသော်လည်း အားလပ်ချိန်များတွင် ဝတ်ဖြူစင်ကြယ်ကို ဝတ်၍ သံဃာတော်တို့အား စာပေသင်ကြားပို့ချပေးလေ့ရှိသည်။ ဓမ္မစေတီမင်း၏ ပညာဉာဏ်ပြည့်စုံမှုကို သီရိလင်္ကာပြည် (သီဟိုဠ်)၊ ကျည်းပြည် (အိန္ဒိယတောင်ပိုင်း) စသည့် နိုင်ငံရပ်ခြားမင်းများကပင် သိကြ၏။ အချို့မင်းများက ဓမ္မစေတီမင်း၏ ပညာဉာဏ်စွမ်းကို သိလိုသဖြင့် အမေးပုစ္ဆာများ မေးကာ စမ်းသပ်ကြသည်။ ဓမ္မစေတီမင်းသည်လည်း မဆိုင်းမတွပင် ပြန်ဖြေပေးနိုင်ခဲ့၏။ ထို့ကြောင့် သူသည် တိုင်းတစ်ပါးမင်းများ၏ လေးစားကြည်ညိုမှုကိုလည်း ရရှိခဲ့သည်။

ဓမ္မစေတီမင်းသည် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးကိုလည်း စနစ်တကျ ဆောင်ရွက်ခဲ့သည်။ ဗုဒ္ဓဂယာသို့ လေ့လာရေးအဖွဲ့ စေလွှတ်၍ ဘုရားစေတီ တည်ဆောက်မှု ပုံသဏ္ဍာန်များကို လေ့လာစေခဲ့၏။ ထိုအဖွဲ့၏ လေ့လာချက်တို့ကို အခြေခံ၍ ဟံသာဝတီပဲခူး၌ ဘုရားစေတီတော်များ တည်ထားကိုးကွယ်ခဲ့သည်။ ဓမ္မစေတီမင်း တည်ထားကိုးကွယ်ခဲ့သော ဘုရား စေတီတော်များအနက် ကျိုက်ပွန်ဘုရား (လေးမျက်နှာဘုရား)၊ ရွှေဂူကြီးဘုရား စသည်တို့ကို ယနေ့တိုင် ဖူးတွေ့နိုင်သည်။

ဓမ္မစေတီမင်းသည် သာသနာတော်ကို စင်ကြယ်သည်ထက် စင်ကြယ်အောင် ဆောင်ရွက်လိုသဖြင့် မထေရ်ကြီး ၂၂ ပါးကို သီဟိုဠ်ကျွန်းသို့ ကြွစေကာ သိက္ခာသစ် တင်စေခဲ့သည်။ မထေရ်ကြီးများသည် သီဟိုဠ်ကျွန်း ကလျာဏီမြစ်အတွင်းရှိ ရေသိမ်တွင် မဟာဝိဟာရဝါသီဂိုဏ်းသား ရဟန်းတော်များထံမှ ရဟန်းအဖြစ် ထပ်မံခံယူခဲ့ကြသည်။ ထို့နောက် မထေရ်မြတ်များသည် ဟံသာဝတီသို့ ပြန်ကြွလာခဲ့ကြသည်။

ဓမ္မစေတီမင်းသည် သီဟိုဠ်ပြန် မထေရ်ကြီးတို့၏ လမ်းညွှန်မှုဖြင့် ဇိုင်းကနိုင်းအရပ်၌ ကလျာဏီသိမ်တော်ကြီးကို တည်ဆောက်စေခဲ့သည်။ ထိုသိမ်တော်ကြီး၌ သီဟိုဠ်ပြန် မထေရ်ကြီးများက အခြားရဟန်းသံဃာတော်တို့အား သန့်စင်သော ပဥ္စင်းအဖြစ် ထပ်မံ ခံယူစေသည်။ ထိုသိက္ခာသစ်တင်သော အခမ်းအနားသို့ မြန်မာတစ်နိုင်ငံလုံးမှ ရဟန်းသံဃာတော်များသာမက ယိုးဒယား (ထိုင်းနိုင်ငံ) မှ သံဃာတော်များပါ တက်ရောက်ခဲ့ကြသည်။ ထိုအကြောင်းကို ပါဠိဘာသာ၊ မွန်ဘာသာတို့ဖြင့် ကျောက်စာရေးထိုးထားခဲ့သည်။ ထိုကျောက်စာကို "ကလျာဏီကျောက်စာ"ဟု ခေါ်သည်။ ထိုကျောက်စာသည် မြန်မာ့သမိုင်းတွင် အရေးကြီးသော ကျောက်စာစာရင်း၌ ပါဝင်သည်။

ဓမ္မစေတီမင်းသည် တရားစီရင်ရာတွင်လည်း ထင်ရှားသည်။ မင်းကြီး၏ တရားစီရင်ထုံးများသည် မြန်မာနိုင်ငံ "ဓမ္မစေတီမင်း ဖြတ်ထုံး" အဖြစ် ထင်ရှားသည်။

ဓမ္မစေတီမင်းကြီးသည် ဗုဒ္ဓသာသနာကို လွန်စွာကြည်ညို၏။ သမိုင်းတွင်သည့် ဗုဒ္ဓသာသနာ အကျိုးပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။



## သင်ခန်းစာ (၁၅)

## ကာလသူဌေးသား



မြတ်စွာဘုရားလက်ထက်တော်အခါက အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရား၏ တရားတော်ကို အမြဲမပြတ် နာယူလေ့ရှိ၏။ ရဟန်းသံဃာတော်များအားလည်း နေ့စဉ်နေ့တိုင်း ဆွမ်းကပ်လှူဒါန်း၏။

အနာထပိဏ်သူဌေးကြီးတွင် ကာလအမည်ရှိသော သားတစ်ယောက် ရှိသည်။ မောင်ကာလသည် ဖခင် အနာထပိဏ်သူဌေးကြီးကဲ့သို့ ဘာသာတရားကို ရိုသေကိုင်းရှိုင်းခြင်း မရှိပေ။ မြတ်စွာဘုရားရှင်၏ တရားတော်ကိုလည်း နာကြားရကောင်းမှန်း မသိပေ။ မြတ်စွာဘုရား အိမ်သို့ ကြွလာလျှင်လည်း ရှိခိုးဦးချလေ့မရှိ၊ အရိုအသေပေးလေ့ မရှိပေ။ ဖခင်၏ ဆုံးမစကားကိုလည်း နားမထောင်ဘဲ ပျော်ပါးသောက်စား၍သာ နေလေရာ ဖခင်အနာထပိဏ်သူဌေးကြီးလည်း သားကို ဆုံးမရန် နည်းလမ်းအမျိုးမျိုး ရှာကြံလျက် ရှိ၏။ တစ်နေ့တွင် အကြံတစ်ခု ရလာ၏။ ထို့ကြောင့် သားကိုခေါ်၍ "သား . . . ဘုရားရှင်ရဲ့ကျောင်းတော်ကို သွားပြီး ဥပုသ်စောင့်မယ်ဆိုရင် မင်းကို တစ်နေ့အတွက် မုန့်ဖိုး အသပြာတစ်ရာ ပေးမယ်"ဟု ပြောလိုက်သည်။

မောင်ကာလလည်း မုန့်ဖိုးတစ်ရာ လိုချင်သည့်အတွက် ကျောင်းတော်သို့ သွား၍ ဥပုသ်စောင့်လေ၏။ ကျောင်းတော်တွင် အိပ်၍ အိမ်သို့ ပြန်လာကာ ဖခင်ထံမှ မုန့်ဖိုးတစ်ရာကို တောင်းယူသုံးဖြုန်းပစ်၏။ ဤနည်းအတိုင်း ဆက်လက်ဖြစ်နေခဲ့ရာ ဖခင်အနာထပိဏ်သူဌေးကြီးအတွက်လည်း ငွေကုန်ရကျိုး မနပ်ခဲ့ပေ။ ထို့ကြောင့် ဖခင်ကြီးသည် နောက်တစ်မျိုး စဉ်းစားပြန်၏။

တစ်နေ့တွင် ဖခင်အနာထပိဏ်သူဌေးကြီးက “သား . . . ဒီနေ့ မြတ်စွာဘုရား ကျောင်းတော်ကို သွားပြီး တရားတစ်ပုဒ် နာယူခဲ့ပါ၊ အဲဒီတရားကို ပြန်ပြောပြနိုင်ရင် မုန့်ဖိုး အသပြာတစ်ထောင် ပေးမယ်” ဟု ပြောလိုက်၏။

မောင်ကာလလည်း ဘုရားရှင်ထံ သွားရောက်ပြီး တရားတော်ကို မှတ်မိအောင် ဂရုတစိုက် နာယူ၏။ သို့သော် ရှေ့ကမှတ် နောက်ကမေ့ ဖြစ်နေ၏။ မောင်ကာလ၏ စိတ်အကြံကို သိတော်မူသော မြတ်စွာဘုရားရှင်ကလည်း ထိုကဲ့သို့ဖြစ်အောင် တန်ခိုးတော်ဖြင့် ပြုလုပ်ထား၏။ မောင်ကာလလည်း တရားတစ်ပုဒ်ကို မှတ်မိအောင် ကြိုးစား၍ နာယူစဉ်မှာပင် သောတာပန်အဖြစ်သို့ ရောက်ရှိသွား၏။ ထို့ကြောင့် အသပြာတစ်ထောင် လိုချင်စိတ် လုံးဝ မရှိတော့ပေ။

နောက်တစ်နေ့ နံနက်တွင် မောင်ကာလသည် မြတ်စွာဘုရားရှင်နှင့်အတူ အိမ်သို့ ပြန်လာခဲ့၏။ “ဖခင်သူဌေးကြီးက ဘုရားရှင်ရဲ့ရှေ့မှာ အသပြာတစ်ထောင်ကို သူ့အား မပေးပါစေနဲ့”ဟုလည်း လမ်းတစ်လျှောက်လုံး ဆုတောင်းလာခဲ့၏။

အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းကပ်လှူဒါန်း၏။ မောင်ကာလကိုလည်း အာဟာရ ကျွေးမွေး၏။ ထို့နောက် သူဌေးကြီးက ဘုရားရှင်ရှေ့၌ပင် အသပြာတစ်ထောင်ကို မောင်ကာလအား ပေးရာ မောင်ကာလလည်း အလွန်ရှက်သွား၏။ “အသပြာ မလိုချင်တော့ပါ”ဟုလည်း ငြင်းပယ်၏။ ဖခင်သူဌေးကြီးကလည်း အတင်းပေးနေပြန်၏။ မောင်ကာလလည်း ထပ်ကာထပ်ကာ ငြင်းပယ်၏။

ထိုအခါ အနာထပိဏ်သူဌေးကြီးသည် ယခင်နေ့များနှင့်မတူ တမူထူးခြားနေသော သူ့သား၏ အဖြစ်ကို မြတ်စွာဘုရားရှင်အား လျှောက်ထားလိုက်၏။ မြတ်စွာဘုရားရှင်က “သူဌေးကြီး . . . ဒီနေ့ သင့်သားဟာ စကြဝတေးမင်းရဲ့ စည်းစိမ်ချမ်းသာ၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ရဲ့ စည်းစိမ်ချမ်းသာထက် သာလွန်ထူးကဲတဲ့ သောတာပတ္တိဖိုလ်ချမ်းသာကို ရရှိခံစားနေရပြီ၊ ဒါ့ကြောင့် အသပြာတစ်ထောင်ကို မလိုချင်တော့တာ ဖြစ်တယ်”ဟု မိန့်တော်မူလိုက်လေသည်။

ထိုအချိန်မှစ၍ မောင်ကာလလည်း မြတ်စွာဘုရားကို အမြဲမပြတ် ကိုးကွယ်ဆည်းကပ်ပြီး မိဘ စကား နားထောင်ကာ လိမ်လိမ်မာမာ နေတော့မည်ဖြစ်ကြောင်း ဖခင်ကြီးအား ကတိပေးလေသည်။ ဖခင်အနာထပိဏ်သူဌေးကြီးလည်း လိမ္မာယဉ်ကျေးလာသော သားတော်မောင်ကာလအတွက် ပြောမပြနိုင်လောက်အောင် ပီတိဖြစ်နေပါတော့သည်။

# သင်ခန်းစာ (၁၆)

## ဖခင်မေတ္တာ



မြတ်စွာဘုရားရှင် လက်ထက်တော်က မဂဓတိုင်းကို ဗိမ္ဗိသာရမင်းကြီး အုပ်ချုပ်ခဲ့၏။ ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားဝေဒေဟီ ကိုယ်ဝန်ရှိလာချိန်တွင် မိဖုရားသည် ဘုရင်ကြီး၏ လက်ယာလက်မောင်းသွေးကို သောက်လိုသော ချင်ခြင်း ပြင်းပြင်းပြပြ ဖြစ်ပေါ်လာ၏။ သို့သော် ထုတ်ဖော်ပြောဆိုရန် ဝန်လေးနေ၏။ ထိုပြင်းပြသော ချင်ခြင်းကြောင့် မပျော်မရွှင်ဖြစ်ကာ မိဖုရားကြီးသည် တဖြည်းဖြည်း ပိန်ချုံးလာ၏။ ဘုရင်ကြီးက သတိထားမိလာပြီး အကြောင်းရင်းကို အတင်းအကြပ်မေးသောအခါမှ ဖွင့်ဟပြောလိုက်၏။ ဘုရင်ကြီးလည်း ဆေးဆရာကို ချက်ချင်း ခေါ်၍ လက်ရုံးတော်ကို ဖောက်စေကာ လက်မောင်းသွေးကို မိဖုရားကြီးအား တိုက်လေ၏။

မိဖုရားကြီး၏ထိုကဲ့သို့ထူးဆန်းသော ချင်ခြင်းကို ထောက်ဆ၍ ပုရောဟိတ် ပုဏ္ဏားတို့က "ဒီကလေးဟာ မမွေးဖွားခင်ကတည်းက ဘုရင်ကြီးရဲ့ ရန်သူ ဖြစ်တယ်၊ အရွယ်ရောက်လာတဲ့ အခါမှာလည်း ဖခင်ဘုရင်ကြီးကို သတ်လိမ့်မယ်"ဟု နိမိတ်ဖတ်ကြ၏။

ထိုသို့နိမိတ်ဖတ်ချိန်မှစ၍ မိဖုရားကြီးသည် လက်ဖြင့် ဖိနှိပ်၍ ကိုယ်ဝန်ကို ဖျက်ဆီးပစ်ရန် အကြိမ်ကြိမ် ကြိုးစား၏။ မင်းကြီး သိသွားသောအခါ ကိုယ်ဝန်ကို မဖျက်ဆီးနိုင်စေရန် မိဖုရားကြီးကို အစောင့်အရှောက်များစွာဖြင့် ထား၏။ မိဖုရားကြီးသည် မွေးဖွားပြီးပြီးချင်း သတ်ပစ်ရန်လည်း ကြံရွယ်ထား၏။ သို့သော် သားတော်ကလေး မွေးဖွားပြီးပြီးချင်း အစောင့်အရှောက်တို့က အလျင်အမြန် ယူဆောင်သွားကြသောကြောင့် မိဖုရားကြီး၏အကြံ မအောင်ခဲ့ပေ။

မိဖုရားကြီး၏ ထူးဆန်းသော ချင်ခြင်း ဖြစ်ခဲ့စဉ်က ပုဏ္ဏားတို့ ဟောကြားခဲ့သော စကားကို အကြောင်းပြု၍ ထိုကလေးကို "အဇာတသတ် (မမွေးခင်ကပင် ဖခင်၏ ရန်သူ)" ဟု အမည်မှည့်လိုက်၏။ အဇာတသတ် မင်းသားလေး ပြေးလွှားနိုင်သည့် အရွယ်သို့ ရောက်လာသော အခါမှသာ မိခင်ဝေဒေဟီ မိဖုရားအား မင်းသားလေးကို ပြလေသည်။ ထိုအခါ သားအပေါ်၌ ချစ်သော မိခင်မေတ္တာကြောင့် မင်းသားလေးကို သတ်မပစ်ရက်တော့ချေ။

ဤသို့ဖြင့် အဇာတသတ်မင်းသားသည် အရွယ်ရောက်လာ၏။ တစ်နေ့တွင် အရှင်ဒေဝဒတ်က မင်းသားကို တန်ခိုးအဘိညာဉ်ဖြင့် ဖြားယောင်းပြီး စည်းရုံးသိမ်းသွင်း၏။ ထို့အပြင် မင်းသားကို "မင်းသား . . . ဒီခေတ် လူတွေဟာ အသက်တိုကြတယ်၊ ဖခင်ကြီး နတ်ရွာစံတဲ့အခါကျမှ မင်းအဖြစ်ကို ရမယ်ဆိုရင် ခံစားချိန် သိပ်မရှိတော့ဘူး၊ ဒီတော့ ဖခင်ကို သတ်ပြီး မင်းအဖြစ်ကို ရယူသင့်တယ်"ဟု အကြံပေးလေသည်။ အဇာတသတ်မင်းသားလည်း အရှင်ဒေဝဒတ်၏ စကားကိုယုံစားပြီး ခမည်းတော် မင်းကြီးကို သတ်၍ မင်းလုပ်ရန် ကြံစည်လေတော့၏။ ခမည်းတော်မင်းကြီး သိရှိသွားသောအခါ မင်းအဖြစ်ကို လွှဲအပ်ပေးလိုက်လေသည်။

မင်းအဖြစ်ကို ရရှိပြီးနောက် အဇာတသတ်မင်းကို အရှင်ဒေဝဒတ်က "သင်ဟာ လုပ်ရမယ့်ကိစ္စ မပြီးသေးဘဲ ပြီးပြီလို့ ထင်နေတယ်၊ သင် တစ်ခု သိထားရမှာက . . . သင့်ဖခင်ကြီး အသက်ရှင်နေခြင်းဟာ သင့်အတွက် အန္တရာယ်ပဲ၊ အချိန်မရွေး သင့်ရဲ့ ထီးနန်းစည်းစိမ် ပြန်ဆုံးရှုံးသွားနိုင်တယ်"ဟု ခြိမ်းခြောက်ပြောဆို၏။ ထိုအခါ အဇာတသတ်မင်းသည် ဖခင်ကြီးကို ချုပ်နှောင်ထားလိုက်လေ၏။


ထိုအချိန်မှစ၍ ဝေဒေဟီမိဖုရားမှတစ်ပါး မည်သူ့ကိုမျှ ခမည်းတော်ကြီးနှင့် တွေ့ခွင့်မပေးတော့ပေ။ အစပိုင်း၌ မိဖုရားကြီးသည် အစားအာဟာရတို့ကို ရွှေခွက်ဖြင့် သယ်ယူ၍ မင်းကြီးအား ကျွေး၏။ ဤကဲ့သို့ အစားအာဟာရ ကျွေးသည်ကို အဇာတသတ်မင်း သိသွားသောအခါ ပိတ်ပင်တားမြစ်လေသည်။ ထိုအခါ ဆံထုံးကြား၊ ဖိနပ်ကြားတို့၌ ဝှက်၍သယ်ကာ အစားအာဟာရတို့ကို ကျွေးပြန်၏။ အဇာတသတ်မင်း သိသွားသောအခါ ပိတ်ပင်လိုက်ပြန်သည်။ နောက်ဆုံးတွင် မိဖုရားကြီးသည် စတုမဓုတို့ဖြင့် ကိုယ်ကို သုတ်လိမ်းကာ အပေါ်ရုံကို ဝတ်၍ ဝင်၏။ မင်းကြီးလည်း ဆာလောင်မွတ်သိပ်နေသောကြောင့် မိဖုရားခန္ဓာကိုယ်ပေါ်ရှိ စတုမဓုတို့ကို လျှာဖြင့် လျက်၍ အသက်ဆက်နေ၏။ ထိုသို့ပြုလုပ်ခြင်းကို သိသောအခါ မိဖုရားကြီးကို မဝင်ရန် ပိတ်ပင်လိုက်၏။ သို့သော် ဗိမ္ဗိသာရမင်းကြီးသည် သောတာပတ္တိဖိုလ်ချမ်းသာကို ခံစား၍ စင်္ကြံလျှောက်နေလေရာ ကိုယ်ခန္ဓာသည် ကြည်လင်တောက်ပလျက် ရှိနေ၏။ နောက်ဆုံးတွင် မင်းကြီး လမ်းမလျှောက်နိုင်စေရန် ခြေဖဝါးကို ဓားဖြင့်ခွဲစေကာ ဆီဆားတို့ဖြင့် သုတ်လိမ်းစေလျက် မီးရဲရဲ၌ ကင်စေ၏။ ထိုညတွင် မင်းကြီးသည် ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားခဲ့ရပြီး နတ်ရွာစံသွားရရှာလေသည်။

ထိုအချိန်၌ပင် အဇာတသတ်မင်း၏ မိဖုရားကလည်း သားဦးလေးကို ဖွားမြင်လေ၏။ သို့ဖြစ်၍ ပုရောဟိတ်ပုဏ္ဏားတို့တွင် အဇာတသတ်မင်းအား ဆက်သရန် စာချွန်လွှာနှစ်စောင် ရှိနေသည်။ တစ်စောင်က အမင်္ဂလာသတင်းစာချွန်လွှာ ဖြစ်ပြီး တစ်စောင်က မင်္ဂလာသတင်းစာချွန်လွှာ ဖြစ်၏။ ထို့ကြောင့်

ပုရောဟိတ်တို့သည် မည်သည့်စာချွန်လွှာကို ရှေးဦးစွာ ဆက်သမည်နည်းဟု အချင်းချင်း တိုင်ပင်ကြ၏။ နောက်ဆုံးတွင် မင်္ဂလာသတင်း စာချွန်လွှာကို ဦးစွာ ဆက်သကြမည်ဟု သဘောတူလိုက်ကြသည်။

အဇာတသတ်မင်းသည် မင်္ဂလာသတင်းစာချွန်လွှာကို ဖတ်ပြီးသည်နှင့်တစ်ပြိုင်နက် သားအပေါ်၌ သူ၏ချစ်စိတ်သည် ရိုးတွင်းခြင်ဆီအထိ ထိခိုက်သွား၏။ ထိုချစ်စိတ်ကြောင့် ဖခင်ချင်း ကိုယ်ချင်းစာတတ်လာပြီး ထောင်သွင်းအကျဉ်းချထားသော ဖခင်ကြီးကိုလည်း ချက်ချင်းလွှတ်ရန် အမိန့်ပေးလိုက်၏။ ထိုအခါ ပုရောဟိတ်တို့လည်း ဒုတိယ အမင်္ဂလာသတင်း စာချွန်လွှာကို ဆက်သလိုက်ရာ အဇာတသတ်မင်းလည်း ယူကျုံးမရ ဖြစ်ကာ ငိုယိုလျက် မိခင် ဝေဒေဟီ မိဖုရားထံ ပြေးသွား၍ "မယ်တော် . . . အကျွန်ုပ်ရဲ့ ခမည်းတော်ဟာ အကျွန်ုပ် ငယ်စဉ်က အကျွန်ုပ်ကို ချစ်ခင်မြတ်နိုးခဲ့ပါသလား" ဟု မေးလေ၏။

ထိုအခါ ဝေဒေဟီမိဖုရားက "ဟယ် သားမိုက် . . . ဘယ်လို ပြောလိုက်တာလဲ၊ မင်းငယ်စဉ်က လက်ချောင်းမှာ "ရှုနာ" လို့ခေါ်တဲ့ အနာတစ်ခု ပေါက်တယ်၊ အနာပြည်ကိုက်လို့ မင်းက အမြဲငိုနေတယ်၊ ငိုတာမှ ဘယ်သူမှ ချော့လို့မရဘူး၊ ဒီတော့ တရားသဘင်မှာ ရောက်နေတဲ့ မင့်ဖခင်ဘုရင်ကြီးဆီ ခေါ်သွားကြတယ်၊ မင့်ဖခင်က အနာရှိတဲ့ မင့်လက်ချောင်းကို သူ့ရဲ့ ခံတွင်းထဲမှာ ငုံထားတော့မှ မင်းအငိုတိတ်ပြီး အိပ်သွားတယ်၊ ခဏကြာတဲ့အခါ အနာဟာ မင့်ဖခင်ရဲ့ အာခံတွင်းထဲမှာပဲ ပေါက်သွားတယ်၊ မင့်ဖခင်ဟာ မင်းနိုးသွားမှာစိုးလို့ သွေးပုပ်ပြည်ပုပ်တွေကို ထွေးမပစ်ဘဲ မျိုချလိုက်တယ်။ မင့်ဖခင်ဟာ မင့်ကို အဲဒီလောက်ထိ ချစ်ခဲ့တယ်"ဟု ပြန်ပြောလိုက်လေသည်။



ထိုအခါ အဇာတသတ်မင်းလည်း ဖခင်ဘုရင်ကြီး၏ ကျေးဇူးတရားတို့ကို တစိမ့်စိမ့် တွေး၍ အကြီးအကျယ် နောင်တရကာ ရှိုက်ကြီးတငင် ငိုကြွေးလေတော့၏။ ပြန်ပြင်၍ မရနိုင်သော သူ၏ အမှားအတွက် စိတ်သက်သာရာ ရစေရန် ခမည်းတော်ကြီး၏ ရုပ်ကလာပ်တော်ကို ကောင်းမွန်စွာ ပူဇော်သဂြိုဟ်လေသည်။

နောက်ပိုင်းတွင် အဇာတသတ်မင်းသည် မြတ်စွာဘုရားရှင်ထံမှ သာမညဖလသုတ်တော်ကို ကြားနာရပြီး ရတနာသုံးရပ်ကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာစစ်စစ် ဖြစ်လာခဲ့လေသည်။



**လမ်းပြကြယ် ဖေဖေ**

ဖေ့ဖေ့ကိုပင် အလွန်ရှိသေ . . . ကျေးဇူးကြီးပါပေ . . .

စားဝတ်နေရေးတွက် . . . တို့ကျန်းမာရေးအတွက် . . . ငွေရှာပေးလို့နေ . . .

သားသမီးတို့ အပေါ်မှာ . . . ထာဝစဉ်သာ . . . လမ်းပြတဲ့ကြယ်ပမာ . . .

အဖေ့မေတ္တာစွမ်းနဲ့ . . . တို့ရဲ့အနာဂတ်ကို . . . ပုံဖော်ပေးခဲ့တာ . . . ။ ။


# သင်ခန်းစာ (၁၇)
# မတူသည်ကို တုမိသူ


တစ်ခါတုန်းက တောအုပ်ကြီးတစ်ခု၌ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေသော မြေခွေးတစ်ကောင် ရှိ၏။ တစ်နေ့တွင် မြေခွေးသည် အစာရှာထွက်စဉ် ခြင်္သေ့တစ်ကောင်နှင့် ရင်ဆိုင်တိုးမိသည်။ ခြင်္သေ့ရန်မှ မလွတ်နိုင်တော့မှန်း သိလိုက်သည့်အတွက် မြေခွေးသည် ထိတ်ထိတ်လန့်လန့်ဖြင့် ခြင်္သေ့ရှေ့၌ တုပ်ဝပ်ရှိခိုးလိုက်၏။ ခြင်္သေ့က "ဘာလုပ်တာလဲ"ဟု မေးရာ မြေခွေးက "အရှင်ခြင်္သေ့မင်းအား အနီးကပ် ပြုစုလုပ်ကျွေးချင်လို့ပါ"ဟု ပြန်ပြောလိုက်၏။ ခြင်္သေ့ကလည်း ခွင့်ပြုလိုက်သည်။

ထို့နောက် ခြင်္သေ့က သူနေထိုင်သော ကျောက်ဂူကြီးအတွင်းသို့ မြေခွေးကို ခေါ်သွားပြီး စားကြွင်းစားကျန်များကို ကျွေး၏။ ဤသို့ဖြင့် မြေခွေးသည် မကြာမီပင် ဝဖြိုးလာသည်။မြေခွေးသည် နေ့စဉ်နေ့တိုင်း တောင်ထိပ်သို့ သွား၍ တောင်ခြေ၌ သွားလာကျက်စားနေသော သားကောင်တို့ကို စောင့်ကြည့်ပြီး သူစားချင်သော သားကောင်ကို မှတ်သား၍ သတင်းပို့ရ၏။ ခြင်္သေ့က ထိုသားကောင်ကို သွားရောက်ဖမ်းဆီးပြီး ကိုယ်တိုင်လည်း စား၏၊ မြေခွေးကိုလည်း ကျွေး၏။

ဤသို့နေလာခဲ့ရာမှ ရက်အတန်ကြာလာသောအခါ မြေခွေးသည် ကိုယ့်ကိုယ်ကို အထင်ကြီးလာပြီး ခြင်္သေ့နှင့် တာဝန်လဲလှယ်လိုစိတ် ဖြစ်လာ၏။ ထို့ကြောင့် "ငါ့မှာလည်း ခြေလေးချောင်း ရှိနေတာပဲ၊ ဘာ့ကြောင့် သူများ ကျွေးနေတာကိုပဲ ထိုင်စားနေရမှာလဲ၊ ခြင်္သေ့လိုပဲ ငါလည်း ဆင်စတဲ့ သားကောင်တွေကို ကိုယ်တိုင် သတ်ပြီး စားမယ်"ဟု အကြံဖြစ်သည်။ ထိုအကြံကို ခြင်္သေ့အား ပြောလိုက်၏။

ထိုအခါ ခြင်္သေ့က "မဖြစ်နိုင်ဘူး၊ ဆင်ကို ဖမ်းယူစားသောက်နိုင်တဲ့ မြေခွေးဆိုတာ လောကမှာ မရှိဘူး၊ ဒါ့ကြောင့် မလုပ်ပါနဲ့"ဟု တားမြစ်၏။ သို့သော် မြေခွေးက လက်မခံခဲ့ပေ။ နောက်ဆုံး၌ ခြင်္သေ့သည် မြေခွေးကို ဆန္ဒရှိသည့်အတိုင်း လုပ်ရန် ခွင့်ပေးလိုက်၏။ ထို့နောက် ခြင်္သေ့သည် တောင်ထိပ်သို့ သွားကာ တောင်ခြေ၌ မှန်ယိုနေသော ဆင်တစ်ကောင်ကို မှတ်သား၍ ပြန်လာပြီး မြေခွေးထံ





သတင်းပို့လိုက်၏။ မြေခွေးလည်း ဂူမှ ထွက်၍ ခြင်္သေ့ကဲ့သို့ သုံးကြိမ် ဟိန်းဟောက်လိုက်သည်။ သို့ရာတွင် ခြင်္သေ့သံ ထွက်မလာဘဲ ခွေးဟောင်သံသာ ထွက်လာခဲ့၏။ သို့သော် ဟန်မပျက် ဆင်ဖမ်းရန် မာန်အပြည့်ဖြင့် ဆက်လက် ထွက်ခွာသွားခဲ့သည်။

မြေခွေးသည် ဆင်ကို မြင်သောအခါ ဆင်၏ ဦးခေါင်းပေါ်သို့ ကျအောင် ခုန်လိုက်၏။ သို့သော် ဆင်၏ ခြေရင်း၌သာ ကျလေသည်။ ထိုအခါ ဆင်သည် စိတ်ဆိုးမာန်ဆိုးဖြင့် မြေခွေး၏ ခေါင်းကို နင်းချေလိုက်ရာ မြေခွေး၏ ခေါင်းသည် မှုန့်မှုန့်ညက်ညက် ကြေသွား၏။ ဤသို့ဖြင့် မိမိကိုယ်ကို အထင်ကြီးပြီး မတူသည်ကို တုမိသော မြေခွေးသည် မရှုမလှ ပျက်စီးရလေတော့သည်။

**မတူတာကို တုမိသူ**

အလုပ်ဟူသမျှ . . . ဂုဏ်ရှိစွ
သို့သော် နေရာမှန်ပါမှ။
ခြင်္သေ့မင်းက မာန်ဟုန်ဟုန်
တောလုံး ဖိန့်ဖိန့်တုန်။
မြေခွေးပုံက ကုပ်ချောင်းချောင်း
ဆင်ကိုဖမ်းဖို့ သူချောင်းမြောင်း။
မိမိအကြောင်း ပိုကဲစွာ
အထင်ကြီးတဲ့ မြေခွေးမှာ။
သေကြေကာ ဘဝပျက်ဆီး
မတူသည်ကို တုမိပြီး။ ။

## သင်ခန်းစာ (၁၈)

## ဆရာ့ကျေးဇူး ကန်းသူ



ဗာရာဏသီပြည်တွင် "ဂုတ္တိလ" အမည်ရှိ နာမည်ကျော် စောင်းပညာရှင် တစ်ဦးရှိ၏။ သူသည် မျက်မမြင် မိဘနှစ်ပါးကို စောင်းပညာဖြင့် လုပ်ကျွေးနေသူ ဖြစ်သည်။

တစ်နေ့တွင် "မူသိလ" အမည်ရှိ လူငယ်တစ်ယောက်သည် စောင်းဆရာကြီး ဂုတ္တိလထံတွင် စောင်းပညာသင်ယူရန် ရောက်လာ၏။ ထိုအချိန်တွင် အိမ်၌ ဆရာဂုတ္တိလ မရှိပေ။ မူသိလသည် ဆရာဂုတ္တိလကို စောင့်နေစဉ် ဆရာ၏ စောင်းကို ယူ၍ တီးကြည့်၏။ ဆရာဂုတ္တိလ၏ မျက်မမြင် မိဘနှစ်ပါးတို့က စောင်းကို ကြွက်ကိုက်နေသည်ဟု ထင်ကာ ကြွက်ကို မောင်း၏။ ထိုအခါ မူသိလက စောင်းပညာကို သင်ယူရန် ရောက်လာခြင်းဖြစ်ကြောင်း ပြောလေသည်။

ဆရာဂုတ္တိလ ပြန်ရောက်လာသောအခါ သူ၏စောင်းကို မူသိလ ယူတီးထားသည်ကို သိရှိသွားကာ "အင်း . . . ဒီလူငယ်ဟာ ခွင့်မတောင်းဘဲ ငါ့စောင်းကို ယူတီးတယ်ဆိုတော့ လက်ဆော့တတ်သူပဲ ဖြစ်ရမယ်"ဟု တွေးမိပြီး တပည့်အဖြစ် လက်မခံလိုကြောင်း ပြော၏။ ထိုအခါ မူသိလက မျက်မမြင် မိဘနှစ်ပါး၏ ခြေတို့ကို ကိုင်၍ သူ့ကို တပည့်အဖြစ် လက်ခံအောင် ပြောပေးရန် အကြိမ်ကြိမ် တောင်းပန်လေသည်။ ဆရာဂုတ္တိလလည်း မိဘများ၏ စကားကို မလွန်ဆန်လိုသဖြင့် လက်ခံလိုက်၏။ သို့သော် စိတ်ထားကောင်းသူပီပီ ဆရာစား မချန်ဘဲ အတတ်ပညာအားလုံးကို သင်ကြားပေးသည်။ မူသိလကလည်း ပညာကို ကြိုးကြိုးစားစား သင်ယူခဲ့ရာ မကြာမီပင် စောင်းပညာအားလုံးကို သင်ယူတတ်မြောက်သွား၏။

စောင်းပညာအားလုံး တတ်မြောက်သွားသောအခါ မူသိလက “ငါ့ဆရာလည်း အိုနေပြီ၊ ဒီတော့ ဗာရာဏသီပြည်မှာပဲ အခြေချရရင် ကောင်းမယ်”ဟု ကြံစည်၍ မင်းကြီးထံ ခစားလိုကြောင်း ဆရာဂုတ္တိလအား ပြောပြ၏။ ဆရာဂုတ္တိလကလည်း တပည့်အလိုကျ လျှောက်တင်ပေးရာ မင်းကြီးက “သင့်ကို ပေးသည့် လစာအောက် တစ်ဝက်လျှော့၍ မူသိလအား ပေးမည်”ဟု ပြောသည်။ ထိုအကြောင်းကို ဆရာဂုတ္တိလက မူသိလအား ပြောပြ၏။

ထိုအခါ မူသိလက “ဆရာ . . . ကျွန်တော်လည်း ဆရာလောက် တတ်တာပဲ၊ ဒါ့ကြောင့် ဆရာ့လစာနဲ့ အတူတူရမှသာ မင်းကြီးထံမှာ ခစားနိုင်မယ်”ဟု ပြန်ပြော၏။ ဆရာဂုတ္တိလလည်း ထိုအကြောင်းကို မင်းကြီးအား ပြန်လည် လျှောက်တင်လိုက်သည်။

ထိုအခါ မင်းကြီးက “ဒီလိုဆိုရင် မူသိလအနေနဲ့ ဆရာလောက် တတ်ကြောင်းပြဖို့ လိုတယ်” ဟု ဆရာဂုတ္တိလကို ပြော၏။ မူသိလကလည်း ပြမည်ဖြစ်ကြောင်း ပြောသဖြင့် ဆရာတပည့် စောင်းပညာ ပြိုင်ပွဲ ဖြစ်လာသည်။ ထိုအခါ မင်းကြီးက မူသိလကို ခေါ်၍ “သင်ဟာ ဆရာနဲ့ ပြိုင်မယ်ဆိုတာ တကယ်လား၊ ဆရာနဲ့ ပြိုင်တယ်ဆိုတာဟာ မလုပ်သင့်တဲ့ အလုပ်ဖြစ်တယ်”ဟု ပြော၍ တားမြစ်သော်လည်း မူသိလက လက်မခံပေ။

ပြိုင်ပွဲနေ့ နီးလာသည်နှင့်အမျှ ဆရာဂုတ္တိလသည် “ငါက အသက်ကြီးပြီ၊ စွမ်းရည်တွေလည်း လျော့လာပြီ၊ ပြည့်စုံအောင် စွမ်းဆောင်နိုင်မှာ မဟုတ်တော့ဘူး၊ တပည့်ဆိုတာ ရှုံးလည်း အကြောင်းမဟုတ်ဘူး၊ ဆရာက ရှုံးရင်သာ အရှက်ရမယ်၊ အရှက်ကွဲရမယ့်အစား သေရတာကမှ ကောင်းမယ်”ဟု တွေးပြီး တောထဲသွားကာ မိမိကိုယ်ကို သတ်သေရန် ကြံစည်လေ၏။ တောထဲသို့ ရောက်သောအခါ သေရမည်ကို ကြောက်သဖြင့် ပြန်လာခဲ့သည်။ တစ်ဖန် မိမိကိုယ်ကို သတ်သေရန် တောထဲ သွားပြန်၏။ ထိုသို့ သွားလိုက်ပြန်လိုက် လုပ်နေသည်မှာ လူသွားလမ်းပင် ဖြစ်လာ၏။




ဆရာဂုတ္တိလ၏ ဖြစ်ကြောင်းစုံလင်ကို သိကြားမင်း သိသွားရာ “မြတ်သော စောင်းဆရာ . . . မကြောက်ပါနဲ့၊ ဆရာ့ကို ကျွန်ုပ် ကယ်ပါ့မယ်၊ ဆရာ စောင်းတီးတဲ့အခါ စောင်းကြိုးတစ်ချောင်းကို ဖြတ်ပြီးတီးပါ၊ ကြိုးဖြတ်လိုက်ပေမယ့် ဆရာ့စောင်းသံ မချို့ယွင်းစေရဘူး၊ ဒီလိုလုပ်တာကို ဆရာ့တပည့် မြင်ရင် သူလည်း ကြိုးဖြတ်ပြီး တီးလိမ့်မယ်၊ အဲဒီအခါ သူ့စောင်းသံဟာ ချို့ယွင်းသွား လိမ့်မယ်၊ ဆရာက နောက်ထပ် ကြိုးတစ်ချောင်း ဖြတ်ပါ၊ သူလည်း လိုက်ဖြတ်လိမ့်မယ်။ ဒီလိုနည်းနဲ့ တစ်ချောင်းပြီးတစ်ချောင်း ဖြတ်ပါ၊ စောင်းကြိုးအားလုံး ကုန်တဲ့အခါ စောင်းရိုးသက်သက်ကိုသာ တီးပါ၊ ဆရာ့စောင်းက အသံထွက်နေပါလိမ့်မယ်၊ ဒါဆိုရင် ဆရာ အနိုင်ရပြီပေါ့”ဟု အကြံပေးလိုက်၏။

ပြိုင်ပွဲနေ့ရောက်သောအခါ မင်းရင်ပြင်တွင် တိုင်းသူပြည်သားများလည်း လာရောက် နားထောင်ကြသည်။ ဆရာဂုတ္တိလလည်း သိကြားမင်း မှာထားသည့်အတိုင်း ပြုလုပ်သည့်အခါ တပည့်မူသိလ မည်သို့မျှ မတတ်နိုင်ဘဲ အရှုံးကြီး ရှုံးသွားလေ၏။ တိုင်းသူပြည်သားများကလည်း “တပည့်ယုတ် . . . ဆရာနဲ့ထပ်တူ လခလိုချင်လို့ ဆရာကို ပြိုင်ရသလား၊ ကိုယ့်အရည်အချင်းကို ကိုယ်မသိတတ်ပါလား” ဟု ဆိုကာ ဝိုင်းဝန်းပြစ်တင် မောင်းထုတ်လိုက်လေ၏။ မူသိလလည်း ဗာရာဏသီပြည်တွင် မနေရဲတော့ဘဲ ထွက်ပြေးသွားလေသည်။


**မြတ်သောဆရာ**

တပည့်ရင်သွေးများ နွေးထွေးစွာကြိုဆို
ကောင်းကျိုးညွှန်ရာ မြတ်သောဆရာ။
လောကအလယ် ပွဲလယ်တင့်တယ်အောင်
ပညာနို့ရည်တိုက်ကျွေးကာ အသိဉာဏ်တွေ ဖွင့်ပေးတဲ့ မြတ်သောဆရာ။
ဝါသနာ ကရုဏာ စေတနာပိုကာ ကြီးမားမေတ္တာ ကုဋေကုဋာ
အနန္တဂိုဏ်းဝင် ကျေးဇူးရှင် စံနမူနာ မြတ်သောဆရာ။



# သင်ခန်းစာ (၁၉)

## ပန်းကပ်လှူမယ်



### ပန်းလှူခဲ့သော နတ်သမီးလေး

တစ်ခါတုန်းက အနီရောင် ဖန်ဗိမာန်ကြီးတစ်ခု၌ မဥ္ဇုဋ္ဌကအမည်ရှိ နတ်သမီးလေးတစ်ပါး စံမြန်းနေသည်။ ဗိမာန်၏ အနီး၌ ရနံ့ အလွန်မွှေးကြိုင်သော အင်ကြင်းတောကြီး ရှိ၏။ နတ်သမီးကလေးသည် ဗိမာန်ကြီးမှ ထွက်၍ အင်ကြင်းတောသို့ ဝင်သောအခါ အင်ကြင်းကိုင်း၊ အင်ကြင်းခက်တို့သည် ကိုင်းညွတ်လျက် နတ်သမီးလေး၏ အထက်၌ ပြန့်ကြဲနေကြ၏။

တစ်နေ့သ၌ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နတ်ပြည်သို့ ဒေသစာရီ ကြွတော်မူလာစဉ် ထိုနတ်သမီးလေးကို မြင်လေသည်။ ထိုအခါ မထေရ်မြတ်က "နတ်သမီး . . . ဘယ်လို ကုသိုလ်ကောင်းမှုမျိုးကို ပြုခဲ့လို့ အခုလို ကြီးကျယ်မြင့်မြတ်တဲ့ စည်းစိမ်ချမ်းသာကို ရရှိခံစားနေရတာလဲ"ဟု မေးတော်မူ၏။

ထိုအခါ နတ်သမီးလေးက "အရှင်ဘုရား . . . တပည့်တော်မဟာ လွန်ခဲ့တဲ့ဘဝက သာဝတ္ထိပြည် သူဌေးကြီးတစ်ဦးအိမ်မှာ အစေခံမတစ်ယောက် ဖြစ်ခဲ့ပါတယ်၊ တစ်နေ့မှာ သူဌေးကြီးဟာ မြတ်စွာဘုရားရှင်နဲ့ သံဃာတော်များကို ပင့်ဖိတ်ပြီး အလှူကြီးပေးပါတယ်၊ တပည့်တော်မလည်း အဲဒီအလှူပွဲကြီးမှာ ကုသိုလ်ပါဝင်ချင်ခဲ့ပါတယ်၊ ဒါပေမဲ့ တပည့်တော်မမှာ လှူစရာမရှိခဲ့ပါ။ ဒါ့ကြောင့် အင်ကြင်းတောကြီးဆီ သွားပြီး အင်ကြင်းပန်းတွေကို ခူးယူကာ လျှော်မျှင်တွေနဲ့ သီကုံးပြီး မြတ်စွာဘုရားရှင် ထိုင်တော်မူရာ ထက်ဝန်းကျင်မှာ ချထား ပူဇော်ခဲ့ပါတယ်၊ အဲဒီအင်ကြင်းပန်းလှူခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် အခုလို ကြီးကျယ် မြင့်မြတ်တဲ့ စည်းစိမ်ချမ်းသာကို ရရှိခံစားနေရခြင်း ဖြစ်ပါတယ်ဘုရား"ဟု ပြန်လည် လျှောက်ထားလေ၏။

## ပန်းတော်ကပ်


ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာ သခင် ရှင်တော်မြတ်ဘုရားအား ဤတင့်တယ်လှပမွှေးကြိုင်သော ပန်းတော်ကို (မွှေးကြိုင်သင်းပျံ့သော နံ့သာကို) လှူဒါန်းဆက်ကပ်ပါ၏ အရှင်ဘုရား၊ ဤသို့ ပန်း (နံ့သာ) လှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

## ဆုတောင်း

အနံ့လည်းသင်း၊ အဆင်းလည်းလှ၊ ပန်းလှူရ၍၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ သွယ်သွယ်ဂုဏ်နှင့်၊ အစုံတင့်၊ ထုံသင်းကြိုင်ရပါလို၏ အရှင်ဘုရား။



# သင်ခန်းစာ (၂၀)
## ဆီမီး ကပ်လှူမယ်



### သောက်ရှုးကြယ်

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဥပုသ်နေ့တွင် သာဝတ္ထိမြို့သူမြို့သားတို့သည် ဥပုသ်သီလ ဆောက်တည်ကြ၏။ နံနက်အခါ၌ အလှူဒါနတို့ကိုလည်း ပြုလုပ်ကြ၏။ နေ့လယ်အခါ အဝတ်ဖြူကို ဝတ်ဆင်လျက် ပန်းနံ့သာတို့ကို ယူဆောင်ကာ ဇေတဝန်ကျောင်းတော်သို့ ရောက်လာကြ၏။ ညနေချမ်း ရောက်သောအခါ မိမိတို့ကြည်ညိုရာ ရဟန်းတော်တို့ကို ဆည်းကပ်၍ တရားနာယူကြ၏။ ထိုသို့ တရားနာယူနေကြစဉ် နေဝင်၍ မှောင်သွားသည်။

ထိုအခါ ဥပုသ်သည် အမျိုးသမီးတစ်ဦးသည် "အခုလို အချိန်မျိုးမှာ ဆီမီးထွန်းလိုက်ရရင် ကောင်းမှာပဲ"ဟု အကြံဖြစ်၏။ ထို့ကြောင့် အိမ်သို့ ပြန်ပြီး ဆီယူကာ ဆီမီးထွန်းညှိ၍ တရားဟောပလ္လင်ရှေ့၌ ချထားပူဇော်လျက် တရားနာယူလေသည်။ တရားပွဲပြီးသောအခါ ထိုအမျိုးသမီးသည် မိမိလှူဒါန်းသော ဆီမီးအလှူကို နှစ်သက်ဝမ်းမြောက်လျက် အိမ်သို့ပြန်သွားလေ၏။

ထိုအမျိုးသမီး ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်လေသည်။ နတ်သမီးလေး၏ ကိုယ်ရောင်ကိုယ်ဝါသည် ဆီမီးလှူဒါန်းခဲ့သော ကုသိုလ်ကြောင့် အရုဏ်ဆယ်မျက်နှာသို့ ထွန်းလင်းတောက်ပလျက် အခြားသော နတ်သမီးတို့၏ အရောင်များကို လွှမ်းမိုး၍ နေလေ၏။

တစ်နေ့တွင် အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နတ်ပြည်သို့ ဒေသစာရီ ကြွတော်မူလာစဉ် ထိုနတ်သမီးလေးကို တွေ့မြင်တော်မူသည်။ ထိုအခါ မထေရ်မြတ်က "နတ်သမီး . . . ဘယ်လို ကုသိုလ်ထူးကြောင့် သောက်ရှူးကြယ်ကဲ့သို့ ထူးကဲသော ကိုယ်ရောင် ကိုယ်ဝါကို ပိုင်ဆိုင်နေရတာလဲ" ဟု မေးတော်မူ၏။

ထိုအခါ နတ်သမီးလေးက "အရှင်မြတ်ဘုရား . . . တပည့်တော်မဟာ လူ့ဘဝတုန်းက အလွန် မှောင်တဲ့ညတစ်ညမှာ တရားဟောပလ္လင်ရှေ့မှာ ဆီမီးလှူဒါန်းပူဇော်ပြီး တရားနာယူခဲ့ပါတယ်။ အဲဒီ ကုသိုလ်ထူးကြောင့် အခြားနတ်သမီးများထက် သာလွန်တောက်ပတဲ့ ကိုယ်ရောင်ကိုယ်ဝါကို ရရှိပိုင်ဆိုင် ရခြင်း ဖြစ်ပါတယ်"ဟု ဖြေကြားလျှောက်ထားလေ၏။

### ဆီးမီးကပ်


ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာ သခင် ရှင်တော်မြတ်ဘုရားအား အမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းတောက်ပသော ဤဆီမီး (ဤလျှပ်စစ်မီး) ကို လှူဒါန်းပူဇော်ပါ၏ အရှင်ဘုရား။ ဤဆီမီးလှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

### ဆုတောင်း

ထွန်းလင်းတောက်ပ၊ မီးလှူရ၍၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ လနှယ်နေနှင့်၊ အသရေတင့်၊ ဆင့်ဆင့်ထွန်းလင်း၊ ဉာဏ်မြင်ရှင်း၍၊ အဆင်း လှပရပါလို၏ အရှင်ဘုရား။

## သင်ခန်းစာ (၂၁)

## ဖိနပ်လှူသည့် သူဌေးကြီး



ရှေးလွန်လေပြီးသောအခါက မောင်္ဂနီပြည်တွင် အလွန်ချမ်းသာကြွယ်ဝ၍ အလှူဒါနပြုရန် ထက်သန်သော သူဌေးကြီးတစ်ဦး ရှိ၏။ သူဌေးကြီးသည် မြို့တံခါးလေးခုတွင် အလှူမဏ္ဍပ်လေးခု၊ မြို့လယ်တွင်တစ်ခု၊ မိမိအိမ်ရှေ့တွင် တစ်ခု၊ စုစုပေါင်း မဏ္ဍပ်ခြောက်ခု ဆောက်၍ နေ့စဉ် အသပြာ ခြောက်သိန်းဖိုး လှူဒါန်းလေ့ရှိသည်။

တစ်နေ့တွင် သူဌေးကြီးသည် “ငါ့အိမ်မှာ ပစ္စည်းဥစ္စာတွေ ကုန်သွားရင် ဒီလိုလှူနိုင်တော့မှာ မဟုတ်ဘူး၊ ပစ္စည်းဥစ္စာတွေ မကုန်ခင် စီးပွားရှာထွက်ဦးမှပဲ”ဟု တွေးမိ၍ သုဝဏ္ဏဘူမိသို့ ကုန်ရောင်းကုန်ဝယ် သွားရန် စီစဉ်လေ၏။ ထို့နောက် မိသားစုကို ခေါ်၍ “ငါ သုဝဏ္ဏဘူမိကို သွားမယ်၊ ငါခရီးသွားနေစဉ် နေ့စဉ်ပြုနေကျ အလှူဝတ်ကို မပျက်ပါစေနဲ့”ဟု မှာကြားကာ ဖိနပ်ကို စီး၊ ထီးကိုဆောင်းလျက် နောက်ပါအခြွေအရံများနှင့်အတူ သင်္ဘောဆိပ်သို့ ထွက်ခဲ့သည်။

ထိုအချိန်တွင် ပစ္စေကဗုဒ္ဓါတစ်ပါးသည် သမုဒ္ဒရာအတွင်း၌ သူဌေးကြီး အန္တရာယ် ကျရောက်မည်ကို ကြိုမြင်သည့်အတွက် “ဒီသူဌေးကြီးဟာ ထီး၊ ဖိနပ်တို့ကို ငါ့အား လှူခဲ့ရင် အဲဒီအန္တရာယ်က လွတ်ကင်းနိုင်လိမ့်မယ်၊ သူဟာ သူတော်ကောင်းယောကျ်ားမြတ် ဖြစ်တယ်၊ သူ့ကို ငါ ကယ်မှဖြစ်မယ်”ဟု ဆုံးဖြတ်၍ သဲပူလမ်းပေါ်တွင် ဖိနပ်မပါဘဲ ကြွလာလေ၏။ ဤသို့ကြွတော်မူလာသော

ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရသဖြင့် သူဌေးကြီးသည် “ငါ ခရီးမထွက်ခင် ကုသိုလ်မျိုးစေ့သဖွယ်ဖြစ်တဲ့ အလှူခံကို တွေ့ပြီ”ဟု တွေးကာ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

သို့ဖြစ်၍ သူဌေးကြီးသည် ပစ္စေကဗုဒ္ဓါထံ ချဉ်းကပ်၍ “အရှင်ဘုရား . . . တပည့်တော်ရဲ့ အလှူကို လက်ခံတော်မူပါဘုရား”ဟု လျှောက်တင်၏။ ထို့နောက် ပစ္စေကဗုဒ္ဓါ၏ ခြေတော်အစုံကို ရေဖြင့် စင်ကြယ်အောင် ဆေးကြော၍ နံ့သာဆီဖြင့် သုတ်လိမ်းပေး၏။ လှူမည့်ဖိနပ်ကိုလည်း အဝတ်ဖြင့် သန့်စင်အောင် သုတ်ကာ ပစ္စေကဗုဒ္ဓါ၏ ခြေတော်အစုံတွင် ဝတ်ဆင်လှူဒါန်း၏။ ပြီးလျှင် “အရှင်ဘုရား . . . ဒီဖိနပ်ကိုစီးပြီး ဒီထီးကို ဆောင်းကာ ခရီးဆက်ပါ”ဟု လျှောက်ထား၍ ထီးကိုလည်း လှူလိုက်သည်။ ပစ္စေကဗုဒ္ဓါလည်း သူဌေးကြီး၏ အလှူကို ဝမ်းမြောက်စွာ လက်ခံ၍ မိမိအလှူအတွက် သူဌေးကြီး ကြည်ညိုသဒ္ဓါ ပွားများနိုင်စေရန် သူဌေးကြီး၏ ရှေ့၌ပင် တန်ခိုးဖြင့် ကောင်းကင်သို့ ကြွသွားတော်မူ၏။

သူဌေးကြီးသည် ပစ္စေကဗုဒ္ဓါအပေါ် ကြည်ညိုစိတ်များ ယိုဖိတ်လျက် ပင်လယ်ပြင် ခရီးကို ဆက်ခဲ့သည်။ ခုနစ်ရက်မြောက်သော နေ့တွင် သင်္ဘောပျက်၍ သင်္ဘောပေါ်ပါလာသူ ခရီးသည်၊ ကုန်သည်များ ဒုက္ခရောက်ကြရ၏။ အသားစား ပင်လယ်သတ္တဝါများ စားသည်ကို ခံကြရ၏။ အချို့မှာ သေဘေးကို ကြောက်ရွံ့လှသဖြင့် မိမိတို့ကိုးကွယ်ရာ နတ်ဘုရားများကို တိုင်တည်၍ ငိုကြွေးမြည်တမ်းကြသည်။ သူဌေးကြီးနှင့် သူ၏ အလုပ်အကျွေးတို့သည် ခန္ဓာကိုယ် တစ်ခုလုံးကို ဆီဖြင့် သုတ်လိမ်း၍ ထောပတ်မုန့်များကို အဝစားကြ၏။ စားပြီးသည်နှင့် တစ်ပြိုင်နက် ရွက်တိုင်ထိပ်သို့ တက်ကာ “ဒီဘက် အရပ်မျက်နှာမှာ ငါတို့ မြို့ရှိလိမ့်မယ်”ဟု မှန်းဆ၍ ခုန်ချလိုက်ကြရာ အသားစားသော ပင်လယ်သတ္တဝါတို့၏ ရန်မှ လွတ်လေ၏။ သို့သော်လည်း သမုဒ္ဒရာအတွင်း၌ ခုနစ်ရက်ပတ်လုံး ကူးခပ်ကြရသည်။

သူဌေးကြီးသည် ပင်လယ်ထဲ၌ ဆားငန်ရေဖြင့် ပလုတ်ကျင်း၍ ခုနစ်ရက်ပတ်လုံး ဥပုသ်စောင့်၏။ ထိုအချိန်တွင် သီလစင်ကြယ်သော သူတော်ကောင်းများကို ကယ်တင်ရန် တာဝန်ပေးအပ်ခြင်း ခံထားရသည့် မဏိမေခလာ ပင်လယ်စောင့်နတ်သမီးသည် နတ်စည်းစိမ် ခံစားနေသည့်အတွက် သူတော်စင်သူဌေးကြီး ဒုက္ခရောက်နေသည်ကို မသိလိုက်ပေ။ သူဌေးကြီး ပင်လယ်ထဲတွင် ကူးခတ်၍ ခုနစ်ရက်မြောက်သောနေ့တွင် နတ်သမီးက ပင်လယ်ကို ကြည့်လိုက်သောအခါ သူဌေးကြီး ဒုက္ခရောက်နေသည်ကို တွေ့ရ၏။ ထိုအခါနတ်သမီးသည် “ဒီသူတော်ကောင်းကို မကယ်ရင် နတ်ကောင်း နတ်မြတ်တွေက ငါ့ကို ကဲ့ရဲ့ကြတော့မယ်”ဟု တွေးမိသဖြင့် အရသာနှင့် ပြည့်စုံသော နတ်သုဒ္ဓါကို ရွှေခွက်ဖြင့် ယူဆောင်လျက် သူဌေးကြီးအား သုံးဆောင်စေသည်။

ထိုအခါ သူဌေးကြီးသည် ဥပုသ်စောင့်ထားသည့်အတွက် မစားလိုကြောင်း ငြင်းပယ်လေ၏။ ထို့ကြောင့် နတ်သမီးက “သူဌေးကြီး . . .ဒီလိုဆိုရင် ဘာကို တောင့်တပါသလဲ၊ ကျွန်မ


ဖြည့်ဆည်းပေးပါ့မယ်”ဟု ပြောလျှင် သူဌေးကြီးက “နတ်သမီး . . . သင် ဒီလိုဖြည့်ဆည်းပေးနိုင်တာ သင့်ရဲ့ တန်ခိုးကြောင့်လား၊ ကျွန်ုပ်ရဲ့ ကောင်းမှုကုသိုလ်တွေကြောင့်လား”ဟု မေးလေ၏။

ထိုအခါ နတ်သမီးက “ခရီးမထွက်ခင် ပစ္စေကဗုဒ္ဓါတစ်ပါးကို ထီး၊ ဖိနပ်လှူခဲ့တဲ့ အသင့်ရဲ့ ကောင်းမှုကုသိုလ်ကြောင့် ဖြစ်တယ်”ဟု ဖြေကြား၏။ ထိုအခါ သူဌေးကြီးက “ကောင်းပြီ၊ ဒါဆိုရင် လေနှင်ရာကို ကောင်းကောင်း ဆောင်နိုင်ပြီး ရေမဝင်နိုင်တဲ့ ရွက်သင်္ဘောတစ်စီး လိုချင်ပါတယ်”ဟု တောင်းဆိုလိုက်၏။ ထိုအခါ နတ်သမီးသည် ရတနာခုနစ်ပါးဖြင့် စီခြယ်ထားသော သင်္ဘောတစ်စီးကို ဖန်ဆင်းပေးကာ သူဌေးကြီးကို သင်္ဘောပေါ်သို့ တင်ပေးလိုက်လေ၏။ သူဌေးကြီးနှင့်အတူ အသက်ရှင် ကျန်ရစ်သော တပည့်တစ်ယောက်မှာ မတက်နိုင်ဘဲ ဖြစ်နေရာ သူဌေးကြီးက မိမိပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကို အမျှပေးဝေလိုက်သည်။ ထိုအခါ တပည့်သည် သာဓု ခေါ်ဆို၍ ကုသိုလ်အမျှ ရကာ သင်္ဘောပေါ်သို့ တက်နိုင်သွား၏။ ထို့နောက် သူဌေးကြီးနှင့်တပည့်တို့သည် မိမိတို့နေထိုင်ရာ မောဠိနီမြို့သို့ ပြန်ခဲ့ကြလေတော့သည်။



## သင်ခန်းစာ (၂၂)

## ဩကာသ ကန်တော့ချီးဆိုင်ရာ သိမှတ်ဖွယ်ရာများ (၁)





### ဩကာသ ကန်တော့ချီး

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါး (နှင့်တကွ မိဘ၊ ဆရာသမား) တို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပတ္တိတရား လေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

### ဩကာသ ခေါ်ဆိုပုံ

ဩကာသသည် ပါဠိစကားဖြစ်၏။ “ရှိခိုးပါရစေ၊ ခွင့်ပြုတော်မူပါ”ဟု ခွင့်တောင်းခြင်းကို ဩကာသဟု ခေါ်သည်။ လေးနက်စေရန် သုံးကြိမ် ရွတ်ဆိုရခြင်း ဖြစ်သည်။

**ကံသုံးပါး**

၁။ ကာယကံ = ကိုယ်ဖြင့် ပြုလုပ်ခြင်းကို ကာယကံ ဟုခေါ်သည်။

၂။ ဝစီကံ = နှုတ်ဖြင့် ပြောဆိုခြင်းကို ဝစီကံ ဟုခေါ်သည်။

၃။ မနောကံ = စိတ်ဖြင့် ကြံစည်ခြင်းကို မနောကံ ဟုခေါ်သည်။

**ရတနာမည်ပုံ**

စိတ်နှလုံးကို မွေ့လျော်စေတတ်၊ နှစ်သက်မြတ်နိုးခြင်းကို ဖြစ်စေတတ်သော သက်ရှိ၊ သက်မဲ့ အရာဝတ္ထု ဟူသမျှသည် “ရတနာ” မည်၏။

စိန်၊ ရွှေ၊ ငွေ ကျောက်သံ ပတ္တမြားရတနာတို့သည် လောကရှိ လူအပေါင်းတို့၏ စိတ်နှလုံးကို နှစ်သက်စေတတ်၊ မွေ့လျော်ပျော်ရွှင်စေတတ်သောကြောင့် လောကီရတနာဟု ခေါ်သည်။

ဘုရား၊ တရား၊ သံဃာတို့သည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ စိတ်နှလုံးကို နှစ်သက်စေတတ်၊ မြတ်နိုးစေတတ်သောကြောင့် လောကုတ္တရာရတနာ ဟုခေါ်သည်။

**ဘုရား၊ တရား၊ သံဃာ**

အလုံးစုံသော တရားတို့ကို အကုန်အစင် သိမြင်တော်မူသောကြောင့် ဘုရား ဟုခေါ်သည်။

အပါယ်ဆင်းရဲ၊ သံသရာဝဋ်ဆင်းရဲသို့ မကျရောက်အောင် စောင့်ရှောက်တတ်သော ဘုရားရှင်၏ အဆုံးအမကို တရားဟု ခေါ်သည်။

ဘုရားရှင်၏ အဆုံးအမကို လိုက်နာကြ၍ အယူသီလ တူမျှကြသော၊ သင်ယူ လက်ဆင့်ကမ်း ကျင့်သုံးလိုက်နာကြသော ရဟန်းတော်အပေါင်းကို သံဃာဟု ခေါ်သည်။

**မာန်လျှော့**

ရတနာသုံးပါး၊ မိဘ၊ ဆရာသမားတို့ကို မြင့်မြတ်ရာထား၍ မိမိ၌ရှိသော မာန်မာနတရား များကို လျှော့ချ ဖယ်ရှားထားခြင်းကို မာန်လျှော့သည်ဟု ခေါ်သည်။

**ကန်တော့**

ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ပြစ်မှားမိခဲ့သော် ထိုအပြစ်တို့ကို ကင်းပျောက်စေရန် လက်အုပ်မိုး၍ တောင်းပန်ဝန်ချခြင်းကို ကန်တော့သည်ဟု ခေါ်သည်။

## သင်ခန်းစာ (၂၃)

## ဩကာသ ကန်တော့ချိုးဆိုင်ရာ သိမှတ်ဖွယ်ရာများ (၂)



**အပါယ်**

ချမ်းသာကင်း၍ ကုသိုလ်ကောင်းမှု ပြုခွင့်မရသောအရပ်ကို အပါယ်ဟု ခေါ်သည်။

**အပါယ်လေးပါး**

၁။ ငရဲ (ချမ်းသာမရှိ ဒုက္ခသာရှိသော ဘုံဌာန)

၂။ တိရစ္ဆာန် (ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ကြက်၊ ငှက်၊ ငါး၊ လိပ် စသော ကုန်းနေ၊ ရေနေ၊ ခြေလေးချောင်း၊ ခြေနှစ်ချောင်း သတ္တဝါတို့နှင့် မြွေစသော အခြေမရှိ သတ္တဝါများ)

၃။ ပြိတ္တာ (ချမ်းသာသုခတို့မှ ကင်းဝေးသော တစ္ဆေ၊ မှင်စာ၊ သရဲ၊ သဘက်၊ ကျွတ်ကောင်)

၄။ အသူရကာယ် (လူနှင့် အလွန်ဝေးကွာသော မြစ်ကမ်း၊ သမုဒ္ဒရာ၊ တောတောင်တို့၌ နေရသော ပြိတ္တာအကြီးစား)



**ကပ်**

ပျက်စီးချိန်၊ ဘေးဆိုး ကျရောက်ချိန်ကို “ကပ်”ဟု ခေါ်သည်။

**ကပ်သုံးပါး**

၁။ သတ္တန္တရကပ် (ဓား၊ လှံ၊ လေး၊ မြား၊ သေနတ်၊ အမြောက် စသော လက်နက်များဖြင့် သတ်ဖြတ်ကြ၍ သေကျေ ပျက်စီးရာ ကာလ)

၂။ ရောဂန္တရကပ် (အနာရောဂါ နှိပ်စက်၍ သေကျေပျက်စီးရာ ကာလ)

၃။ ဒုဗ္ဘိက္ခန္တရကပ် (အစာရေစာ ငတ်မွတ်ခေါင်းပါး၍ သေကျေပျက်စီးရာ ကာလ)

**ရပ်ပြစ်**

မင်္ဂ၊ ဖိုလ်၊ နိဗ္ဗာန်တို့ကို မရနိုင်ခြင်းဟု ဆိုအပ်သော အပြစ်များရှိသော အရပ်ကို ရပ်ပြစ်ဟု ခေါ်သည်။



**ရပ်ပြစ်ရှစ်ပါး**

၁။ ငရဲ

၂။ တိရစ္ဆာန်

၃။ ပြိတ္တာ

၄။ အသညသတ်နှင့် အရူပဗြဟ္မာ (ခန္ဓာကိုယ်ရှိသော်လည်း စိတ်မရှိသော ဗြဟ္မာနှင့် စိတ်သာရှိ၍ ခန္ဓာကိုယ်မရှိသော ဗြဟ္မာများ။ ၎င်းတို့သည် ဘုရားပွင့်သော်လည်း တရားမနာနိုင်ကြ၍ ရပ်ပြစ်ရှစ်ပါး၌ ကျရောက်နေသူများ ဖြစ်ကြသည်။)

၅။ ပစ္စန္တရစ် (ဘုရားရှင်နှင့် ရဟန်းတော်များ မရောက်နိုင်သော အစွန်အဖျား အရပ်ဒေသ)

၆။ မိစ္ဆာဒိဋ္ဌိ (တရားမှန်ကို မသိဘဲ မှားသော အယူရှိသူ)

၇။ တရားကို နားလည်လောက်သော ဉာဏ်မရှိသူ

၈။ သာသနာပ ကာလ၌ လူဖြစ်ရသူ။

**ရန်သူ**

မိမိအကျိုး ပျက်ပြားအောင် ပြုလုပ်သောသူကို ရန်သူ ဟုခေါ်သည်။

**ရန်သူမျိုး ငါးပါး**

၁။ ရေ

၂။ မီး

၃။ မင်းဆိုး

၄။ ခိုးသူ

၅။ အမွေခံ သားသမီးဆိုး။



**ဝိပတ္တိ**

ဖောက်ပြန်ခြင်းကို ဝိပတ္တိဟု ခေါ်သည်။

**ဝိပတ္တိတရား လေးပါး**

၁။ ကာလဝိပတ္တိ (မင်းဆိုး၊ မင်းယုတ် အုပ်စိုးသောကာလ)

၂။ ဂတိဝိပတ္တိ (အပါယ်လေးပါး၌ ဖြစ်ရခြင်း)

၃။ ဥပဓိဝိပတ္တိ (ကိုယ်အင်္ဂါကြီးငယ် ချို့တဲ့ခြင်း)

၄။ ပယောဂဝိပတ္တိ (လုပ်ဆောင်မှု မှားယွင်းခြင်း)

**ဗျသန**

ပျက်စီးဆုံးပါးခြင်းကို ဗျသနဟု ခေါ်ပါသည်။

**ဗျသနတရား ငါးပါး**

၁။ ဉာတိဗျသန (ဆွေမျိုးသားချင်းများ ပျက်စီးခြင်း)

၂။ ဘောဂဗျသန (စည်းစိမ်ဥစ္စာ ပျက်စီးခြင်း)

၃။ ရောဂဗျသန (အနာရောဂါနှိပ်စက်၍ ပျက်စီးခြင်း)

၄။ သီလဗျသန (ကိုယ်ကျင့်သီလ ပျက်စီးခြင်း)

၅။ ဒိဋ္ဌိဗျသန (အယူလွဲမှား၍ ပျက်စီးခြင်း)

**မဂ်၊ ဖိုလ်**


နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော တရားလမ်းကို မဂ်ဟု ခေါ်သည်။

မဂ်၏ အကျိုးတရားကို ဖိုလ်ဟု ခေါ်ပါသည်။

**နိဗ္ဗာန်**

ဒုက္ခခပ်သိမ်းတို့၏ ကုန်ဆုံးရာ အေးငြိမ်းချမ်းသာသော သဘောကို နိဗ္ဗာန်ဟု ခေါ်သည်။

## သင်ခန်းစာ (၂၄)
## ပေါက်ပင်နှင့် ညောင်ပင်



ရှေးလွန်လေပြီးသောအခါ ဘုရားအလောင်းတော်သည် ရွှေဟင်္သာမျိုး၌ မင်းဖြစ်လေ၏။ ရွှေဟင်္သာမင်းသည် စိတ္တကုဋ်တောင် ရွှေဂူ၌ နေထိုင်၍ ဟိမဝန္တာတောရှိ ရေအိုင်ကြီးအနီးတွင် ပေါက်လျက်ရှိသည့် သလေးစပါးများကို သွားရောက်စားသောက်လေ့ရှိသည်။ စိတ္တကုဋ်တောင်နှင့် ဟိမဝန္တာကြားတွင် ပေါက်ပင်ကြီးတစ်ပင် ရှိ၏။ ရွှေဟင်္သာမင်းသည် အသွားအပြန် ခရီးများ၌ ထို ပေါက်ပင်တွင် တစ်ခဏမျှ နားနေတတ်၏။ အချိန်ကြာလာသောအခါ ရွှေဟင်္သာမင်းသည် ထိုပေါက်ပင်ရှိ ရုက္ခစိုးနတ်နှင့် မိတ်ဆွေဖြစ်လာသည်။

တစ်နေ့သ၌ ငှက်မတစ်ကောင်သည် ညောင်သီးမှည့်ကို စားလာ၍ ပေါက်ပင်ခွကြားတွင် ခေတ္တနားနေရင်း ကျင်ကြီး စွန့်ချခဲ့ရာ အချိန်တန်သောအခါ ကျင်ကြီးတွင်ပါလာသော ညောင်စေ့မှ အပင်ပေါက်လာ၏။ ညောင်ပင်သည် တဖြည်းဖြည်း ကြီးထွားလာကာ အနီရောင် ရွက်ညွန့်ကလေး များဖြင့် တင့်တယ်လျက်ရှိသည်။

တစ်နေ့တွင် ရွှေဟင်္သာမင်းသည် ပေါက်ပင်၌ နားနေစဉ် ထိုညောင်ပင်ငယ်ကို မြင်တွေ့လေလျှင် အန္တရာယ်ကို ကြိုမြင်သဖြင့် ပေါက်ပင်စောင့်နတ်အား “အဆွေ . . . ညောင်ပင်တို့မည်သည် အရွယ်ရောက်လာလျှင် မိမိမှီခိုရာ သစ်ပင်ကို ဖျက်ဆီးတတ်၏၊ ထို့ကြောင့် ဤညောင်ပင်ကို ကြီးခွင့် မပေးလင့်၊ သင့်ဗိမာန်ကို သူ မဖျက်ဆီးနိုင်မီ ဦးစွာ နှုတ်ပစ်ပါလော့”ဟု သတိပေး၏။

သို့သော် ပေါက်ပင်စောင့်နတ်သည် ရွှေဟင်္သာမင်း၏ သတိပေးစကားကို အလေးမထားဘဲ "အဆွေဟင်္သာမင်း . . . ညောင်ပင်ငယ်လေးသည် ငါ့ကို မှီခို၍ ရှင်သန်ကြီးထွားလာရ၏။ ဤညောင်ပင်ငယ်လေး ကြီးချင်သလောက် ကြီးပါစေ၊ မိဘများသည် သားသမီးတို့၏ မှီခိုအားထားရာ ဖြစ်သကဲ့သို့ ငါသည်လည်း ဤညောင်ပင်ငယ်လေး၏ မှီခိုအားထားရာ ဖြစ်ပါမည်၊ နောင်သောအခါ ဤညောင်ပင်လေးသည် ငါ၏ မှီခိုအားထားရာ တစ်ဖန် ဖြစ်လာပေလိမ့်မည်"ဟု ပြန်ပြောလိုက်၏။ ရွှေဟင်္သာမင်းလည်း သတိပေးစကားကို မနာယူသော မိတ်ဆွေ ပေါက်ပင်စောင့်နတ်ကို ထားရစ်ခဲ့ပြီး မိမိနေထိုင်ရာ အရပ်သို့ ပြန်သွားလေ၏။ ထိုအချိန်မှစ၍ ပေါက်ပင်သို့ လာရောက် နားခိုခြင်းလည်း မရှိတော့ပေ။

ညောင်ပင်ငယ်သည် နှစ်ကာလ ကြာမြင့်လေလျှင် အကိုင်းအခက်တို့ဖြင့် တဖြည်းဖြည်းကြီးထွားလာရာ ပေါက်ပင်ကို ဝါးမျိုသွားလေ၏။ ပေါက်ပင်မှာလည်း အခက်အလက်များ အပိုင်းပိုင်း ပြတ်ကျသွားသဖြင့် ပေါက်ပင်စောင့်နတ်၏ ဘုံဗိမာန်သည် ပျက်စီးရလေသည်။ ထို့နောက် ညောင်ပင်ကို အပိုင်စားရသော ညောင်ပင်စောင့်နတ် တစ်ပါးလည်း ဘုံဗိမာန်နှင့်တကွ ဖြစ်ပေါ်လာ၏။

နောက်ဆုံးတွင် ပေါက်ပင်ပျောက်၍ ညောင်ပင်ကြီးသာ ကျန်လေသည်။ ထိုအခါ ပေါက်ပင်စောင့်နတ်သည် ဖြစ်လာမည့်ဘေးကို မြင်၍ ပြောသော ရွှေဟင်္သာမင်း၏ သတိပေးစကားကို ပြန်လည်ကြားယောင်မိကာ မိတ်ဆွေရွှေဟင်္သာမင်း၏ စကားကို မနာယူခဲ့သည်မှာ မှားလေခြင်းဟု တွေး၍ ငိုကြွေးရှာလေတော့၏။



## သင်ခန်းစာ (၂၅)

## မဟာဓန သူဌေးသား



ဘုရားရှင်လက်ထက်တော်အခါက ဗာရာဏသီမြို့၌ ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသော သူဌေးကြီး ဇနီးမောင်နှံတွင် "မဟာဓန"ဟု ခေါ်သည့် သားတစ်ယောက် ရှိသည်။ မိခင်ဖခင်တို့သည် သားငယ်ကို ချစ်မြတ်နိုးလှသဖြင့် မည်သည့်ပညာကိုမျှ မသင်စေဘဲ အတီးအမှုတ် အကအခုန်စသည့် အပျော်အပါးတို့ဖြင့်သာ အချိန်ကုန်စေသည်။ သူဌေးကြီးက "တို့မှာ စည်းစိမ်ဥစ္စာရတနာတွေ အများကြီး ရှိတယ်၊ ဘာအလုပ်မှ မလုပ်ဘဲ သားငယ် အလိုရှိသမျှ သုံးနိုင်တယ်"ဟု တွေး၍ သားငယ်အား မည်သည့်အလုပ်မျှ လုပ်ကိုင်စေခြင်း မရှိပေ။ မဟာဓန အရွယ်ရောက်လာသည့်အခါ မိမိတို့ကဲ့သို့ပင် ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာသော သူဌေးသမီးတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားပေးလေသည်။

နှစ်ဘက်မိဘများ ကွယ်လွန်သွားသောအခါ မဟာဓနသူဌေးသားမှာ ကုဋေတစ်ရာ့ခြောက်ဆယ် ကြွယ်ဝလာလေသည်။ သို့သော် စီးပွားဥစ္စာတိုးပွားကြောင်း မည်သည့်အလုပ်ကိုမျှ မလုပ်ဘဲ အတီးအမှုတ် အကအခုန်စသည့် အပျော်အပါးများဖြင့်သာ အချိန်ကုန်နေခဲ့၏။ တစ်နေ့တွင် သူဌေးသားသည် အခြွေအရံများနှင့် ထွက်လာရာ လမ်းတွင် အရက်သမားများနှင့် ဆုံမိကြသည်။ အရက်သမားများက သူဌေးသားကို မှီခိုစားသောက်လိုသည့်အတွက် "သူဌေးမင်း သက်တော်ရာကျော်ရှည်ပါစေ" စသည်ဖြင့် နှုတ်ဆက်မိတ်ဖွဲ့ကြသည်။

မိမိ၏ အလုပ်အကျွေးများကလည်း "အရက်ဟာ လောကမှာ အကောင်းဆုံး အဖျော်ယမကာ ဖြစ်ပေတယ် အရှင့်သား"ဟု ပြောပြကြသဖြင့် သူဌေးသားသည် မြည်းစမ်းသောက်ကြည့်ရာမှ အရက်စွဲသွားလေသည်။ ထိုအချိန်မှစ၍ သူဌေးသားသည် အရက်သမားများနှင့်ပေါင်း၍ သောက်စားမူးယစ်နေသည်။ ပစ္စည်းဥစ္စာများကိုလည်း စည်းကမ်းမရှိ သုံးဖြုန်းပစ်သည့်အတွက် မိဘအမွေများအားလုံး ကုန်ခန်းသွား


လေ၏။ ထို့နောက် ဇနီးဘက်မှ ရရှိသော အမွေများကိုလည်း သုံးဖြုန်းပစ်ပြန်သည်။

အမွေအားလုံး ကုန်သွားသောအခါ လယ်ယာ၊ ကျွဲနွား၊ ခြံမြေ၊ အဝတ်အထည်၊ အိုး၊ ခွက် စသည်တို့ကို ရောင်းချ စားသောက်ပစ်ပြန်သည်။ အသက်အရွယ် ကြီးရင့်လာချိန်တွင် ရောင်းချစားသောက်စရာ မရှိတော့သဖြင့် အိမ်ကိုပင် ရောင်းလိုက်ကြရသည်။ ထို့ကြောင့် နေစရာမရှိတော့ဘဲ သူတစ်ပါး၏ အိမ်ဘေးတွင် မှီခို၍ နေကြရ၏။ စားစရာလည်းမရှိ၊ စီးပွားလည်း မရှာတတ်သဖြင့် တောင်းရမ်းစားသောက်ကာ အသက်မွေးရတော့သည်။ တစ်နေ့တွင် မဟာဓနတို့ ဇနီးမောင်နှံသည် ဘုရားရှင်၏ ဆွမ်းစားဇရပ်သို့ ရောက်လာကာ ကိုရင်ငယ်များ စွန့်သော ဆွမ်းကျန်၊ ဟင်းကျန်များကို တောင်းရမ်းစားသောက်နေရသည့် အဖြစ်ကို ဘုရားရှင် မြင်တော်မူသောအခါ ပြုံးတော်မူသည်။

ထိုအခါ အရှင်အာနန္ဒာက ပြုံးတော်မူခြင်း၏ အကြောင်းရင်းကို မေးလျှောက်သောအခါ "ချစ်သားအာနန္ဒာ . . . ဒီသူဌေးသားဟာ ပထမအရွယ်မှာ စီးပွားရှာခဲ့ရင် ဟောဒီဗာရာဏသီမြို့မှာ ပထမတန်းစား သူဌေးကြီးတစ်ဦး ဖြစ်နိုင်တယ်၊ ဒုတိယအရွယ်မှာ စီးပွားရှာခဲ့ရင် ဒုတိယတန်းစား သူဌေးကြီး ဖြစ်နိုင်တယ်၊ တတိယအရွယ်မှာ စီးပွားရှာခဲ့ရင် တတိယတန်းစား သူဌေးကြီး ဖြစ်နိုင်သေးတယ်၊ လူ့ဘောင်ကနေ ရှောင်ခွာပြီး ရဟန်းပြုရင်လည်း ဇနီးမောင်နှံနှစ်ဦးစလုံး တရားထူးရနိုင်တယ်၊ ခုတော့ သူဟာ လူ့လောကစည်းစိမ်ချမ်းသာကိုရော လောကုတ္တရာချမ်းသာကိုပါ လက်လွှတ်ဆုံးရှုံးရပြီ၊ သူဟာ အရွယ်ရှိတုန်း အချိန်အခါ အခွင့်အရေး ပေးတုန်းမှာ လုပ်သင့်တဲ့ အလုပ်တွေကို မလုပ်ခဲ့ဘူး၊ ဒါ့ကြောင့် အကျိုးစီးပွားမှန်သမျှ ဆုံးရှုံးခဲ့ရတယ်၊ အခုတော့ သူတို့နှစ်ဦးဟာ ငါးမရှိတဲ့ ညွန်အိုင်မှာ အတောင်ကျွတ်တဲ့ ကြိုးကြာအိုလို ငေးမှိုင်နေရတယ်၊ ရှေးဖြစ်ဟောင်း ချမ်းသာတွေကို ညည်းတွားအောက်မေ့ပြီးသာ နေရတော့တယ်"ဟု မိန့်ကြားတော်မူသည်။



# သင်ခန်းစာ (၂၆)
# အချိန်ကို စီမံခြင်း



## မြတ်စွာဘုရား၏ တစ်နေ့တာ လုပ်ငန်းစဉ်များ

ဗုဒ္ဓမြတ်စွာသည် နေ့စဉ်လုပ်ငန်းများကို အစီအစဉ်အတိုင်း စနစ်တကျ ဆောင်ရွက်တော်မူလေ့ရှိ၏။ ခန္ဓာကိုယ်အတွက် လိုအပ်ချက်များကို ဖြည့်ပေးရသည့် အချိန်မှတစ်ပါး အခြားအချိန်များ၌ လောကအကျိုးပြု လုပ်ငန်းများကိုသာ ဆောင်ရွက်တော်မူလေ့ရှိ၏။ ဗုဒ္ဓမြတ်စွာသည် တစ်နေ့တာ လုပ်ငန်းစဉ်များကို အပိုင်းငါးပိုင်း ခွဲခြား၍ ဆောင်ရွက်တော်မူလေ့ရှိ၏။ ယင်းတို့မှာ –

၁။ နံနက်ပိုင်း လုပ်ငန်းစဉ်

၂။ နေ့လယ်ပိုင်း လုပ်ငန်းစဉ်

၃။ ညဦးပိုင်း လုပ်ငန်းစဉ်

၄။ သန်းခေါင်ယံညဉ့်လယ်ပိုင်း လုပ်ငန်းစဉ်နှင့်

၅။ မိုးသောက်ယံညဉ့်နှောင်းပိုင်း လုပ်ငန်းစဉ်တို့ ဖြစ်သည်။

နံနက်ပိုင်း လုပ်ငန်းစဉ်များကို နံနက် ၄ နာရီမှ နေ့လယ် ၁၂ နာရီအထိ ပိုင်းခြားနိုင်သည်။ မြတ်စွာဘုရားသည် နံနက် ၄ နာရီ၌ လျောင်းစက်အနားယူရာမှ ထတော်မူသည်။ ထို့နောက် ကိုယ်လက် သန့်စင်ခြင်း၊ မျက်နှာသစ်ခြင်း၊ သွားတိုက်ခြင်း–စသည်တို့ကို ပြုလုပ်၍ ၁ နာရီနီးပါး ဖလသမာပတ် ဝင်စားတော်မူသည်။ နံနက် ၅ နာရီခန့်မှ ၆ နာရီခန့်အထိ အကူအညီလိုအပ်နေသူရှိ၊ မရှိ လောကကြီး တစ်ခုလုံးကို တန်ခိုးတော်ဖြင့် ကြည့်တော်မူ၏။ ၆ နာရီခန့်တွင် သင်္ကန်းကို သပ်ရပ်စွာ ဝတ်ရုံတော်မူ၍ ဆွမ်းခံကြွတော်မူသည်။ မြတ်စွာဘုရားသည် တစ်ခါတစ်ရံ တစ်ပါးတည်း ကြွတော်မူ၍ တစ်ခါတစ်ရံ နောက်ပါသံဃာတော်များစွာဖြင့် ကြွတော်မူ၏။ ဆွမ်းခံကြွရင်း လူတို့အား တရားဒေသနာများ ဟောကြားတော်မူသည်။

နေ့လယ်ပိုင်း လုပ်ငန်းစဉ်များကို ဆွမ်းဘုဉ်းပေးပြီးသော နေ့လယ် ၁၂ နာရီခန့်မှ ညနေ ၆ နာရီခန့်အထိ ပိုင်းခြားနိုင်၏။ ရှေးဦးစွာ မြတ်စွာဘုရားသည် ရဟန်းတော်များ မေးလျှောက်သော

အမေးပုစ္ဆာများကို ဥပမာများနှင့်တကွ ကျိုးကြောင်းပြကာ ဖြေရှင်းပေးတော်မူသည်။ ထို့နောက် ခေတ္တအနားယူတော်မူသည်။ အနားယူပြီးသောအခါ လောကတစ်ခုလုံးကို တန်ခိုးတော်ဖြင့် ကြည့်ရှုတော်မူ၏။ ထိုသို့ကြည့်သောအခါ တရားဟောသင့်သူတစ်ယောက်ကို ဖြစ်စေ၊ အများကိုဖြစ်စေ မြင်တော်မူလျှင် မည်မျှဝေးလံသော ဒေသဖြစ်စေကာမူ ကြွရောက်၍ တရားဟောတော်မူသည်။ ညနေပိုင်းတွင် မိမိထံ လာရောက်တရားနာသူများကို တရားဟောတော်မူသည်။

ညဉ့်ဦးပိုင်း လုပ်ငန်းစဉ်များကို ညနေ ၆ နာရီခန့်မှ ည ၁၀ နာရီခန့်အထိ ပိုင်းခြားနိုင်သည်။ နေဝင်ချိန်တွင် ရေချိုးတော်မူသည်။ ညချမ်းအချိန်တွင် တရားအားထုတ်ပြီး ပြန်ကြွလာကြသော ရဟန်းတော်များ မေးမြန်းသည့် ပုစ္ဆာပြဿနာများကို ဖြေကြားတော်မူကာ လိုအပ်သည်များကို လမ်းညွှန်ပေးတော်မူသည်။ ရဟန်းတော်များ၏ အခက်အခဲ ပြဿနာများကို ဂရုပြုနားထောင်တော်မူပြီးနောက် မေးမြန်းသင့်သည်များကို ပြန်လည်မေးမြန်းကာ ဖြေရှင်းပေးတော်မူ၏။


သန်းခေါင်ယံ ညဉ့်လယ်ပိုင်း လုပ်ငန်းစဉ်များကို ည ၁၀ နာရီခန့်မှ ၂ နာရီခန့်အထိ ပိုင်းခြားနိုင်သည်။ လူခြေတိတ်ချိန်ဖြစ်သဖြင့် မြတ်စွာဘုရားထံသို့ နတ်ဗြဟ္မာများ လာရောက်ဖူးမြော်ကြကာ ပုစ္ဆာပြဿနာများ မေးလျှောက်၍ တရားတော်များ နာယူပါက ပြန်လည် ဖြေရှင်းဟောကြားပေးတော်မူသည်။

မိုးသောက်ယံ ညဉ့်နောင်းပိုင်း လုပ်ငန်းစဉ်များကို ည ၂ နာရီခန့်မှ ၄ နာရီခန့်အထိ ပိုင်းခြားနိုင်သည်။ ထိုအချိန်အတွင်း မြတ်စွာဘုရားသည် စင်္ကြံလျှောက်တရားရှုမှတ်တော်မူပြီး ခေတ္တမျှ ကျိန်းစက်အနားယူတော်မူသည်။

မြတ်စွာဘုရားသည် တစ်နေ့လျှင် ၂ နာရီခန့်သာ လျောင်းစက် အနားယူတော်မူ၍ နာရီများစွာ အလုပ်လုပ်တော်မူသည်။ ဤသို့ဖြင့် မြတ်စွာဘုရားသည် လေးဆယ့်ငါးနှစ်ပတ်လုံး သတ္တဝါအများ တရားအသိအမြင်ရရှိရေး၊ လောကငြိမ်းချမ်းရေးအတွက် မနေမနား ကြိုးပမ်းအားထုတ်တော်မူခဲ့လေသည်။



## သင်ခန်းစာ (၂၇)
## လုံ့လဝီရိယ ထားကြမယ်



### လုံ့လမရှိဘဲ ချီးကျူးခံချင်သူ

မြတ်စွာဘုရား လက်ထက်တော်အခါက သာဝတ္ထိပြည်၌ အရှင်တိဿ အမည်ရှိ ရဟန်းတစ်ပါး ရှိ၏။ သူသည် ငယ်ရွယ်စဉ်က ဖျတ်လတ်သန်မာ၍ ဉာဏ်ကောင်းသော်လည်း ဇွဲလုံ့လ နည်းပါးကာ ကြိုးစားလိုစိတ် မရှိပေ။ အမြဲတစေ ပေါ့ပေါ့ဆဆ နေတတ်ပြီး ပင်ပင်ပန်းပန်း လုပ်ရမည်ကိုလည်း ကြောက်၏။ ရဟန်းဖြစ်လာသောအခါတွင်လည်း စာပေလေ့လာခြင်း၊ တရားအားထုတ်ခြင်းမရှိဘဲ သက်သက်သာသာပင် နေလေ့ရှိသည်။

တစ်နေ့တွင် အရှင်တိဿ၏ သီတင်းသုံးဖော် မိတ်ဆွေရဟန်းများသည် အေးအေးချမ်းချမ်း တရားအားထုတ်နိုင်ရန် လူသူကင်းဝေးသော တောအရပ်သို့ ကြွသွားကြ၏။ ထိုအခါ အရှင်တိဿသည် "ငါဟာ သီတင်းသုံးဖော်တွေနဲ့အတူ တောထဲကို လိုက်သွားရင် ဇေတဝန်ကျောင်းတော်ကြီးမှာ နေရသလို သက်သောင့်သက်သာရှိမှာ မဟုတ်ဘူး၊ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ နေရလိမ့်မယ်"ဟု စိုးရိမ်ကာ လိုက်မသွားဘဲ နေရစ်ခဲ့လေသည်။

အချိန်အတန်ကြာသောအခါတောထဲသို့ ကြွ၍ တရားအားထုတ်သော ရဟန်းတို့သည် တရားထူး ရရှိကာ ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွလာကြ၏။ မိမိတို့ ရရှိခဲ့သော တရားထူးများကို ဘုရားရှင် ထံတွင် ပြန်လည်လျှောက်တင်ကြရာ မြတ်စွာဘုရားရှင်သည်ထိုရဟန်းတို့၏ ကြိုးစားအားထုတ်မှုကို ကျေနပ်နှစ်သက်၍ အထူးတလည် ချီးကျူးတော်မူ၏။

ထိုအခါ အရှင်တိဿမှာ တောထဲသို့ လိုက်မသွားမိသည်ကို နောင်တရလျက် မိတ်ဆွေရဟန်းများကဲ့သို့ ဘုရားရှင်ထံမှ ချီးကျူးစကားကို လိုချင်နေမိ၏။ သို့ဖြစ်၍ ဘုရားရှင်၏ ချီးကျူးစကားကို ရလိုသဖြင့် တစ်ညလုံး စင်္ကြံလျှောက်ကာ ကမ္မဋ္ဌာန်းတရား ပွားများ၍ နေလေသည်။ သို့သော် အမြဲတစေ ပေါ့ပေါ့ဆဆ သက်သောင့်သက်သာ နေခဲ့သူဖြစ်ရာ ဖွဲမရှိဘဲ မကြာခင်မှာပင် ငိုက်မျဉ်းလာ၏။ ငိုက်မျဉ်းရင်း စင်္ကြံလျှောက်ရာ စင်္ကြံအစွန်းရှိ ကျောက်ဖျာပေါ်သို့ လဲကျ၍ ပေါင်ရိုး ကျိုးသွားလေသည်။ ထိုအခါ နာကျင်လွန်းလှသဖြင့် ကျယ်လောင်စွာ အော်လိုက်သော အရှင်တိဿ၏ အသံကြောင့် သီတင်းသုံးဖော်ရဟန်းများ နိုးလာပြီး လာရောက်ပြုစုကြ၏။

သူ့ကို ဝိုင်းဝန်းပြုစုပေးနေကြစဉ် အရုဏ်တက်သွားသဖြင့် ရဟန်းတော်များသည် ပင့်ဖိတ်ထားသော ရွာသို့ မကြွရောက်နိုင်ကြတော့ပေ။ ထိုအကြောင်းကို ဘုရားရှင် သိတော်မူသောအခါ "ချစ်သားရဟန်းတို့ . . . ငယ်ရွယ်စဉ် ကာယ၊ ဉာဏ ခွန်အားများနဲ့ ပြည့်စုံချိန်မှာ ဖွဲလုံ့လရှိရှိ ကြိုးစားသင့်ပါလျက် မကြိုးစားဘဲ ပျင်းရိထိုင်းမှိုင်းနေတဲ့သူ၊ စိတ်ကူးတွေနဲ့သာ အချိန်ကုန်နေတဲ့သူဟာ ပညာဉာဏ်နဲ့သာ ရနိုင်တဲ့ တရားထူးတရားမြတ်ကို မရနိုင်"ဟု ရဟန်းတို့အား ဆုံးမမိန့်ကြားလေ၏။

### ဖွဲ လုံ့လ ဝီရိယ

လာပါသူငယ်ချင်း မပျင်းနဲ့လေ ......
ကြိုးစားကြစို့ အတူတူပါ ......
အချိန်ရှိတုန်း ရွှင်ပြုံးဝမ်းသာ ......
ဖွဲ လုံ့လနဲ့ ကြိုးစားမှာ ......
ဝီရိယ အစဉ်တွဲ ...... တိုးတက်ဖို့ပဲ ......
ကောင်းတဲ့အကျင့်ကို သင်ယူကာ ......
ကံကောင်းသူရော ဉာဏ်ကောင်းသူရော ......
ဖွဲ လုံ့လ အမြဲရှိရမှာ။



# သင်ခန်းစာ (၂၈)

## လောကကို စောင့်ရှောက်သော တရား



ရှေးသရောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးနှင့် မိဖုရားကြီးတို့တွင် “မဟိံသကုမာရ”နှင့် “စန္ဒကုမာရ”ဟု ခေါ်တွင်သည့် သားတော်နှစ်ပါး ထွန်းကား၏။ ထိုသားတော်နှစ်ပါး ပြေးနိုင်လွှားနိုင်သည့် အရွယ်သို့ရောက်သောအခါ မိဖုရားကြီး နတ်ရွာစံသွားလေသည်။ ထိုအခါ မင်းကြီးက အခြားမိဖုရားတစ်ပါးကို မိဖုရားကြီးအရာ ထားလိုက်၏။ ထိုမိဖုရားကြီးက “သူရိယကုမာရ”အမည်ရှိ သားတော်လေးတစ်ပါး ဖွားမြင်၏။ မင်းကြီးသည် ဖွားမြင်စ သားတော်လေး သူရိယကို ချစ်မြတ်နိုးလွန်းလှသဖြင့် မိဖုရားကြီးအား လိုရာဆု တောင်းခွင့်ပေး၏။ မိဖုရားကြီးက “အခုတော့ မတောင်းလိုသေးပါ၊ နောင် အလိုရှိတဲ့အခါမှ တောင်းပါ့မယ်”ဟု ပြန်လျှောက်ထားလေ၏။

သူရိယမင်းသားလေး အရွယ်ရောက်လာသောအခါ မိဖုရားကြီးက သားတော်လေး သူရိယကို ထီးနန်းလွှဲအပ်ပေးရန် မင်းကြီးအား တောင်းဆို၏။ ထိုအခါ မင်းကြီးက သားတော်ကြီးနှစ်ပါး ရှိသေးသဖြင့် မသင့်တော်ဟုဆိုကာ ငြင်းပယ်လိုက်သည်။ သို့သော် မိဖုရားကြီးက “အရှင်မင်းကြီး . . . အရှင်မင်းကြီး ပေးထားတဲ့ ဆုကိုပဲ အကျွန်ုပ် တောင်းနေတာ ဖြစ်တယ်”ဟု ဆို၍ အကြိမ်ကြိမ် တောင်းဆို၏။ နောက်ဆုံးတွင် မင်းကြီးသည် မိဖုရားကြီးတောင်းသော ဆုကို ပေးရန် သဘောတူလိုက်ရသည်။ သို့သော် သားတော်ကြီးနှစ်ပါး၏ အသက်အန္တရာယ် စိုးရိမ်ရသဖြင့် သူတို့ကို ခေါ်ကာ “သားတော်တို့ . . . ခမည်းတော် မရှိတော့တဲ့အခါမှ နန်းတော်သို့ ပြန်လာ၍ မင်းပြုပါ၊ အခုအချိန်မှာတော့ တောထဲသို့ သွား၍ နေကြဦး”ဟု မျက်ရည်စက်လက်ဖြင့် မှာကြားကာ လွှတ်လိုက်၏။ သားတော်နှစ်ပါးတို့သည် ခမည်းတော်မင်းကြီးကို ရှိသေစွာ ကန်တော့၍ ထွက်လာကြစဉ် မင်းရင်ပြင်၌ ကစားနေသော သူရိယမင်းသားလေးက သူလည်းလိုက်ပါရစေဟုဆိုကာ နောင်တော်နှစ်ပါးနှင့်အတူ တောထဲသို့ လိုက်ပါသွားသည်။

မင်းသားတို့ ဟိမဝန္တာတောထဲသို့ ရောက်သောအခါ အစ်ကိုကြီးမဟိံသက ညီငယ်သူရိယ မင်းသားလေးကို "ညီလေး . . . ရေအိုင်ရှိရာကို သွားပြီး ရေချိုးရေသောက်ပါ၊ ပြီးရင် အစ်ကိုတို့အတွက် လည်း ပဒုမ္မာကြာရွက်နဲ့ ရေခပ်ခဲ့ပါ"ဟု မှာ၍ လွှတ်လိုက်၏။

သူရိယမင်းသားလေး ရောက်သွားသော ရေအိုင်ကို ဘီလူးကြီး တစ်ကောင်က စောင့်၏။ ဤရေအိုင်သို့ လာ၍ ရေချိုး၊ ရေသောက်၊ ကြာပန်းခူးသူများကို ဖမ်းယူစားသောက်ရန် ဝေဿဝဏ်နတ်မင်းကြီးက ဘီလူးကြီးအား ခွင့်ပြုထား၏။ သို့သော် မစားမီ ရှေးဦးစွာ ဝေဿဝဏ်နတ်မင်းကြီး မေးခိုင်းထားသည့် "လောကကို စောင့်ရှောက်တဲ့ တရားက ဘာလဲ"ဟူသော မေးခွန်းကို ဘီလူးကြီးက အဖမ်းခံရသူများအား မေး၏။ ဖြေနိုင်သူကို လွှတ်ပေး၍ မဖြေနိုင်သူကို သတ်စားသည်။

သူရိယမင်းသားလေးသည် မစူးစမ်းမဆင်ခြင်ဘဲ ရေအိုင်အတွင်းသို့ ဆင်းလိုက်မိရာ ဘီလူးကြီး၏ ဖမ်းဆီးခြင်းကို ခံလိုက်ရ၏။ ထိုအခါ ဘီလူးကြီးက "လောကကို စောင့်ရှောက်တဲ့ တရားက ဘာလဲ"ဟု မင်းသားလေးအား မေးလေ၏။ မင်းသားလေးက "နေနဲ့လ"ဟု ဖြေရာ အဖြေမှားသဖြင့် ဘီလူးကြီးက မင်းသားလေးကို ဖမ်းထားလိုက်သည်။

အချိန်တန်၍ ညီငယ်လေးသူရိယ ပြန်မလာသောအခါ အစ်ကိုကြီး မဟိံသက ညီလတ်စန္ဒကုမာရကို ထပ်မံစေလွှတ်လိုက်၏။ စန္ဒကုမာရမင်းသားလည်း ဘီလူးကြီး၏ ဖမ်းဆီးခြင်းကို ခံရပြန်သည်။ ဘီလူးကြီး၏မေးခွန်းကို စန္ဒကုမာရမင်းသားက "အရပ်လေးမျက်နှာ"ဟု ဖြေ၏။ လိုချင်သည့် အဖြေ မဟုတ်သဖြင့် စန္ဒကုမာရမင်းသားကိုလည်း ဖမ်းထားလိုက်ပြန်သည်။

ညီတော်နှစ်ဦး ပြန်ရောက်မလာသည့်အတွက် အန္တရာယ်နှင့် ကြုံတွေ့နေပြီဟု အစ်ကိုကြီးမဟိံသက တွေးမိသဖြင့် ရေအိုင်ရှိရာသို့ လိုက်လာလေ၏။ ရေအိုင်သို့ ရောက်သောအခါ ရေစပ်သဲ့နုန်ပေါ်တွင် ညီနှောင် နှစ်ပါးတို့၏ အဆင်းခြေရာများသာ တွေ့ရ၍ အတက်ခြေရာများ မတွေ့ရသဖြင့် "ဒီရေအိုင်ကို ဘီလူး စောင့်လိမ့်မယ်"ဟု ဆင်ခြင်ကာ ရေအိုင်ထဲသို့ ချက်ချင်း မဆင်းသေးဘဲ အခြေအနေကို စောင့်ကြည့်နေသည်။

ထိုအခါ ဘီလူးကြီးက လယ်သမားဟန်ဆောင်၍ မဟိံသမင်းသားကို ရေအိုင်ထဲသို့ ဆင်းရန် ဖြားယောင်း၏။ မင်းသားလည်း လယ်သမား၏ အမူအရာကို ကြည့်၍ ဘီလူးမှန်း သိကာ "အကျွန်ုပ်ရဲ့ ညီတော်နှစ်ပါးကို ဖမ်းထားတယ် မဟုတ်လား"ဟု မေးလေ၏။ ဘီလူးကြီးက "ကျွန်ုပ်မေးတဲ့ မေးခွန်း ကို မဖြေနိုင်လို့ ဖမ်းထားတယ်"ဟု ပြန်ဖြေလေရာ မဟိံသမင်းသားက ဘီလူးကြီး၏ မေးခွန်းကို သိလို ကြောင်း မေးသည်။ ဘီလူးကြီးက "လောကကို စောင့်ရှောက်သော တရားက ဘာလဲ"ဟု မေး၏။ မင်းသားက "အရှက်နဲ့အကြောက် ဖြစ်တယ်"ဟု ဖြေဆို၍ ထိုတရားနှစ်ပါးကို အခြေပြုကာ ဘီလူးကြီး အား တရားဟော၏။

မဟိံသမင်းသား၏ တရားကို ဘီလူးကြီး သဘောကျသွားကာ "သင်ရဲ့အဖြေ မှန်ပါတယ်၊ ဒါကြောင့် ညီငယ်နှစ်ယောက်ထဲက တစ်ယောက်ကို လွှတ်ပေးမယ်၊ အလိုရှိတဲ့ တစ်ယောက်ကို ရွေးချယ်ပါ"ဟု ဆိုလေရာ မဟိံသမင်းသားက ညီငယ်လေး သူရိယကိုသာ ပေးပါဟု တောင်းဆို၏။

ထိုအခါ ဘီလူးကြီးက "အရှင်မင်းသား . . . သင်ဟာ လောကကို စောင့်ရှောက်တဲ့တရားကို

သိပေမယ့် မကျင့်သုံး၊ သင်ဟာ ကြီးတဲ့သူကို အလေးမထားဘဲ ညီလတ်ကို ချန်ထားပြီး ညီငယ်ကိုသာ တောင်းဆိုတယ်”ဟု ကဲ့ရဲ့ပြောဆို၏။ ထိုအခါ မဟိံသမင်းသားက “သူရိယမင်းသားဟာ ကျွန်ုပ်ရဲ့ ညီအရင်း မဟုတ်ဘူး၊ အဖေတူအမေကွဲ ဖြစ်တယ်၊ သူ့ကြောင့် ဒီဟိမဝန္တာတောကို ကျွန်ုပ်တို့ ထွက်လာရခြင်း ဖြစ်တယ်၊ ဒါ့ကြောင့် ညီငယ်သူရိယကို ဘီလူးစားသွားပြီလို့ ပြောရင် ကျွန်ုပ်တို့ကို ဘယ်သူကမှ ယုံကြည်မှာ မဟုတ်ဘူး၊ ဒီလိုကဲ့ရဲ့မှာကို စိုးရိမ်တဲ့အတွက် ညီငယ်ကိုသာ တောင်းရခြင်း ဖြစ်တယ်”ဟု ရှင်းပြလိုက်လေ၏။


ထိုအခါ ဘီလူးကြီးသည် မဟိံသမင်းသား၏ အဖြေကို နှစ်ခြိုက်သဘောကျသဖြင့် “မင်းသား . . . သင်ဟာ လောကစောင့်တရားကို သိလည်းသိ ကျင့်လည်းကျင့်သုံးပါပေတယ်”ဟု ပြော၍ ညီတော်နှစ်ပါးလုံးကို လွှတ်ပေးလိုက်လေသည်။

**ဟိရိဩတ္တပ္ပ**

လာပါထိုင်ပါ ကလေးတို့ရယ် . . .
ဆရာပြောပြမယ် . . .
လောကအလယ် တင့်တယ်ရေး၊
နေထိုင်တတ်ဖို့ တွေး။
ဉာဏ်ပညာနှင့် ဆင်ခြင်ကာ၊
ပြောဆို လုပ်ကိုင်ပါ။
မကောင်းမှုတွေကို လုပ်မည့်ကြံ၊
ရှက်ကြ ကြောက်ကြရန်၊
လူလောကကို တင့်အောင်သ၊
ဟိရိဩတ္တပ္ပ။



# သင်ခန်းစာ (၂၉)
## သေးတာမက်လို့ ကြီးတာပျောက်




ရှေးအခါက ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးတွင် အကြံပေး ပညာရှိအမတ်ကြီးတစ်ယောက် ရှိ၏။ မင်းကြီးသည် အမတ်ကြီး၏ အကြံပေးချက်များအတိုင်း လေးလေးစားစား လိုက်နာဆောင်ရွက်လေ့ရှိသည်။

တစ်နေ့သ၌ တိုင်းပြည်အစွန်အဖျားတွင် ခိုးဆိုးလုယက်သူများ သောင်းကျန်းနေကြောင်း ထိုအရပ်ရှိ စစ်မှူထမ်းများက မင်းကြီးထံ စာသဝဏ်လွှာဖြင့် လျှောက်တင်ကြ၏။ ထိုအချိန်သည် စစ်ချီရန် မသင့်တော်သည့် မိုးတွင်းကာလ ဖြစ်နေသည်။ သို့သော် မင်းကြီးသည် ထိုအရပ်သို့ စစ်ချီရန် ဥယျာဉ်အတွင်း၌ စစ်စခန်း ချထား၏။ အကြံပေးပညာရှိ အမတ်ကြီးသည်လည်း မင်းကြီးနှင့်အတူ ဥယျာဉ်၌ ရှိနေသည်။

တစ်နေ့တွင် စစ်သည်တော်များသည် မြင်းများကို အစာကျွေးရန် ကုလားပဲပြုတ်များကို မြင်းစားခွက်တွင် ထည့်ထားကြ၏။ ထိုအခါ မျောက်တစ်ကောင်သည် ပဲပြုတ်များကို နှိုက်၍ ပါးစပ်အပြည့် ထည့်သည့်အပြင် လက်ခုပ်ထဲတွင်လည်း အပြည့် ထည့်ကာ သစ်ပင်ပေါ်သို့ တက်ပြေးသွား၏။ ထို့နောက် သစ်ကိုင်းပေါ် ထိုင်၍ စားမည့်ဆဲဆဲတွင် လက်ထဲမှ ပဲစေ့တစ်စေ့သည် မြေကြီးပေါ်သို့ ကျသွားလေရာ မျောက်သည် လက်ထဲမှ ပဲစေ့များကို လွှတ်ချကာ မြေပြင်သို့ ဆင်း၍ ကျသွားသော ပဲစေ့ကို ရှာသည်။ သို့သော် ပဲစေ့မှာ လွင့်စဉ်သွားသဖြင့် ရှာမတွေ့တော့ပေ။ ထိုအခါ မျောက်သည် သစ်ပင်ပေါ်သို့ ပြန်တက်ကာ အလွန်စိတ်ဆင်းရဲသော အမူအရာဖြင့် ထိုင်နေ၏။

မင်းကြီးသည် မျောက်၏ အမူအရာကို မြင်သောအခါ အမတ်ကြီးကို ခေါ်၍ မေး၏။ အမတ်ကြီးက



"မြတ်သောမင်းကြီး . . . အများကို မကြည့်ဘဲ အနည်းကို ကြည့်မိတဲ့ ပညာမဲ့သူတွေဟာ ဒီမျောက်လိုပဲ မိုက်မဲတဲ့လုပ်ရပ်ကို လုပ်တတ်ကြပါတယ်၊ မျောက်ဟာ ပဲစေ့တစ်စေ့အတွက် ပဲအများကြီးကို ဆုံးရှုံးလိုက်ရတယ်၊ အနည်းငယ်သော အကျိုးကိုသာ မြင်မိတဲ့သူဟာ အကျိုးများစွာကို လက်လွှတ်ရတတ်ပါတယ်၊ ဒီလိုပဲ အခုချိန်ဟာ မိုးတွင်းကာလဖြစ်လို့ နယ်စွန်နယ်ဖျားကို စစ်ချီရင် ဆုံးရှုံးမှုများနိုင်တယ်။ ဒါ့ကြောင့် စစ်မချီသင့်သေးပါ"ဟု လျှောက်တင်လိုက်၏။

မင်းကြီးသည် အမတ်ကြီး၏ အကြံပေးစကားကို လက်ခံကာ စစ်ချီရန် ပြင်ဆင်ထားသော တပ်များကို ရုပ်သိမ်း၍ နေပြည်တော်သို့ ပြန်သွားလေတော့၏။




**အရေးကြီးတာဦးစားပေး**

နေ့စဉ်နေ့တိုင်း အလုပ်လုပ်ကာ
သား/သမီးတို့တွေမှာ ပညာရှာ။
တွေးတောစရာ သိပ်ကိုများ
နှိုင်းယှဉ်လို့ စဉ်းစား။
ဦးစားပေးပြီး လုပ်ဆောင်ပါ
အရေးကြီးသည့် ကိစ္စသာ။
ဆုံးရှုံးနစ်နာ မဖြစ်စေရေး
ဉာဏ်ပညာနဲ့ ဆင်ခြင်ပေး
အရေးကြီးတာကို ဦးစားပေး။



## သင်ခန်းစာ (၃၀)
## ဆုံးဖြတ်ချက် မခိုင်မာသူ



လွန်လေပြီးသောအခါက ဗာရာဏသီပြည့်ရှင်ဘုရင်ကြီးမှာ သားတော်နှစ်ပါး ရှိ၏။ သားတော်ကြီးအား အိမ်ရှေ့မင်းအရာ ပေး၍ သားငယ်ကို စစ်သူကြီးအရာ ပေးထားသည်။

တစ်နေ့တွင် ဘုရင်ကြီးသည် ရုတ်တရက် နာမကျန်းဖြစ်၍ နတ်ရွာစံလေ၏။ ထိုအခါ မှူးမတ်များက သားတော်ကြီးကို ဘုရင်အဖြစ် တင်မြှောက်ကြသည်။ သို့သော် သားတော်ကြီးက "ကျွန်ုပ် ဘုရင် မလုပ်ချင်"ဟု ဆိုကာ ငြင်း၏။ "ဒါဆိုရင် အိမ်ရှေ့စံအဖြစ်နဲ့ နေပါ"ဟု တောင်းပန်ကြသော်လည်း လက်မခံပေ။ ပညာရှိမှူးမတ်တို့နှင့် ဆွေတော်မျိုးတော်တို့က အသေအချာ စဉ်းစားဆုံးဖြတ်ရန် ပြောကြ၏။ ဦးရီးတော်ကလည်း "ဘုရင်အဖြစ်ဆိုတာ လူသာမန်တွေရတာ မဟုတ်ဘူး၊ သင်က မလိုချင်ဘူးဆိုတော့ အတော်ထူးဆန်းတာပဲ၊ အခု မလိုချင်ဘူးဆိုပေမယ့် နောင်တစ်ချိန်ကျရင် လိုချင်နေဦးမယ်၊ သေသေချာချာ စဉ်းစားဆုံးဖြတ်ပါ"ဟု သတိပေး၏။

ဦးရီးတော်နှင့် ပညာရှိမှူးမတ်တို့က မည်သို့ပင် တိုက်တွန်းကြသော်လည်း ဘုရင်အဖြစ်ကို အလိုမရှိကြောင်း၊ ဘဝကို အေးဆေးသက်သာစွာ နေသွားလိုကြောင်း ပြောကာ တောရွာလေးတစ်ရွာတွင် အေးအေးဆေးဆေး သွား၍ နေလေသည်။ ပညာရှိမှူးမတ်တို့နှင့် တိုင်းသူပြည်သားတို့သည် မင်းသား၏ စွန့်လွှတ်နိုင်စွမ်းကို ချီးကျူးအံ့သြ၍ လေးစားကြည်ညိုကြ၏။ ဤသို့ဖြင့် မင်းသားငယ် စစ်သူကြီးသည် ဘုရင်ဖြစ်လာလေသည်။

မင်းသား သွားရောက်နေထိုင်သောရွာ၌ ဘုရင့်ထံတွင် နှစ်စဉ် အခွန်ငွေ ၁၀၀ ဆက်သနေရသော သူဌေးတစ်ဦး ရှိ၏။ မင်းသား ရောက်၍ မကြာမီ ထိုသူဌေးသည် ရွာသို့ ရောက်လာသူမှာ မင်းသား ဖြစ်ကြောင်း သိရသဖြင့် အခွန်ရှောင်ရန် စိတ်ကူးရသွားကာ မင်းသားကို သွားရောက်ချဉ်းကပ်၍ အလုပ်အကျွေးပြုသည်။ စားသောက်ဖွယ်ရာ၊ နေရာထိုင်ခင်း၊ အသုံးအဆောင် စသည်တို့ကို ထောက်ပံ့ပေး၏။ ထို့နောက် ဘုရင့်ထံ ဆက်သနေရသည့် အခွန်ငွေကို ကင်းလွတ်ခွင့် ရလိုကြောင်း တောင်းပန်ရာ မင်းသားက ညီငယ်ဘုရင့်ထံ စာရေး၍ အကြောင်းကြားပေးလိုက်သည်။

ညီငယ်ဘုရင်ကလည်း မိမိ၏ နောင်တော်အား အလုပ်အကျွေးပြုနေသည်ကို ထောက်ထားကာ ကင်းလွတ်ခွင့် ပြုလိုက်၏။ ထိုသတင်းသည် တစ်ခဏချင်း ပျံ့နှံ့သွားလေရာ ထိုရွာအနီးဝန်းကျင်မှ သူဌေးများကလည်း မင်းသားကို ချဉ်းကပ်ပြုစု၍ အခွန်ရှောင်ရန် ကြိုးစားကြ၏။ မင်းသားကလည်း မိမိကို ပြုစုသော သူဌေးများ အခွန်ကင်းလွတ်ခွင့် ရရန် ညီငယ်ဘုရင့်ထံတွင် ခွင့်တောင်းပေးပြန်သည်။ ဤသို့ဖြင့် မင်းသားသည် ပစ္စည်းဥစ္စာအခြွေအရံများ တဖြည်းဖြည်း တိုးပွားလာသည်ကို နှစ်သက်သဘောကျလာ၏။

တစ်နေ့တွင် သူဌေးများက "အရှင်မင်းသား . . . ဒီတစ်နယ်လုံးကို အခွန်ကင်းလွတ်ခွင့် ပြုရန် ဘုရင့်ထံ တောင်းဆိုပေးပါ၊ အရှင်မင်းသားကိုသာ ကျွန်ုပ်တို့ အခွန်ဘဏ္ဍာ ဆက်သလိုပါတယ်" ဟု မင်းသားထံ ချဉ်းကပ်၍ ပြောကြရာ မင်းသားကလည်း သဘောတူလက်ခံပြီး ညီငယ်ဘုရင်ထံ တောင်းဆိုပေး၏။ နောင်တော်၏ တောင်းဆိုချက်ကို ညီငယ်ဘုရင်ကလည်း မငြိုမငြင်ပင် ခွင့်ပြုသည်။

ထိုအခါ ဘုရင့်ထံ အခွန်မဆောင်ရအောင် ကူညီပေးသည့် မင်းသားကို သူဌေးများက သူ့ထက်ငါ သာအောင် ပြုစုထောက်ပံ့ကြ၏။ နောက်ဆုံးတွင် တိုင်းပြည်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များသည်





ဘုရင့်ထံ အခွန်မဆက်သလိုသဖြင့် မင်းသားကိုသာ သွားရောက်ပြုစု ထောက်ပံ့ကြ၏။ ဤသို့ဖြင့် မင်းသားမှာ တစ်နေ့တခြား လောဘတက်လာကာ တစ်မြို့ပြီးတစ်မြို့ အခွန်ကင်းလွတ်ခွင့် ပြုရန် ညီငယ်ဘုရင့်ထံ တောင်းဆိုသည်။ သဘောကောင်း၍ ကျေးဇူးသိတတ်သော ညီငယ်ဘုရင်ကလည်း နောင်တော် တောင်းသမျှကို လိုက်လျောခွင့်ပြုပေး၏။


ဤသို့ဖြင့် မင်းသားသည် နယ်များ၊ မြို့များကို အပိုင်စားရရုံဖြင့် မကျေနပ်နိုင်တော့ဘဲ တိုင်းပြည် အုပ်ချုပ်သော ဘုရင် ဖြစ်ချင်လာ၏။ သို့ဖြစ်၍ မင်းသားသည် သူဌေးများ၏ အကူအညီကို ယူကာ လက်နက်လူသူ စုဆောင်း၍ မင်းနေပြည်တော်သို့ စစ်ချီလေသည်။ နေပြည်တော်အနီးသို့ ရောက်သောအခါ "စစ်တိုက်မည်လော၊ တိုင်းပြည်ကို ပေးမည်လော"ဟူသော အမှာစာကို ညီငယ်ဘုရင့်ထံ ပို့စေ၏။

ထိုအခါ သဘောထားပြည့်ဝ၍ အမြော်အမြင်ရှိသော ညီငယ်ဘုရင်သည် "ညီအစ်ကို အချင်းချင်း စစ်တိုက်၍ တိုင်းပြည်လုတာ မဖြစ်သင့်"ဟု တွေးမိကာ နောင်တော်မင်းသားကို စစ်မတိုက်လိုကြောင်း၊ တိုင်းပြည်ကိုသာ ယူစေလိုပါကြောင်း အကြောင်းပြန်၍ တိုင်းပြည်ကို အပ်နှင်းလိုက်၏။

နောင်တော်မင်းသားသည် ဘုရင်အဖြစ်ကို ရရှိခဲ့သော်လည်း ပညာရှိအမတ်တို့နှင့် တိုင်းသူပြည်သားတို့သည် သူ့ကို လေးစားကြည်ညိုခြင်း အလျဉ်းမရှိကြပေ၊ သူပြောသမျှကိုလည်း အယုံအကြည် မရှိကြဘဲ "ဆုံးဖြတ်ချက် မခိုင်မာသူ"ဟု ပြစ်တင်ကဲ့ရဲ့ကြလေသည်။ တိုင်းသူပြည်သားတို့၏ လေးစားကြည်ညိုမှု၊ ယုံကြည်မှုကို မရရှိသောကြောင့် နောင်တော်မင်းသားဘုရင်သည် အမြဲမပြတ် စိုးရိမ်ကြောင့်ကြလျက် တိုင်းပြည်ကို အုပ်ချုပ်သွားရလေသည်။

## သင်ခန်းစာ (၃၁)

## ပညာရှိခေါင်းဆောင်



ရှေးအခါက ရွာတစ်ရွာတွင် အသိဉာဏ်ပညာနှင့် ပြည့်စုံသော ကုန်သည်တစ်ယောက် ရှိသည်။ တစ်နေ့တွင် ထိုကုန်သည်သည် ကုန်ရောင်းကုန်ဝယ် ပြုလုပ်ရန် နောက်ပါလှည်းသမားများနှင့်အတူ ခရီးထွက်လာ၏။ ခရီးမထွက်မီ သူ၏ လှည်းသမားများကို "နေရာ အသစ်တစ်ခုရောက်ရင် မစားဖူးတဲ့ အသီး၊ အရွက်၊ သစ်မြစ်၊ သစ်ဖုတွေကို ကျွန်ုပ်အား အသိမပေးဘဲ မစားကြနဲ့"ဟု သတိပေးတားမြစ်ထားသည်။ ဤသို့ဖြင့် လှည်းကုန်သည်တို့သည် တောအုပ်ကြီးတစ်ခုအနီးသို့ ရောက်လာလေသည်။

ထိုတောအုပ်အစပ်ရှိ ရွာအဝင်တွင် အပင်တစ်ပင်၏ ပင်စည်၊ အခက်၊ အရွက်၊ အပွင့်၊ အသီး အားလုံးတို့မှာ သရက်ပင်နှင့် အသွင်သဏ္ဌာန်တူသည်။ အသီး၏ အနံ့အရသာသည်လည်း သရက်သီးနှင့်တူသည်။ သို့သော် ထိုအပင်သည် အဆိပ်ပင် ဖြစ်သဖြင့် စားမိလျှင် တစ်ခဏချင်းပင် သေစေနိုင်သည်။ အဆိပ်သီးကို စားမိ၍ သေဆုံးသွားကြသော ခရီးသွားများ၏ ပစ္စည်းဥစ္စာတို့ကို ရွာသားများက ယူလိုသောကြောင့် ထိုအပင်ကို ခုတ်လှဲခြင်း မပြုကြပေ။

နောက်တစ်နေ့တွင် ယခင်ကုန်သည်များကဲ့သို့ ယခု လှည်းကုန်သည် အားလုံးတို့သည်လည်း အဆိပ်သီးကို စားမိ၍ သေဆုံးနေကြလိမ့်မည်ဟု ရွာသားများက ထင်နေကြ၏။ သို့သော် ခရီးဆက် လက်ထွက်ခွာရန် ပြင်ဆင်နေကြသော လှည်းကုန်သည်တို့ကို တွေ့မြင်ရ၍ အလွန်အံ့ဩသွားကြလေ သည်။ ထိုအခါ ရွာသားများက လှည်းကုန်သည်တို့ကို "ဒီအပင်က အသီးကို မစားမိကြဘူးလား"ဟု မေးရာ "ကျွန်ုပ်တို့ ခေါင်းဆောင်က အဆိပ်သီးလို့ ပြောတဲ့အတွက် မစားတာပါ"ဟု ပြန်ဖြေကြ၏။ ထိုအခါ ရွာသူကြီးက ခေါင်းဆောင်ကုန်သည်ကို "ဘယ်လို သုံးသပ်မိလို့ အဆိပ်သီးမှန်း သိတာလဲ" ဟု မေးလိုက်သည်။

ပညာရှိကုန်သည်က "အချက်နှစ်ချက်ကြောင့် ဒီအပင်ဟာ သရက်ပင် မဟုတ်ဘူးဆိုတာ သိရတာ ပါ၊ ပထမတစ်ချက်က ဒီအပင်ဟာ လူတွေ အလွယ်တကူ တက်လို့ရတဲ့အပင် ဖြစ်တယ်၊ ဒုတိယတစ်ချက်က ဒီအပင်ဟာ ရွာနဲ့မနီးမဝေးမှာ ရှိတယ်၊ စားလို့ရတဲ့ အသီးဖြစ်ရင် အသီးတွေဟာ ဒီလောက် ပြွတ်သိပ် နေမှာ မဟုတ်ဘူး၊ လူတွေ တက်ချည်၊ ဆင်းချည် ပြုလုပ်ကြလို့ အကိုင်း၊ အခက်၊ အရွက်တွေလည်း အချို့နေရာတွေမှာ ကျိုးကြေပျက်စီးနေကြလိမ့်မယ်၊ အခုတော့ မပျက်စီးဘဲ အကောင်းပကတိ ရှိနေကြလို့ ရွာသားတွေက ဒီအသီးကို ဆွတ်ယူစားသုံးခြင်း မရှိကြဘူး၊ ဒါကြောင့် အဆိပ်သီးလို့ သုံးသပ်မိတယ်၊ ဒီအချက်နှစ်ချက်ကြောင့် ကျွန်ုပ်ရဲ့ နောက်ပါလှည်းကုန်သည်တွေကို မစားကြဖို့ တားမြစ်ရခြင်း ဖြစ်တယ်" ဟု ပြန်လည် ဖြေကြားလိုက်သည်။

ရွာသားများသည် ခေါင်းဆောင်ကောင်းပီသစွာဖြင့် လက်အောက်ငယ်သားများ၏ အကျိုးကို ဆောင်ရွက်တတ်သော ပညာရှိလှည်းကုန်သည်အား လေးစားသွားကြ၏။ ပညာရှိလှည်းကုန်သည် သည် ရွာသားများကို စင်ကြယ်သော အသက်မွေးမှုဖြင့် စီးပွားရှာကြရန် ပြောဆိုဆုံးမ၍ အဆိပ်ပင်ကို လည်း ခုတ်လှဲပစ်ရန် ပြောကြားခဲ့သည်။ ပညာရှိခေါင်းဆောင်ကောင်းတို့မည်သည် အများအကျိုးကို ဉာဏ်ပညာဖြင့် ချင့်ချိန်၍ ဆောင်ရွက်တတ်ကြသူများ ဖြစ်ကြပေသည်။



**ခေါင်းဆောင်ကောင်း**

ခေါင်းဆောင်တို့မည်သည်
ဦးဆောင်ကာကွယ်သည်
ဆုံးဖြတ်ချက်တွေ အခိုင်အမာချ ရဲဝံ့ပြတ်သားစွာ
တွန်းလှန်ခုခံသည် အသိဉာဏ်အမြော်အမြင်ဆီ
စဉ်းစားသုံးသပ် တွက်ချက်စိစစ်ကာ
အများအကျိုးတွေ ဖြစ်ထွန်းရာ
မြင်အောင်ကြည့်တတ်တာ ခေါင်းဆောင်ကောင်းတွေပါ။

# သင်ခန်းစာ (၃၂)

## ဒေါ်ဦးဖွန်း



မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဘိုးဘွားရိပ်သာများကို စတင်တည်ထောင်ခဲ့သူမှာ ဒေါ်ဦးဖွန်း ဖြစ်သည်။ ဒေါ်ဦးဖွန်းသည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီးလက်ထက် ရတနာပုံနေပြည်တော်၌ မြန်မာ သက္ကရာဇ် ၁၂၃၀ ပြည့်နှစ် ဝါခေါင်လဆန်း ၅ ရက် သောကြာနေ့တွင် ပိုးကုန်သည်ကြီး အဘဦးအိ၊ အမိဒေါ်မျှင်တို့မှ ဖွားမြင်သည့် တစ်ဦးတည်းသော သမီး ဖြစ်သည်။

ဒေါ်ဦးဖွန်းသည် ဘာသာတရားလေးစားသည့် မိဘများ၏ ဆုံးမသွန်သင်မှုကြောင့် ငယ်စဉ်ကပင် ဘာသာရေးကို အထူးကိုင်းရှိုင်းသော အမျိုးကောင်းသမီး ဖြစ်ခဲ့၏။ ပုဗ္ဗာရုံကျောင်းအမ ဝိသာခါထုံး နှလုံးမူကာ ခုနစ်နှစ်အရွယ်ကပင် ငါးပါးသီလကို နေ့စဉ် စောင့်ထိန်း၍ ဥပုသ်ရက်တို့၌ ရှစ်ပါးသီလကို အမြဲမပြတ် ဆောက်တည်ခဲ့သည်။ မင်္ဂလာတရားတော်နှင့်အညီ ခြိုးခြံစွာ ကျင့်သုံးနေထိုင်၍ ရက်ရောစွာ ပေးကမ်းလှူဒါန်းတတ်သည်။ မာန်မာနမရှိဘဲ မိမိကိုယ်ကိုယ် နှိမ့်ချ၍ နေလေ့ရှိသည်။ မိဘကျေးဇူးကို

အထူးသိတတ်သည်။ အသက် ၁၆ နှစ်အရွယ်မှစ၍ ဒေါ်ဦးဗွန်းသည် မိသားစုလုပ်ငန်းဖြစ်သော ပိုးကုန်သည်အလုပ်ကို ဦးစီးလုပ်ကိုင်ခဲ့၏။ ပိုးထည်အရောင်းအဝယ်ကိစ္စနှင့် အမြို့မြို့အနယ်နယ်သို့ ကူးသန်းသွားလာရသောကြောင့် မိတ်ဆွေများ၍ လူပေါင်းဆန့်ကာ ဗဟုသုတကြွယ်ဝသည်။

ဒေါ်ဦးဗွန်း အသက် ၂၂ နှစ်အရွယ် ရောက်သောအခါ မိဘများ ကွယ်လွန်ခဲ့သည်။ ဒေါ်ဦးဗွန်းသည် အိမ်ထောင်မပြုခဲ့ပေ။ အသက် ၃၀ အရွယ်တွင် မန္တလေးမြို့ ပတ္တမြားဆရာတော်ဘုရားကြီးအား အုတ်ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုအချိန်မှစ၍ ပတ္တမြားအုတ်ကျောင်းအမ ဒေါ်ဦးဗွန်းဟူ၍ လူသိများလာသည်။ အသက် ၄၆ နှစ်အရွယ်တွင် ပိုးထည်ရောင်းဝယ်ရေးကိစ္စဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိစဉ် ထင်ရှားသော ဘုရားများကို လှည့်လည်ဖူးမြော်ပြီး ဗရင်ဂျီသာသနာပြု ခရစ်ယာန်သီလရှင် ကျောင်းသို့လည်း သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ ထိုကျောင်းတွင် ဗုဒ္ဓဘာသာ ဘိုးဘွားများကို ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ထားသော်လည်း ဘုရားရှိခိုးခြင်း၊ ဥပုသ်စောင့်ခြင်းစသည်တို့ကို မပြုလုပ်ရဘဲ ခရစ်ယာန်ဘာသာထုံးစံအတိုင်း ဝတ်ပြုရသည်ကို တွေ့မြင်ခဲ့ရသည်။ ထိုအခါ ဗုဒ္ဓဘာသာ ဘိုးဘွားများ မိမိဘာသာကို လွတ်လပ်စွာ ကိုးကွယ်ကျင့်သုံးခွင့် ရရှိစေရန် စောင့်ရှောက်ရေး ဌာနတစ်ခု ဖွင့်လှစ်မည်ဟု ဆုံးဖြတ်လိုက်၏။

ထို့နောက် မန္တလေးမြို့သို့ ပြန်ရောက်သောအခါ စစ်ကိုင်းတောင်ရိုး အရိယမဂ္ဂင်ချောင် ဆရာတော် ဘုရားကြီးအား လျှောက်ထား၍ မင်းကွန်းခေါင်းလောင်းကြီးအနီးတွင် ဘိုးဘွားရိပ်သာကို ၁၂၇၈ ခုနှစ် တွင် စတင်တည်ထောင်ခဲ့သည်။ ရှေးဦးစွာ အဘိုးအိုတစ်ယောက်၊ အဘွားအိုနှစ်ယောက်ကို လက်ခံ၍ ဒေါ်ဦးဗွန်းကိုယ်တိုင် အဖော်မိန်းကလေးတစ်ဦးနှင့် ဝတ်ကြီးဝတ်ငယ် ပြု၍ ကျွေးမွေးစောင့်ရှောက်ခဲ့၏။ ၁၂၈၀ ပြည့်နှစ် ရောက်သောအခါ အဘိုးအဘွား ၂၀ ခန့်ကို စောင့်ရှောက်နိုင်ခဲ့သည်။ ထိုနှစ်တွင် အလှူပါဝင်လိုသူများထံမှ အလှူငွေ လက်ခံကာ ဘိုးဘွားရိပ်သာအသင်းကို စတင်တည်ထောင်ခဲ့သည်။

ဒေါ်ဦးဗွန်းသည် မင်းကွန်း ဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာ လုပ်ငန်းကို တည်ထောင်ခဲ့ပြီးနောက် ၁၂၈၉ ခုနှစ်တွင် သထုံမြို့ မြသပိတ်တောင်ခြေ၌လည်းကောင်း၊ ၁၂၉၀ ပြည့်နှစ်တွင် ပေါင်းတည်မြို့၌လည်းကောင်း၊ ၁၂၉၅ ခုနှစ်တွင် ရန်ကုန်မြို့ နှင်းဆီကုန်း၌လည်းကောင်း၊ ၁၂၉၉ ခုနှစ်တွင် ပခုက္ကူမြို့၌လည်းကောင်း ဘိုးဘွားရိပ်သာများ တည်ထောင်ခဲ့သည်။ ထို့နောက် သူ့၌ ရှိရှိသမျှသော ပစ္စည်းအားလုံး စုစုပေါင်း နှစ်သိန်းဖိုးခန့်ကိုလည်း ဘိုးဘွားရိပ်သာများသို့ လှူဒါန်းလိုက်လေသည်။ အသက် ၆၀ အရွယ် တွင် ပေါင်းတည်ဘိုးဘွားရိပ်သာ၌ သီလရှင်အဖြစ် ခံယူလိုက်သည်။ ဘွဲ့အမည်မှာ ဘွားသုမာလာ ဖြစ်သော်လည်း ဒေါ်ဦးဗွန်း ဟူသော အမည်ဖြင့်ပင် လူသိများသည်။

ဒေါ်ဦးဗွန်း၏ ကိုယ်ကျိုးစွန့်သော လုပ်ငန်းများကို အင်္ဂလိပ်အစိုးရက အသိအမှတ်ပြုသည့် အနေဖြင့် တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ကို ချီးမြှင့်လေသည်။ မီးရထား၊ မီးသင်္ဘောတို့ဖြင့် မြန်မာနိုင်ငံအနှံ့ အပြား ပထမတန်းမှ အခမဲ့ စီးနင်းသွားလာခွင့်ကိုလည်း ပေးထားလေသည်။

ဒေါ်ဦးဇွန်းသည် အမျိုးသမီးတစ်ယောက်ဖြစ်သော်လည်း ဘိုးဘွားရိပ်သာများကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်မှာ သူတစ်ပါးအပေါ် ကူညီစောင့်ရှောက်ချင်သော မေတ္တာ၊ ကရုဏာစိတ် ကြီးမားခြင်း၊ သက်ကြီးရွယ်အိုများကို ဘုရားရိပ်၊ တရားရိပ်တွင် အေးအေးချမ်းချမ်း နေစေချင်သော စိတ်စေတနာ ကြီးမားခြင်းတို့ကြောင့် ဖြစ်သည်။ သူသည် ဘိုးဘွားများအတွက် စည်းစိမ်နှင့် လုပ်အားကို ၂၈ နှစ် လုံးလုံး ပေးအပ်ဆောင်ရွက်ခဲ့ပြီးနောက် ၁၃၀၆ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်နေ့၊ အသက် ၇၆ နှစ် အရွယ်၌ မင်းကွန်းဘိုးဘွားရိပ်သာတွင် ကွယ်လွန်ခဲ့လေသည်။

ဘိုးဘွားရိပ်သာများ၏ မိခင် ကျောင်းအမကြီး ဒေါ်ဦးဇွန်း၏ စိတ်ဓာတ်မြင့်မြတ်မှု၊ စွမ်းဆောင်နိုင်မှုတို့ကို ဂုဏ်ပြုသောအားဖြင့် ထုလုပ်ထားသော သူ၏ ကြေးရုပ်တုတို့ကို သူတည်ထောင်ခဲ့သော ဘိုးဘွား ရိပ်သာများတွင် ယခုတိုင်အောင် တွေ့မြင်နိုင်ပေသည်။

**ဘိုးဘိုးဘွားဘွား တန်ဖိုးထား**

ဘိုးဘိုးပြောတဲ့ရှေးစကား
တို့တွေနာကြား တန်ဖိုးထား။
ဘွားဘွားပြောတဲ့ ရှေးစကား
တို့တွေနာကြား တန်ဖိုးထား။
ဘိုးဘွားဆိုတာ ရတနာ
အတွေ့အကြုံများပေတာ။
စေတနာကို အရင်းပြု
သက်ကြီးရွယ်အို စောင့်ရှောက်မှု။
တို့တွေပြုတဲ့ ဒီကုသိုလ်
ကောင်းမှုအမြဲ တည်စေလို။
စိတ်များကိုကွယ် ဖြူအောင်ထား
ကူညီကြစို့ တို့ဘိုးဘွား။

## သင်ခန်းစာ (၃၃)

## သီလကို ချစ်မြတ်နိုးသော လုလင်ပျို



တစ်ခါတုန်းက ဗာရာဏသီပြည်၌ ဒိသာပါမောက္ခဆရာကြီးထံတွင် တပည့်ငါးရာ ပညာသင်ကြားနေကြသည်။ ဆရာကြီးတွင် သမီးပျိုလေးတစ်ယောက် ရှိသည်။ ဆရာကြီးသည် သမီးလေးကို တပည့်များထဲမှ သီလနှင့်ပြည့်စုံသူ တစ်ဦးဦးနှင့် ထိမ်းမြားလက်ထပ်ပေးရန် ကြံစည်စဉ်းစားမိ၏။ ထို့ကြောင့် တစ်နေ့တွင် တပည့်အားလုံးကို ခေါ်၍ "တပည့်တို့ . . . ဆရာကြီးမှာ သမီးတစ်ယောက် ရှိတယ်၊ သူ့ကို တပည့်တို့ထဲက တစ်ယောက်ယောက်နဲ့ လက်ထပ်ထိမ်းမြားပေးချင်တယ်၊ ဒီတော့ တပည့်တို့က မိဘဆွေမျိုးတွေဆီ သွားပြီး သူတို့ မသိအောင် အဖိုးတန် အဝတ်တန်ဆာတွေကို ယူခဲ့ကြရမယ်၊ ဘယ်သူမှမသိအောင် ယူလာတဲ့ အဝတ်တန်ဆာတွေကိုပဲ ငါလက်ခံမယ်"ဟု ပြောဆို မှာကြားလိုက်သည်။

တပည့်တို့သည် အဖိုးတန် အဝတ်တန်ဆာတို့ကို ယူလာပြီး ဆရာကြီးထံ အပ်နှံကြသည်။ ဆရာကြီးက တပည့်များ ယူလာသော အဖိုးတန်အဝတ်တန်ဆာ အသီးသီးကို နာမည်နှင့်တွဲ၍ အသေအချာ မှတ်သားထားလိုက်၏။ သို့သော် တပည့်တစ်ယောက်သည်ကား မည်သည့်ပစ္စည်းမျှ ယူမလာဘဲ လက်ဗလာဖြင့် ပြန်လာခဲ့သည်။ ထိုအခါ ဆရာကြီးက "အမောင် . . . ဘာအဝတ်တန်ဆာမှ မယူလာပါလား၊ ဘာဖြစ်လို့လဲ"ဟု မေးရာ လုလင်က "ဆရာကြီး . . . ဆရာကြီးက ဘယ်သူမှ မသိဘဲ ယူလာတဲ့ အဖိုးတန် အဝတ်တန်ဆာကိုသာ လက်ခံမယ် ပြောတယ်၊ ဒီလုပ်ရပ်ဟာ မကောင်းဘူး၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိတဲ့အတွက် မယူခဲ့ခြင်း ဖြစ်ပါတယ်"ဟု ရှင်းပြလိုက်သည်။

ဆရာကြီးလည်း အလွန်နှစ်သက် သဘောကျသွားကာ လုလင်ကို "အမောင် . . . ဆရာကြီးမှာ ပစ္စည်းဥစ္စာ မရှိလို့ မဟုတ်၊ ကိုယ်ကျင့်သီလ ပြည့်စုံသူကိုသာ သမီးနဲ့ လက်ထပ်ပေးချင်တဲ့အတွက် တပည့်တို့ရဲ့ ကိုယ်ကျင့်သီလကို စမ်းသပ်ကြည့်ခြင်းသာ ဖြစ်တယ်"ဟု ဆိုလေသည်။ ထို့နောက် ဆရာကြီးသည် တပည့်အားလုံးကို ခေါ်၍ "တပည့်တို့ ယူလာတဲ့ ပစ္စည်းတွေကို ပြန်ယူသွားပြီး မိဘဆွေမျိုးတွေဆီ ပြန်အပ်ကြပါ"ဟု ပြောလိုက်လေသည်။

နောက်ဆုံးတွင် ဆရာကြီးသည် သီလကို ချစ်မြတ်နိုးသော လုလင်နှင့် သူ၏သမီးကို ထိမ်းမြား လက်ထပ်ပေးလိုက်၏။ လုလင်ပျိုသည် ကိုယ်ကျင့်သီလကို လုံခြုံအောင် စောင့်ထိန်းခဲ့သောကြောင့် ဆရာကြီး၏ သမီးကို လက်ထပ်ခွင့်ရခဲ့သည်။ ဆရာကြီး၏ တပည့်နှင့် သမီးတို့ ဇနီးမောင်နှံသည် တစ်သက်လုံး ကိုယ်ကျင့်သီလကို စောင့်ထိန်းကာ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားကြလေတော့သည်။

**သီလ၏ ဂုဏ်ကျေးဇူး လင်္ကာ**


သီလရန့် မွှေးပျံ့ကြိုင်စွာ၊
သီလဆင်သိုင်း ရှုတိုင်းလှပါ။
သီလစောင့်ပြား မလားပါယ်ရှာ၊
မြတ်သီလ စိတ်ချ ကိုးကွယ်ရာ။

(မဟာစည် ဆရာတော်ဘုရားကြီး)



# သင်ခန်းစာ (၃၄)

## ပေးအပ်သော တာဝန်



ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး၏ မိဖုရားကြီးသည် အဗ္ဗန္တရသရက်သီးကို စားသုံးလိုသော ချင်ခြင်း ပြင်းပြလှသဖြင့် နေထိုင်မကောင်းဖြစ်ကာ အိပ်စက်နေလေ၏။ ထိုအခါ မင်းကြီးသည် မိဖုရားရှိရာသို့ လာရောက်၍ “မိဖုရားကြီး . . .သင့်မှာ ဘယ်လိုဝေဒနာမျိုး ခံစားနေရပါသလဲ” ဟု မေးမြန်းလေရာ မိဖုရားကြီးက “အရှင်မင်းကြီး . . . ကျွန်တော်မျိုးမှာ ဘာရောဂါမှ မရှိပါဘူး၊ အဗ္ဗန္တရသရက်သီးကို စားသုံးလိုတဲ့ ချင်ခြင်း ဖြစ်နေပါတယ်ဘုရား”ဟု ပြန်လျှောက်လေသည်။ မင်းကြီးလည်း မိဖုရားကြီးစားလိုသော အဗ္ဗန္တရသရက်သီး ရနိုင်မည့်နည်းလမ်းကို မှူးမတ်တို့နှင့် တိုင်ပင်လေ၏။ မှူးမတ်တို့က ဥယျာဉ်တော်တွင် ရှာ၍ ရနိုင်ကြောင်း လျှောက်တင်ကြ၏။ သို့သော်လည်း ဥယျာဉ်တော်တွင် တစ်လုံးတစ်လေမျှ မတွေ့ရပေ။ နောက်ဆုံးတွင် မင်းကြီးသည် ပုဏ္ဏားပညာရှိများကို ခေါ်ယူကာ အဗ္ဗန္တရသရက်သီး ရှိနိုင်ရာအရပ်ကို စုံစမ်းရလေတော့သည်။

ပုဏ္ဏားများက “အရှင်မင်းကြီး . . . နတ်တို့သာလျှင် သုံးဆောင်ခွင့်ရတဲ့ ထိုအဗ္ဗန္တရသရက်ပင်ဟာ ဟိမဝန္တာအရပ်ရှိ ရွှေဂူအတွင်းမှာ ရှိတယ်လို့ အစဉ်အဆက် ပြောသံကြားဖူးပါတယ် ဘုရား၊ ထိုအရပ်ကို လူသားများ သွားရောက်နိုင်မှာ မဟုတ်လို့ သရက်သီးကို ဆောင်ယူရန် အရှင်မင်းကြီး၏ ကျေးသားငယ်ကို လွှတ်တော်မူပါဘုရား”ဟု လျှောက်တင်ကြ၏။ ထိုကျေးသားငယ်မှာ လိမ္မာရေးခြား စကားချိုသာ


၍ ခွန်အားဗလနှင့်လည်း ပြည့်စုံသည်။ မင်းကြီးက အဗ္ဗန္တရသရက်သီးကို ယူဆောင်စေသောခါ "အရှင်မင်းကြီး ပေးအပ်တဲ့ တာဝန်ကို ကျွန်တော်မျိုး ကျေပွန်အောင် ဆောင်ရွက်ခဲ့ပါမယ်"ဟု ကျေးသားငယ်က ကတိပေး၏။ ထို့နောက် မင်းကြီးသည် ကျေးသားငယ်အား စားဖွယ်သောက်ဖွယ် တို့ကို ကျွေးမွေး၍ လွှတ်လိုက်လေသည်။

ကျေးသားငယ်သည် ဟိမဝန္တာသို့ ရောက်သောအခါ အဦးဆုံးတွေ့ရသော ကျေးသားများအား အဗ္ဗန္တရသရက်သီး ရှိရာအရပ်ကို မေးမြန်းလေ၏။ ထိုကျေးသားတို့က မသိကြသဖြင့် သိနိုင်လောက် သော အခြားကျေးသားများထံ လမ်းညွှန်လိုက်ကြသည်။ ထိုကျေးသားတို့ကလည်း မိမိတို့ မသိဟု ဆိုကာ တခြားကျေးသားများထံသို့ လမ်းညွှန်ကြပြန်၏။ ဤသို့ အဆင့်ဆင့်မေးမြန်းလာရာ ခုနစ်နေရာ မြောက် ရောက်သောအခါမှ အဗ္ဗန္တရသရက်သီး ရှိရာအရပ်ကို တိတိကျကျ သိရလေသည်။

ထိုအခါ ကျေးသားများက "အဆွေ . . . အဗ္ဗန္တရသရက်သီးဆိုတာဟာ ဝေဿဝဏ်နတ်မင်းကြီးရဲ့ အသုံးအဆောင် ဖြစ်တယ်၊ အဲဒီသရက်ပင်ကို သံကွန်ချာခုနစ်ထပ်နဲ့ ဖုံးအုပ်ထားတဲ့အပြင် ဘီလူးကြီး များလည်း စောင့်ကြပ်နေကြတယ်၊ အဲဒီအရပ်ကို သွားတဲ့ ဘယ်သက်ရှိသတ္တဝါမှ အသက်ချမ်းသာရာ မရဖူးဘူး၊ အဝီစိငရဲကြီးနဲ့တူတဲ့ အရပ်ကို မသွားချင်ပါနဲ့"ဟု တားမြစ်ကြ၏။ ထိုသို့ ကျေးသားတို့က စိုးရိမ်တကြီး တားမြစ်ကြသော်လည်း ကျေးသားငယ်သည် ပေးအပ်လိုက်သော တာဝန်အတွက် အန္တရာယ်ဟူသမျှကို ရင်ဆိုင်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ကျေးသားငယ်သည် အဗ္ဗန္တရသရက်ပင်နှင့် မနီးမဝေးသို့ ရောက်သောအခါ ကျေးသားတို့ပြော သည့်အတိုင်း တွေ့ရလေ၏။ ကျေးသားငယ်လည်း နေ့ခင်း၌ အခွင့်မသာသဖြင့် ညသန်းခေါင်ကျော် ဘီလူးကြီးတို့ အိပ်ချိန်လောက်တွင် သရက်ပင်ခြေရင်းမှ ကပ်လျက် တိုးဝင်၏။ ထိုအခါ သံကွန်ချာ လှုပ်၍ "ချွင်ချွင်"ဟု အသံထွက်သွားလေရာ ဘီလူးကြီးများ နိုးလာကြသဖြင့် ကျေးသားငယ်ကို ဖမ်းလိုက်ကြလေတော့သည်။

ဘီလူးကြီးများက "ကျွတ်ကျွတ်ဝါး စားပစ်မယ်၊ စိစိညက်ညက် ကျေအောင် ချေပစ်မယ်၊ ရင်ကိုခွဲ အသည်းကို မီးကင်မယ်" စသည်ဖြင့် ကြုံးဝါးကြသော်လည်း ကျေးသားငယ်သည် ကြောက်ရွံ့ ထိတ်လန့်ခြင်း အလျဉ်းမရှိဘဲ "နေကြပါဦး၊ သင်တို့က ဘယ်သူ့ အမှုထမ်းတွေလဲ"ဟု မေးလိုက်သည်။ ဘီလူးကြီးများကလည်း "ငါတို့ကား ဝေဿဝဏ်နတ်မင်းကြီးရဲ့ အမှုထမ်းတွေ ဖြစ်ပါတယ်"ဟု ဆို၏။ ထိုအခါ ကျေးသားငယ်က "ကျွန်ုပ်လည်း ဗာရာဏသီမင်းကြီးရဲ့ အမှုထမ်းဖြစ်တယ်၊ မင်းကြီးက အဗ္ဗန္တရ သရက်သီးကို ယူဆောင်ခဲ့ဖို့ တာဝန်ပေးလိုက်လို့ ဒီအရပ်ကို ကျွန်ုပ်လာခဲ့ရခြင်း ဖြစ်တယ်၊ ဘီလူးကြီးတို့ ရက်ရက်စက်စက် သတ်ဖြတ်ရင်လည်း သေရဲပါတယ်။ လူကြီးမိဘ၊ ဆရာသမားတို့ ပေးအပ်တဲ့ တာဝန် ကို ကျေပွန်စွာ ထမ်းဆောင်သူဟာ သေရင်လည်း နတ်ပြည်ကို ရောက်ရမှာ သေချာတယ်"ဟု ဆိုလေ သည်။ ဘီလူးကြီးတို့သည် ကျေးသားငယ်၏ စကားကို နှစ်သက်သဖြင့် လွှတ်ပေးလိုက်ကြ၏။



သို့သော် ကျေးသားငယ်သည် မပြန်သေးဘဲ “ကျွန်ုပ်လာရတဲ့ ရည်ရွယ်ချက် ပြည့်ဝဖို့ သရက်သီးတစ်လုံး ရလိုပါသေးတယ်”ဟု တောင်းဆိုသည်။ ထိုအခါ ဘီလူးကြီးတို့က အဗ္ဗန္တရသရက်သီးကို ဝေဿဝဏ်နတ်မင်းကြီး ပိုင်သဖြင့် မိမိတို့မှာ ပေးခွင့်မရှိကြောင်း ဝမ်းနည်းစွာ ပြောဆို၍ ရနိုင်ရာအရပ်တစ်ခုကို ညွှန်ပြလိုက်ကြပြန်လေ၏။ ဤသို့ဖြင့် ကျေးသားငယ်သည် တောကျောင်းတစ်ကျောင်း၌ သီတင်းသုံးတော်မူသော ဝေဿဝဏ်နတ်မင်းကြီး၏ဆရာ ဇောတိရသ ရသေ့ကြီးထံသို့ ဆည်းကပ်ရပြန်လေ၏။ ရသေ့ကြီးကလည်း “ရပါစေမယ်”ဟု ကတိပေး၍ ဝေဿဝဏ်နတ်မင်းကြီးက အဗ္ဗန္တရသရက်သီးလေးလုံး ပို့လှူလိုက်သောအခါ နှစ်လုံးကို ဘုဉ်းပေးတော်မူ၏။ တစ်လုံးကို ကျေးသားငယ်စားရန် ပေး၏။ ကျန်တစ်လုံးကို ဆိုင်းငယ်တွင် ထည့်လျက် ကျေးသားငယ်၏ လည်ပင်း၌ ဆွဲ၍ပေးလိုက်လေ၏။

ကျေးသားငယ်သည် ဟိမဝန္တာအရပ်မှ တစ်ရှိန်ထိုး ပျံသန်းခဲ့၍ အဗ္ဗန္တရသရက်သီးကို ဗာရာဏသီမင်းကြီးအား ဆက်သခြင်းဖြင့် ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့လေသည်။

## သင်ခန်းစာ (၃၅)

## အကြံကောင်းက အများချမ်းသာ



ရှေးနှစ်ပေါင်းများစွာက ဘုရင်တစ်ပါး၏ ဥယျာဉ်တော်ထဲတွင် အရိပ်အာဝါသ အလွန်ကောင်းမွန်၍ ကြီးမားထည်ဝါသော သစ်ပင်ကြီးတစ်ပင် ရှိလေသည်။ သစ်ပင်ကြီး၏ ပင်စည်သည် လုံးဝန်းဖြောင့်တန်း၍ အခက်အလက်များနှင့် ဝေဝေဆာဆာ ရှိလှသည်။ ဘုရင်ကြီးကိုယ်တိုင်က ထိုကဲ့သို့ ဝေဆာလှပနေသော သစ်ပင်ကြီးကို မြတ်နိုးလွန်းလှသဖြင့် မင်္ဂလာသစ်ပင်ကြီးအဖြစ် သတ်မှတ်ထား၏။

ရုက္ခစိုးနတ်မင်းကြီးတစ်ပါးသည် မိသားစုနှင့်အတူ ထိုမင်္ဂလာသစ်ပင်ကြီးတွင် ပျော်ပျော်ရွှင်ရွှင်နေထိုင်လျက်ရှိသည်။ အနီးဝန်းကျင်ရှိ ရုက္ခစိုးနတ်တို့က ထိုနတ်မင်းကြီးကို ထူးမြတ်သော ဘုံဗိမာန်ရှင်ကြီးအဖြစ် သတ်မှတ်၍ အထင်ကြီး လေးစားကြ၏။ ဘုံဗိမာန်ကြီးကိုလည်း တအံ့တသြ ချီးမွမ်းကြသည်။ ထိုမိတ်ဆွေရုက္ခစိုးနတ်များတွင် ဘုန်းတန်ခိုးအရှိန်အဝါ နည်းပါးပြီး သမန်းမြက်ချုံကိုသာ ဗိမာန်ပြုနေရသော ရုက္ခစိုးနတ်တစ်ပါးလည်း ပါဝင်သည်။ သူသည် ရုက္ခစိုးနတ်မင်းကြီး၏ ဗိမာန်ကို မကြာခဏလာရောက်လေ့ရှိသည်။

တစ်နေ့တွင် ဘုရင့်လက်သမားများသည် နန်းတော်ပြာသာဒ်ဆောင်အတွင်းမှ ဆွေးမြည့်နေသော တိုင်တစ်လုံးအတွက် မင်္ဂလာသစ်ပင်ကြီးကို ခုတ်လှဲရန် ကြံစည်ကြသည်။ သို့သော် ဘုရင်ကြီးကိုယ်တော်တိုင်က မင်္ဂလာသစ်ပင်အဖြစ် သတ်မှတ်ထားသည့်အတွက် မည်သူမျှ မခုတ်ရဲကြပေ။ သို့ဖြစ်၍ ဘုရင်ကြီးကို အကျိုးအကြောင်း လျှောက်တင်သောအခါ “ပြာသာဒ်ဆောင်က ပိုအရေးကြီးတယ်၊ မင်္ဂလာသစ်ပင်ကြီးကို ခုတ်လှဲစေ”ဟု ဆိုကာ ခုတ်လှဲခွင့်ပြုလိုက်၏။

ဘုံဗိမာန်ရှင် ရုက္ခစိုးနတ်မင်းကြီးသည် ထိုအကြောင်းကို သိသွားသောအခါ အလွန်စိတ်ထိခိုက်၍ ငိုကြွေးနေလေသည်။ ထို့ကြောင့် မိမိဗိမာန်သို့ လာရောက်ကြသော မိတ်ဆွေနတ်များကိုလည်း

ဖော်ဖော်ရွေရွေ နှုတ်မဆက်နိုင်ပေ။ မိတ်ဆွေနတ်များကလည်း မည်ကဲ့သို့ ကူညီပေးရမည်ကို မစဉ်းစားတတ်ကြဘဲ ရုက္ခစိုးနတ်မင်းကြီးအား ဖက်၍ ငိုကြလေသည်။

ထိုအချိန်တွင် သမန်းမြက်ချုံကို ဗိမာန်ပြုနေရသည့် ရုက္ခစိုးနတ် ရောက်လာသည်။ ရုက္ခစိုးနတ်မင်းကြီးနှင့် မိတ်ဆွေနတ်များ ငိုကြွေးနေသည့် အကြောင်းရင်းကို သိသွားသဖြင့် “နတ်မင်းကြီးတို့ . . . ဒီမင်္ဂလာသစ်ပင်ကြီးကို မခုတ်လှဲစေရပါဘူး၊ မစိုးရိမ်ကြပါနဲ့”ဟု ဆိုလေသည်။ သို့သော်လည်း နတ်မင်းများက “ဒီလို ဘုန်းတန်ခိုး အရှိန်အဝါ နည်းပါးပြီး သမန်းမြက်ချုံကိုသာ ဗိမာန်ပြုနေရတဲ့ နတ်က ဘာလုပ်ပေးနိုင်မှာလဲ”ဟု သံသယဖြစ်နေကြသည်။

နောက်တစ်နေ့ ဘုရင့်လက်သမားများ ရောက်လာသော အချိန်တွင် ရှေ့မှ ပုတ်သင်ညိုတစ်ကောင် ရုတ်တရက် ပေါ်လာသည်။ ထိုပုတ်သင်ညိုမှာ သစ်ပင်ကြီး၏ အမြစ်ကြားတွင် ဝင်ရောက် ပျောက်ကွယ်သွားသည်။ ထို့နောက် ပင်စည်အတွင်းမှ တက်၍ ပင်စည်ထိပ်မှ ပြန်ထွက်လာကာ ခေါင်းဆတ် (ခေါင်းညိတ်) ပြလေသည်။ လက်သမားများလည်း ပုတ်သင်ညိုကို အံ့သြစွာ ငေးကြည့်ရင်း သူတို့မျက်စိကိုပင် သူတို့ မယုံနိုင်ကြချေ။ ထို့နောက် လက်သမားများက “ပုတ်သင်ညိုတစ်ကောင်လုံးတောင် ဝင်ထွက်သွားလာနိုင်တဲ့ ဒီသစ်ပင်ကြီးဟာ ပြာသာဒ်ဆောင်ဆောက်ဖို့ အဆင်ပြေမှာ မဟုတ်ဘူး”ဟု ဆိုကာ ပြန်သွားကြလေသည်။

လက်သမားများ ထွက်သွားသောအခါ ပုတ်သင်ညိုယောင်ဆောင်ထားသော သမန်းချုံစောင့်နတ်ကို ရုက္ခစိုးနတ်မင်းကြီးက ဝမ်းသာအားရ ကြိုဆို၍ “မိတ်ဆွေ ရုက္ခစိုးနတ်အပေါင်းတို့ . . . ကျွန်ုပ်တို့တစ်တွေဟာ ဘုန်းတန်ခိုးရှင်ကြီးတွေ ဖြစ်ပေမယ့် အကြံဉာဏ် မထုတ်တတ်ကြဘူး၊ ဒီသမန်းချုံစောင့်နတ် အကြံကောင်းသွားလို့သာ ကျွန်ုပ်တို့ရုက္ခစိုးနတ်အားလုံး ဉယျာဉ်တော်ကြီးထဲမှာ အရင်ကလို အတူတကွ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြရတယ်”ဟု ချီးကျူး ပြောဆိုလိုက်လေသည်။



# သင်ခန်းစာ (၃၆)

## အရာရာကို ချင့်ချိန်ပါ



ရှေးလွန်လေပြီးသောအခါက သာဝတ္ထိပြည်တွင် သူဌေးသမီးတစ်ယောက် ရှိသည်။ မိဘများက အလိုလိုက်ထားသောကြောင့် ထိုသူဌေးသမီးသည် ပညာဗဟုသုတ လေ့လာဆည်းပူးခြင်းမရှိဘဲ ဆော့ကစား၊ ပျော်ပါးခြင်းဖြင့်သာ အချိန်ကုန်နေ၏။

ဤသို့ဖြင့် သူဌေးသမီး အရွယ်ရောက်လာသောအခါ မိဘများက အိမ်ထောင် ချပေးချင်ကြသည်။ ထို့ကြောင့် အခြားမြို့တစ်မြို့မှ သူဌေးသားတစ်ယောက်နှင့် လက်ထပ်ပေးရန် စီစဉ်၍ မင်္ဂလာပွဲကျင်းပရန်လည်း ရက်သတ်မှတ်ထားလေသည်။

တစ်နေ့တွင် သူဌေးသမီးသည် မိမိအိမ်၌ နွားလားဥသဘ တစ်ကောင်အား တယုတယ ကျွေးမွေးနေသည်ကို မြင်၍ "သြော် . . . ကျောပေါ်မှာ ဘုကြီးရှိတဲ့ နွားက မြင့်မြတ်လို့ တယုတယ ကျွေးမွေးနေတာဖြစ်ရမယ်"ဟု တွေးမိကာ ဘုရှိသော နွားလားဥသဘကို မြင့်မြတ်သည်ဟု သတ်မှတ်လိုက်လေသည်။

တစ်နေ့တွင် သူဌေးသမီးသည် ကျောပေါ်တွင် ဘုရှိသော လူတစ်ယောက် အိမ်ရှေ့မှ ဖြတ်သွားသည်ကို တွေ့လိုက်သည်။ သို့ဖြစ်၍ သူဌေးသမီးသည် "ဘုရှိတဲ့ နွားလားဥသဘဟာ မြင့်မြတ်သလို ဘုရှိတဲ့ ယောကျ်ားဟာလည်း မြင့်မြတ်သူပဲ ဖြစ်ရမယ်၊ ဒီယောကျ်ားဥသဘခြေရင်းမှာ နေပြီး အလုပ်



အကျွေးပြုရရင် ကောင်းမယ်”ဟု တွေးမိ၏။ ထို့ကြောင့် မိဘများ မသိအောင် လက်ဝတ်ရတနာနှင့် ပစ္စည်းဥစ္စာအချို့ကို ယူ၍ ကျောပေါ်တွင် ဘုရှိသော ယောကျ်ားနောက်သို့ လိုက်သွားလေသည်။

ထို့သို့ ထွက်ပြေးလာရင်း မှောင်လာသောအခါ သူတို့နှစ်ယောက်သည် ဇရပ်တစ်ဆောင်တွင် အနားယူ အိပ်စက်ကြသည်။ သူဌေးသမီးက ဘုရှိသော ယောကျ်ား၏ ခြေရင်းတွင် အိပ်သည်။ ထိုအဖြစ် အပျက်ကို သိကြသော လူများက သူဌေးသမီးကို ဝိုင်းဝန်း အပြစ်တင်ကြ၏။ နောက်တစ်နေ့ နံနက်တွင် သတို့သားလောင်းက သူဌေးသမီးကို လိုက်ရှာရင်း ဇရပ်သို့ ရောက်လာသောအခါ ဘုရှိသည့် ယောကျ်ား၏ ခြေရင်း၌ အိပ်နေသည်ကို တွေ့ရသည်။ အကျိုးအကြောင်းကို သိလို၍ သူဌေးသမီးကို မေးရာ ဘုရှိသော ယောကျ်ားကို မြင့်မြတ်သည်ဟု ထင်မှတ်၍ လိုက်ပြေးလာကြောင်း ပြောပြလေ၏။ သတို့သားလောင်းကလည်း အကြောင်းအကျိုးပြ၍ ပြစ်တင်ဆုံးမလေသည်။


ထိုအခါ သူဌေးသမီးသည် သူ၏ ပညာဉာဏ် နည်းပါးစွာ လုပ်လိုက်သည့်လုပ်ရပ်ကို နားလည် သဘောပေါက်သွားသည်။ ထို့ကြောင့် “ဒီနေ့ကစပြီး ပညာဗဟုသုတကို ကြိုးစားဆည်းပူးပါမယ်၊ အရာရာကိုလည်း ပညာဆင်ခြင်ဉာဏ်နဲ့ ချင့်ချိန် ဆောင်ရွက်ပါမယ်”ဟု သတို့သားလောင်းကို ကတိပေး၍ မိဘများအိမ်သို့ ပြန်လိုက်သွားလေသည်။

## သင်ခန်းစာ (၃၇)
## မကောင်းမှုဒဏ် ကိုယ့်ထံပြန်

မြတ်စွာဘုရားရှင်လက်ထက်က “ကောက” အမည်ရှိ မုဆိုးတစ်ယောက် ရှိလေသည်။ တောလိုက်သွားသည့်အခါတိုင်း သူအားကိုးရသော ခွေးများကို ခေါ်သွားလေ့ရှိသောကြောင့် သူ့ကို “ကောက ခွေးမုဆိုး”ဟု ခေါ်ကြသည်။ သူသည် ဘုရား၊ တရားနှင့် ရဟန်းသံဃာတော်များကို ရိုသေလေးစားခြင်း မရှိချေ။

တစ်နေ့သ၌ ကောကမုဆိုးသည် တောလိုက်သွားရန် ထွက်လာစဉ် ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးကို တွေ့မြင်ရာ မုဆိုးက “ငါတော့ သူယုတ်မာကို မြင်လိုက်ရတယ်၊ ဒီနေ့ သားကောင်ရတော့မှာ မဟုတ်ဘူး”ဟု တွေးကာ စိတ်မကြည်မသာဖြင့် ဆက်၍ သွားလေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် နေမြင့်သည်အထိ သားကောင်တစ်ကောင်မျှ မရပေ။ မုဆိုးလည်း ဒေါသတကြီးဖြင့် အိမ်ပြန်လာရာ နံနက်က တွေ့ခဲ့သော ရဟန်းကိုပင် တွေ့ပြန်သည်။ ထိုအခါ မုဆိုးသည် ဒေါသကို မထိန်းနိုင်တော့ဘဲ “ဟေ့ . . . သူယုတ်၊ သင့်ကို အမဲလိုက်ခွေးစာ ကျွေးပစ်မယ်”ဟု ပြောဆိုလေသည်။





ရဟန်းက မုဆိုးကို တောင်းပန်သော်လည်း မုဆိုးက လက်မခံဘဲ ခွေးများနှင့် ရှူးတိုက်လေသည်။ ရဟန်းသည် အနီးအနားရှိ သစ်ပင်ပေါ်သို့ အလျင်အမြန် တက်ပြေးရာ ခွေးများ မလိုက်နိုင်တော့ပေ။ ထိုအခါ မုဆိုးက "သင် သစ်ပင်ပေါ် ရောက်နေပေမယ့် ငါ့လက်က လွတ်မှာ မဟုတ်ဘူး" ဟု ကြိမ်းဝါးပြောဆိုကာ ရဟန်း၏ ခြေဖဝါးကို မြားချွန်ဖြင့် ထိုးလေသည်။ ခြေထောက် တစ်ဖက် ရုတ်သွားလျှင် နောက်တစ်ဖက်ကို ထိုးပြန်၏။ ရဟန်းက မည်သို့ပင် တောင်းပန်သော်လည်း မုဆိုးသည် ဂရုမစိုက်ဘဲ မြားချွန်ဖြင့် ဆက်၍သာ ထိုးနေတော့သည်။

ထိုအချိန်တွင် ရဟန်းမှာ တစ်ကိုယ်လုံး မီးလောင်ထားသကဲ့သို့ ပြင်းထန်သောဝေဒနာကို ခံစားရသဖြင့် မိမိကိုယ်ကို သတိမထားနိုင်တော့ဘဲ အပေါ်ရုံသင်္ကန်းသည် ကိုယ်ပေါ်မှ လျှောကျသွားလေသည်။ ထိုသင်္ကန်းသည် ကောကမုဆိုးပေါ်သို့ ကျသွားကာ တစ်ကိုယ်လုံး လွှမ်းခြုံမိသွားသည်။ ထိုအခါ ခွေးများက ရဟန်းပြုတ်ကျလာသည်ဟု ထင်မှတ်ကာ မုဆိုးကို ဝိုင်း၍ ကိုက်စားပစ်လိုက်ကြလေသည်။

ဤသို့ဖြင့် ကောကမုဆိုးသည် ရဟန်းသံဃာကို ပြစ်မှား စော်ကားခဲ့သည့်အတွက် မကောင်းကျိုးကို ချက်ချင်းလက်ငင်း ခံစားသွားရသည်။ မကောင်းမှုဒဏ်သည် သူ့ထံသို့ ပြန်လည် ကျရောက်ခဲ့လေသည်။

**သူ့ထိုက်သူ့ကံ**

ပြုသူရဲ့ကံ အဆိုးအကောင်းဟာ သူ့ထိုက်သူ့ကံပါ
ခံစား၊ စံစား အမှန်တရား ဗုဒ္ဓဟောကြားထား
မကောင်းသော အတွေးအကြံ သူစီမံ ကောကမုဆိုးဟာ
ပြုသမျှသူ့ကံ သူ့ထံလာ ဇာတ်သိမ်းမကောင်းရှာပါ
တို့သူငယ်ချင်းတွေ . . . စိတ်ကောင်းထားကြလေ။
ကောကမုဆိုးအကြံစည်မျိုး အတုယူမမှတ်နဲ့လေ။

## သင်ခန်းစာ (၃၈)
## စဉ်းလဲသော ဗျိုင်း


ရှေးအခါက တောအရပ်တစ်နေရာတွင် ရေအိုင်တစ်အိုင် ရှိသည်။ ထိုအိုင်သည် ငါးမျိုးစုံတို့ မှီခိုနေထိုင်ရာ ဖြစ်သည်။ နွေရာသီ ရောက်သည်နှင့် ထိုရေအိုင်တွင် ရေခန်းလေရာ ဗျိုင်းတစ်ကောင်သည် ငါးများကို လှည့်စား၍ စားမည်ဟု ကြံစည်တွေးတောလျက် ရေစပ်နား သွား၍ ရပ်နေ၏။

ထိုအခါ ငါးတို့က "အဆွေဗျိုင်း . . . ဘာကို တွေးတောနေပါသနည်း"ဟု မေးကြရာ ဗျိုင်းက "ဤရေအိုင်၌ ရေနည်းနေသည်၊ အစာလည်း ရှားပါးလှသည်၊ နွေရာသီသည် များစွာကျန်နေသေးသည်၊ သင်တို့ကို တစ်ကောင်စီ နှုတ်သီးဖြင့် ကိုက်ချီ၍ ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေအိုင်ကြီးတစ်ခုသို့ ရွှေ့ပြောင်းပေးလိုသည်၊ သင်တို့ ယုံကြည်မှုမရှိလျှင် ကျွန်ုပ်ပြောသည့် ထိုရေအိုင်ကြီးသို့ လိုက်ကြည့်ရန် သင်တို့အထဲမှ ငါးတစ်ကောင်ထည့်ပေးလိုက်ပါ"ဟု ပြောပြလေသည်။

ထိုအခါ ငါးများသည် သန်စွမ်းသော ငါးတစ်ကောင်ကို ထည့်ပေးလိုက်ကြရာ ဗျိုင်းသည် ထိုငါးကို ကိုက်ချီ၍ ရေအိုင်ကြီးကို ပြပြီးလျှင် ငါးတို့ထံသို့ ပြန်ပို့လေသည်။ အိုင်ထဲမှ ငါးများသည် ထိုငါး၏ ပြောပြချက်အရ ဗျိုင်းအပေါ် ယုံကြည်မိကြ၏။ ထို့ကြောင့် သူတို့အားလုံးကို ထိုရေအိုင်ကြီးသို့ ပို့ပေးရန် သဘောတူကြလေသည်။

ထိုအချိန်မှစ၍ ဗျိုင်းသည် ငါးတစ်ကောင်စီကို ကိုက်ချီ၍ ရေအိုင်ကြီးအနီးမှ ရေခံတက်ပင်၏ ခွကြားတွင် နားကာ ငါးကို စားပြီး အရိုးများကို သစ်ပင်ရင်းသို့ ပစ်ချသည်။ ဤသို့ဖြင့် မကြာမီ ငါးများအားလုံးကုန်သွားကာ ပုစွန်လုံးတစ်ကောင်သာ ကျန်တော့၏။ ထိုအခါ ဗျိုင်းသည် ထိုပုစွန်လုံးကို စားလိုပြန်၍ "အသင်ပုစွန် . . . သင့်ကိုလည်း ငါသနားလှသည်၊ ငါးများကို ချီ၍လွှတ်သကဲ့သို့ သင့်ကိုလည်း ရေများသောအိုင်သို့ ငါချီ၍ လွှတ်မည်"ဟု ဆိုလေသည်။





ပုစွန်လုံးသည် သတိပညာနှင့် ပြည့်စုံသည်ဖြစ်၍ ဖျိုင်းကို မယုံပေ။ ပုစွန်လုံးက "အဆွေဖျိုင်း . . . ကျွန်ုပ်ကိုလည်း ဆောင်ယူပါလော့၊ သို့ရာတွင် ကျွန်ုပ်မှာ အခွံဖြင့် ဖုံးအုပ်သော ကိုယ်ရှိ၍ သင့်နှုတ်သီးဖြင့်ယူသော် မမြဲနိုင်ရှိချေမည်၊ ထို့ကြောင့် ကျွန်ုပ်၏လက်မဖြင့် သင်၏လည်ကို ခိုညှပ်၍ လိုက်ပါရစေ"ဟု ခွင့်တောင်းသည်။ ဖျိုင်းသည် ပုစွန်လုံး၏ အကြံအစည်ကို မရိပ်စားမိသဖြင့် သဘောတူ ခွင့်ပြုလိုက်သည်။ ထို့နောက် ဖျိုင်းသည် ပုစွန်လုံးကို သယ်ယူ၍ ရေအိုင်ကို ပြရုံသာပြကာ ရေခံတက် ပင်ပေါ်သို့ ယူလာခဲ့၏။

ဤတွင် ပုစွန်လုံးက "အဆွေဖျိုင်း . . . အဘယ့်ကြောင့် ဤနေရာသို့ သယ်ဆောင်လာသနည်း"ဟု ဆိုရာ ဖျိုင်းက "ရေခံတက်ပင်ရင်း၌ရှိသော ငါးရိုးများကိုကြည့်လော့၊ ငါသည် ငါးများကို စားခဲ့သကဲ့သို့ သင့်ကိုလည်း စားအံ့"ဟု ပြန်ပြောလေသည်။ ပုစွန်လုံးက "ငါးများသည် သတိပညာမဲ့ကြ၍သာ သင် စားခဲ့ရသည်၊ ငါ့ကိုကား စားခွင့်ရလိမ့်မည်မဟုတ်၊ သင့်ကိုပင်လျှင် ပျက်စီးခြင်းသို့ ရောက်စေအံ့" ဟု ဆို၍ ဖျိုင်း၏ လည်ပင်းကို လက်မဖြင့် တင်းတင်း ညှပ်ထား၏။ ဖျိုင်းသည် နာကျင်လွန်းသဖြင့် "အရှင် . . . သင့်ကို မစားတော့ပါ၊ ငါ့အား အသက်ချမ်းသာခွင့် ပေးပါ"ဟု ဆိုသည်။

ထိုအခါ ပုစွန်လုံးက "ငါ့အား အိုင်ထဲသို့ ပြန်လွှတ်ပေးလော့"ဟု ပြောသဖြင့် ဖျိုင်းသည် ရေအိုင်သို့ ပျံပြီးလျှင် ပုစွန်လုံးကို ရေစပ်၌ ချပေးသည်။ ပုစွန်လုံးသည် ဤဖျိုင်းစဉ်းလဲကို ငါချမ်းသာပေးသော် သူသည် ဤနည်းဖြင့် တစ်ပါးသော အိုင်မှ ငါးတို့ကို သတ်စားရာ၏ဟု တွေးလျက် ကြာရိုးကို ကတ်ကြေးဖြင့် ဖြတ်သကဲ့သို့ ဖျိုင်း၏လည်ပင်းကို လက်မဖြင့် တိခနဲ ညှပ်လိုက်ရာ စဉ်းလဲသောဖျိုင်းမှာ ဦးခေါင်းပြတ်ကာ သေဆုံးသွားလေတော့သည်။

## သင်ခန်းစာ (၃၉)
## အဘိဓမ္မာအခါတော်နေ့



ဗုဒ္ဓဘာသာ မြန်မာတို့သည် သီတင်းကျွတ်လပြည့်နေ့ကို "အဘိဓမ္မာအခါတော်နေ့"ဟု ခေါ်ကြသည်။ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ခုနစ်ဝါမြောက်ဖြစ်သော မဟာသက္ကရာဇ် ၁၀၉ ခုနှစ်တွင် တာဝတိံသာနတ်ပြည်၊ ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်၌ မွေးကျေးဇူးဆပ်သည့်အနေဖြင့် မယ်တော်ဖြစ်ခဲ့ဖူးသည့် သန္တုသိတနတ်သား အမှူးရှိသော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို အကျယ်နည်းဖြင့် ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့သည်။

မြတ်စွာဘုရားသည် အဘိဓမ္မာတရား ဟောကြားနေစဉ် နတ်တို့၏ အာဟာရကို မဘုဉ်းပေးဘဲ လူတို့၏ အာဟာရကိုပင် ဘုဉ်းပေးတော်မူသည်။ နေ့စဉ် ဆွမ်းခံချိန်ရောက်လျှင် မြတ်စွာဘုရားရှင်သည် မိမိကိုယ်စား ဆက်လက်ဟောတော်မူရန် နိမ္မိတရုပ်ပွားတော် တစ်ဆူကို ဖန်ဆင်းထားခဲ့ပြီး မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူ၏။ ထို့နောက် အနောတတ်အိုင်အနီးတွင် ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် နေ့ခင်းအချိန်၌ စန္ဒကူးတောသို့ ကြွရောက်သီတင်းသုံးတော်မူသည်။

ထိုအချိန်တွင် အရှင်သာရိပုတ္တရာမထေရ်သည် ဘုရားရှင်ထံ ချဉ်းကပ်၍ ဝတ်ကြီးဝတ်ငယ်ပြုတော်မူသည်။ မြတ်စွာဘုရားရှင်သည် နတ်ပြည်၌ ဟောကြားခဲ့သော အဘိဓမ္မာဒေသနာတော်ကို အရှင်သာရိပုတ္တရာမထေရ်အား အကျဉ်းမျှ ပြန်လည်ဟောကြားတော်မူ၏။ အရှင်သာရိပုတ္တရာ မထေရ်

သည် အဘိဓမ္မာဒေသနာတော်ကို အကျယ်ချဲ့၍ သိမြင်တော်မူသည်။ အရှင်သာရိပုတ္တရာ မထေရ်သည် ဘုရားရှင်ထံမှ ကြားနာခဲ့ရသော အဘိဓမ္မာဒေသနာတော်ကို မိမိ၏ တပည့်ရဟန်း ၅၀၀ တို့အား မကျဉ်းမကျယ် ပြန်လည် ဟောကြားတော်မူသည်။

မြတ်စွာဘုရားက နတ်ဗြဟ္မာအပေါင်းတို့နှင့် အရှင်သာရိပုတ္တရာကို ဟောတော်မူခြင်း၊ အရှင်သာရိပုတ္တရာက တပည့်ရဟန်း ၅၀၀ တို့အား အဘိဓမ္မာတရား ဟောကြားတော်မူခြင်းတို့သည် သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံးခြင်းသို့ ရောက်လေသည်။ ထို့ကြောင့် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ကြခြင်း ဖြစ်၏။ ထို့ပြင် သီတင်းကျွတ်လပြည့်နေ့သည် ရဟန်းသံဃာတော်များ ဝါတွင်းသုံးလပတ်လုံး ခရီးမသွားဘဲ မိမိကျောင်းတိုက်အတွင်း၌ ဝါဆိုဝါကပ်၍ နေတော်မူခြင်း ပြီးမြောက်သောနေ့လည်း ဖြစ်သည်။ ရဟန်းသံဃာတော်များ အချင်းချင်း အပြစ်ရှိက ထောက်ပြပြောဆိုကြရန် တောင်းပန်ကြသည့် မဟာပဝါရဏာနေ့လည်း ဖြစ်သည်။

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားပြီး လူ့တို့နေရာ သင်္ကဿနဂိုရ်ပြည်သို့ သီတင်းကျွတ်လပြည့်နေ့ညတွင် နတ်ဗြဟ္မာအပေါင်း ခြံရံလျက် ပြန်လည် ဆင်းသက်တော်မူလာသည်။ ထိုသို့ဆင်းသက်တော်မူရာတွင် နတ်ပရိသတ်တို့က လက်ယာဘက် ရွှေစောင်းတန်း၊ ဗြဟ္မာပရိသတ်တို့က လက်ဝဲဘက်ငွေစောင်းတန်း၊ မြတ်စွာဘုရားရှင်က အလယ်ပတ္တမြားစောင်းတန်းဖြင့် ကြွချီတော်မူလာသည်။

မြတ်စွာဘုရားရှင် လူ့ပြည်သို့ ပြန်လည်သက်ဆင်းသည့်အချိန်တွင် ဆီမီးရောင် အစုံစုံတို့ဖြင့် ထူးထူးကဲကဲ ကြိုဆိုပူဇော်ကြသည်။ ထိုအချိန်မှစ၍ ယနေ့တိုင်အောင် ဗုဒ္ဓဘာသာဝင်တို့သည် သီတင်းကျွတ်လပြည့်နေ့တိုင်း မြတ်စွာဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်ကြသည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ကလည်း သီတင်းကျွတ်လပြည့်နေ့ (သို့မဟုတ်) အဘိဓမ္မာအခါတော်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် အစဉ်အဆက် သတ်မှတ်လာခဲ့ကြပြီး မိဘ၊ ဘိုးဘွား၊ ဆရာသမားတို့အား ပူဇော်ကန်တော့ခြင်း၊ အပြစ်ရှိက ဝန်ချတောင်းပန်ခြင်း၊ မြတ်စွာဘုရားရှင်အား ဆီမီးပူဇော်ခြင်း၊ ပရိတ်၊ ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းစသော ကောင်းမှုမင်္ဂလာ အဖြာဖြာတို့ကို ပြုလုပ်လေ့ရှိကြသည်။

## အဘိဓမ္မာအခါတော်နေ့အကြောင်း
## လျှောက်တင်သံ

၁။ ခုနစ်ဝါမြောက်၊ ဘုန်းတောက်လျှံဝေ၊
ကရုဏာပွား၊ မြတ်ဖျားစိတ်ေ့၊
သတ္တဝါများ၊ သနားငဲ့ပေ၊
ဝတိံနန်း၊ ကြွမြန်းလာခဲ့ချေ။

၂။ မြင်းမိုရ်မြင့်နန်း၊ တင့်ဆန်းပြည်သာ၊
မြရိပ်ဝါဝင်း၊ သာခင်းတည်စွာ၊
ကသစ်ပင်ရင်း၊ စီခင်းနေရာ၊
ကျောက်ဖျာထက်၊ စံလျက်တည်သောအခါ။

၃။ မယ်တော်နတ်မျိုး၊ မြတ်ဦးထင်စွာ၊
နတ်ဗြဟ္မာပေါင်း၊ ခ,ညောင်းယူနာ၊
သုံးလဝါတွင်း၊ ရှင်ရင်းမိန့်ရာ၊
မြတ်ဓမ္မ၊ သတ္တ ဘိဓမ္မာ။

၄။ နောင်တွင်မပျက်၊ အဆက်တည်ရာ၊
နိမ္မိတပွား၊ ဘုရား ကြွလာ၊
လက်ျာရံဘိ၊ သာရိပုတ္တာ၊
တစ်ဆင့်ဟော၊ မြင့်မော ဘိဓမ္မာ။

၅။ လူ့ပြည်လူသား၊ နာကြားစေရာ၊
ရှင်တော်ညွှန်းပြ၊ ခွန်းဟမြွက်သာ၊
ပညာခေါင်ထိ၊ သာရိပုတ္တာ၊
လယ်အလတ်၊ မိန့်အပ် ဘိဓမ္မာ။

၆။ လင်းနို့ဖြစ်ဖူး၊ သစ်ထူးဂုဏ်ရည်၊
ငါးရာရဟန်း၊ နာခန်းကြုံပြီ၊
ကျူးရင့်သံလွတ်၊ ဝါကျွတ်အမီ၊
ပြီးအဆုံးနိဂုံးပြိုင်ခဲ့သည်။

၇။ သို့လျှင် နေ့ထူး၊ ကြုံဖူးလေရာ၊
ဘိဓမ္မာနေ့၊ မှတ်လေ့အခါ၊
ညီညာပေါင်းစု၊ ကောင်းမှုကြည်သာ၊
သံပြိုင်လွတ်၊ ဆိုရွတ် ဘိဓမ္မာ။

(မင်းကွန်းတိပိဋက ဆရာတော်)




## ““အဘိဓမ္မာအခါတော်””

အဘိဓမ္မာဒေသနာ
ဘုရားမြတ်စွာ ဟောပေရာ
တာဝတိံသာ နတ်ပြည်မှာ။
တပြိုင်တည်းမှာ ဟောဖော်ကြား
သာရိပုတ္တရာမထေရ်အား
တဆင့်နာကြား သူငါများ။
သီတင်းကျွတ်ည လပြည့်ခါ
တရားမြတ်ကို ဟောပြီးရာ
သက်ဆင်းကြွမြန်း လူ့ပြည်ရွာ။
ပူဇော်ဖြာဖြာ မြတ်ဆီမီး
စောင်းတန်းသွယ်မှာ ရှုမငြီး
အဘိဓမ္မာ အခါတော်ကြီး။ ။

# သင်ခန်းစာ (၄၀)
## ကထိန်ပွဲ



အကျိုးပေး မြဲမြံခိုင်ခံ့သော အလှူ၊ ဘုရားအစရှိသော ပညာရှိတို့က ချီးကျူးသော အလှူမျိုးကို ကထိန်ဟု ခေါ်သည်။ မြတ်စွာဘုရားရှင်သည် ရဟန်းတော်များအား ကထိန်ခင်းရန် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လ ခွင့်ပြုတော်မူခဲ့သည်။

ဘဒ္ဒဝဂ္ဂီညီနောင် ရဟန်းတော်အပါး ၃၀ ကို အကြောင်းပြု၍ ကထိန် စတင်ဖြစ်ပေါ်ခဲ့သည်။ ထိုရဟန်းတို့သည် ဝါကျွတ်သောအခါ မြတ်စွာဘုရားကို ဖူးမြော်ရန် ပါဝါမြို့မှ မြတ်စွာဘုရားသီတင်းသုံးနေတော်မူရာ သာဝတ္ထိမြို့သို့ လာခဲ့ကြ၏။ လမ်းခရီးတွင် လေကြီး၊ မိုးကြီး မိခဲ့ကြ၍ သင်္ကန်းများ မိုးရေစိုရွှဲပြီး ရွှံ့ညွှန်များဖြင့် ပေကျံလျက် မြတ်စွာဘုရားကို ဝင်ရောက် ဖူးမြော်ကြသည်။ မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့ကို အကြောင်းပြု၍ ပထမ (ပုရိမ) ဝါမှ ထွက်ကြသော ရဟန်းတော်များကို သင်္ကန်းသစ်ရရှိရန် ကထိန်ခင်းခွင့်ပြုတော်မူခဲ့သည်။

ထိုအချိန်မှစ၍ ဗုဒ္ဓဘာသာဝင်များသည် နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှ တန်ဆောင်မုန်းလပြည့်အထိ တစ်လအတွင်း ကထိန်သင်္ကန်း ကပ်လှူပွဲများကို ကျင်းပပြုလုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ကထိန်ပွဲတော်များကို မြို့ရွာအနှံ့အပြား၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ထိုသို့ကျင်းပရာတွင် ကထိန်သင်္ကန်းအပြင် ကထိန်အရံပစ္စည်းများကိုလည်း ပဒေသာပင်များ ဖန်းတီး၍

လှူဒါန်းကြသည်။ ထို့နောက် ပဒေသာပင်များကို မြို့ရွာအတွင်း ဆိုင်းသံ ဗုံသံ တညံညံဖြင့် စည်ကား သိုက်မြိုက်စွာ လှည့်လည်၍ ကထိန်ပွဲ ကျင်းပမည့် ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်လှူဒါန်း ကြသည်။ လှူဒါန်းပြီးသောအခါ သံဃာတော်များထံမှ ကထိန်တရား နာယူ၍ လှူဒါန်းမှု အစုစုတို့ကို ရေစက်သွန်းချ အမျှအတန်း ပေးဝေကြသည်။

အလှူရှင်များ လှူဒါန်းပြီးသော ကထိန်သင်္ကန်းကို သံဃာတော်များက ဝိနည်းစည်းကမ်း အတိုင်း ကထိန်ခင်းခြင်းကိစ္စကို ဆက်လက်ဆောင်ရွက်ကြသည်။ ကထိန်ခင်းသော ရဟန်းတော်များမှာ အကျိုးငါးပါးကို ရရှိတော်မူကြသည်။ ထိုအကျိုးငါးပါးမှာ . . .

၁။ အခြားရဟန်းတစ်ပါးပါးကို မပန်ကြားဘဲ မြို့ရွာအတွင်းသို့ သွားနိုင်ခြင်း။

၂။ "မိမိအနီးမှာ ထားလျက် အသုံးပြုမည်"ဟု အဓိဋ္ဌာန်ပြုထားသော သင်္ကန်းသုံးထည်ကို မယူဘဲ မြို့ရွာအတွင်းသို့ လွတ်လပ်စွာ သွားလာနိုင်ခြင်း။

၃။ "ထမင်းစားလာခဲ့ပါ"စသည်ဖြင့် မသင့်လျော်သော ပင့်ဖိတ်နည်းဖြင့် ဆွမ်းစားပင့်သော်လည်း ဘုဉ်းပေးနိုင်ခြင်း။

၄။ "မိမိအနီးမှာ ထားလျက် အသုံးပြုမည်"ဟု အဓိဋ္ဌာန်လည်းမပြု၊ "မိမိအသုံးမပြုတော့"ဟု ဝိကပ္ပနာလည်း မပြုသော သင်္ကန်းကို အလိုရှိတိုင်း သိမ်းထားနိုင်ခြင်း။

၅။ ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း၌ ဖြစ်ပေါ်လာသော သင်္ကန်းများကို ကထိန်ခင်းသော ရဟန်းများသာ သုံးစွဲခွင့် ရရှိခြင်းတို့ ဖြစ်သည်။

ကထိန်ခင်းသော ရဟန်းတော်များသည် အထက်ပါ အကျိုးငါးပါးကို သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှ တပေါင်းလပြည့်နေ့အထိ ငါးလ ရရှိတော်မူကြသည်။ ရဟန်းတော်များကဲ့သို့ ကထိန် သင်္ကန်းအလှူရှင်များလည်း အကျိုးခြောက်ပါး ရရှိနိုင်သည်ဟု ရှေးပညာရှင်များက ဆိုကြသည်။ ထိုအကျိုးခြောက်ပါးမှာ. . .

(၁) သွားလေရာအရပ်တို့၌ အနှောင့်အယှက်မရှိ ဘေးကင်းစွာ သွားရခြင်း။

(၂) မိမိပိုင်ပစ္စည်းများကို ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း။

(၃) စားကောင်းသောက်ဖွယ် အထူးပေါများ၍ အစားအတွက် ဘေးမဖြစ်နိုင်၊ အစာအဆိပ် မသင့်နိုင်ခြင်း။

(၄) မိမိပိုင်ပစ္စည်းများကို ကာလကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးပါးနိုင်ခြင်း။

(၅) စီးပွားရှာရာတွင် လွယ်ကူခြင်း။

(၆) ရုပ်ရည်အဆင်း လှပခြင်းတို့ ဖြစ်သည်။

ထိုကဲ့သို့ ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များအတွက်ပါ အကျိုးများသော ကထိန်အလှူပွဲကို ပကာ သနမဖက် ဖြူစင်သော စေတနာသက်သက်ဖြင့် ကျင်းပပြီး ကုသိုလ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အကျိုး အမြတ်များ ပို၍ ထွန်းကားလာစေရန် ဗုဒ္ဓဘာသာဝင်အားလုံး ကြိုးစားဆောင်ရွက် သင့်ကြပေသည်။

## ကထိန်ပွဲ

သာယာတဲ့ကောင်းကင် ကြည်ပြာပြာ
ဆီမီးမြိုင်မြိုင် အရောင်စုံဖြာ
တန်ဆောင်မုန်း ရာသီအခါ
ရွှင်ပျော်ပျော် ပြုံးကာ ကြည်လင်စွာ
ပီတိဝေဖြာ စိတ်နှလုံးသာ ကြည်နူးမင်္ဂလာအခါ
မြန်မာ့ဓလေ့ ကုသိုလ် သဒ္ဓါပိုပို
လှူဖွယ်စုံစုံ ဗုဒ္ဓဘာသာရဲ့ ထူးခြားတဲ့အလှူ
ကထိန်ရာသီကထိန်ပွဲ နွှဲကြပါစို့ကွယ်။



# အိမ်ပြန်မယ်

ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... ဘုရားဝတ်ပြုကြစို့ကွယ် ... ။
ဘုန်းဘုန်း (ဆရာလေး) ကိုလည်း ကန်တော့မယ် ... ။
ဆရာမကိုလည်း ကန်တော့မယ် ... နှုတ်ဆက်ကြစို့ကွယ် ...။
ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... ပစ္စည်းတွေလည်း သိမ်းစို့ကွယ် ... ။
ဟိုဟိုဒီဒီလည်း မသွားဘူးကွယ် ... ရန်လည်းမဖြစ်ဘူးကွယ် ... ။
အိမ်ကို အရောက်ပြန်မယ် ... ။
ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... သူငယ်ချင်းတွေလည်း နှုတ်ဆက်မယ် ... ။
ကျောင်းလည်း မပျက်ဘူးကွယ် ... နောက်တစ်ပတ်တွေ့ကြမယ် ... ။
တာ့တာ တာ့တာကွယ် ... အို ... တာ့တာ တာ့တာကွယ် ...။ ။



ဓမ္မစကူးလ်ဖောင်ဒေးရှင်း